
တက္ကသိုလ်

# နေဝင်းအောင်

# သစ်သားဓား






ထုတ်ဝေသူ
ဦးစိန်လေး
ဆန်းထွန်းစာပေ (၀၈၇၈)
၆၇၉၊ သန္တာ (၁၄) လမ်း၊
(င) ရပ်ကွက်၊ မြောက်ဥက္ကလ


ပုံနှိပ်သူ
ဦးရွှေစိုး
သမီးနှင့်သားပုံနှိပ်တိုက်(၃၀
၄၀၊ ဝတ်ကျောင်းလမ်း၊ ရေ



အကြိမ် ....ပထမအကြိမ်
အုပ်ရေ ... ၁၁၀၀၀
ထုတ်ဝေသည့်
ကာလ ....၁၉၈၅-ခု
ဇန္နဝါရီလ
တန်ဖိုး ....၂၅/-
မျက်နှာဖုံးပန်းချီ....ငြိမ်းအောင်
မျက်နှာဖုံးရိုက်....သမီးနှင့်သား
ပုံနှိပ်တိုက်။

စာမူကြိုတင်ခွင့်ပြုချက်အမှတ် (၁၃၆၇)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၄၀၁)





တက္ကသိုလ်

# နေဝင်းအောင်

## သစ်သားဓား

မူရင်းဝတ္ထု - မုတိုး

မူရင်းစာရေးဆရာ — ဝမ်အင်

အသစ်စက်စက်

သိုင်းဘာသာပြန် လုံးချင်းဝတ္ထု

## စာရေးဆရာ တက္ကသိုလ်နေဝင်းအောင်၏

ထုတ်ဝေပြီးသော စာအုပ်များ....

၁။ ပုလဲဝိညာဉ်ခေါးပုံ (မိုးကျော်သူနှင့်ပူးတွဲပြန်ဆိုသည်။)

၂။ သံမဏိယပ်တောင် (စာစဉ် ၁)

၃။ နှစ်တထောင်မီးလျှံမျှော်ခေါး (စာစဉ် ၂-ဇာတ်သိမ်း)

**ယခုလ**

၄။ သစ်သားခေါး (လုံးချင်း)

**ဆက်၍**

၅။ မရဏ သံလက်ဝါးနှင့် ခြေစကြာသိုင်းသမား (လုံးချင်း)

ခွင့်ပြုချက် (၁၅၆၀) (၁၀-၀၂-၁၉၈၄)

## လိုက်လိုက်လှဲလှဲ

ကျွန်တော်၏ ပထမဆုံး ကလောင်စွမ်း ဖြစ်သော ‘ပုလဲဝိညာဉ်ခေါးပုံ’ မိုးကျော်သူနှင့်ပူးတွဲ၍ ပြန်ဆိုသည်။) ကို စာဖတ် ပရိသတ်များ တခဲနက် အားပေး ဖတ်ရှုကြ၍ ဝမ်းမြောက် ဝမ်းသာ ဖြစ်မိပါသည်။

တဖန် ဒုတိယ ကလောင်စွမ်း ဖြစ်သော သံမဏိယပ်တောင် စာစဉ် (၂ အုပ်တွဲ)ကို မရရအောင် ရှာဖွေဖတ်ရှုကြကြောင်း ကြားသိရ၍ ဝမ်းသာ ဂုဏ်ယူမိပါသည်။ လိုက်လိုက်လှဲလှဲ ကျေးဇူးတင်အပ်ပါသည်။

စာဖတ်ပရိသတ်၏ စေတနာကို တုန့်ပြန်သော အားဖြင့် ယခု ‘သစ်သားခေါး’ ဝတ္ထုကို စိတ်ကြိုက် ဘာသာပြန် ထုတ်ဝေလိုက်ပါသည်။

ဝေဖန် အကြံဉာဏ်များ ပေးမည် ဆိုပါက ကြိုတင် ကျေးဇူးတင်လျက်....

ဆန္ဒမွန်ဖြင့်....
**တက္ကသိုလ်နေဝင်းအောင်**

## လေးစားစွာ မေတ္တာရပ်ခံလိုပါသည်

ကျွန်တော်သည် ကျွန်တော်ကိုယ်တိုင် ဘာသာပြန် ရေးသားသော ဝတ္ထုများကို စာဖတ်သူအလိုကျ တလလျှင် တအုပ်နှုန်း မထုတ်ဝေနိုင်ခဲ့သည်ကို ခွင့်လွှတ်စေလိုပါသည်။

ယခုစာအုပ်မှစ၍ နောင်ကို တတ်နိုင်သမျှ တလလျှင် တအုပ်နှုန်း မှန်တန်း ထုတ်ဝေသွားမည် ဖြစ်ကြောင်းကြိုတင် သတင်းကောင်း ပါးအပ်ပါသည်။

အကယ်၍ ကျွန်တော်၏ စာအုပ်တွင် စာဖတ်သူအနေနှင့် အဓိပ္ပာယ်ကောက် လွဲလျှင်သော်လည်းကောင်း၊ မကြိုက်နှစ်သက်ပါဟု ပြောလျှင် သော်လည်းကောင်း ကျွန်တော်၏ ညံ့ဖျင်းမှုကြောင့်သာ ဖြစ်ရပါသည်ဟု ကြိုတင် ဝန်ခံအပ်ပါသည်။

ဤအခါများတွင် စေတနာရှေ့ထား၍ ခွင့်လွှတ်ပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည်။

စာရှုသူများ၏ မေတ္တာရိပ်တွင် ခိုလှုံလျက်....

**တက္ကသိုလ်နေဝင်းအောင်**

အပိုင်း [ တစ် ]



# ထူးဆန်းသော ခရီးသည်

✲

## ( ၁ )

စွမ်းလုံခိုမြို့။

ရှန်ဟိုမြစ်ကမ်းနံဘေးတွင် တည်ရှိသော မြို့ကလေးဖြစ်သည်။ အချက်အချာကျသော မြို့ဖြစ်၍ စည်ကားသိုက်မြိုက်လှ၏။ ခရီးသွားတိုင်းလိုလိုသည် ဤမြို့ကို ဖြတ်သွားသည်နှင့် မဝင်သူဟူ၍ မရှိသလောက် ရှားပါးလှသည်။

စွမ်းလုံခိုမြို့၏ တမိုင်ခန့် ရှည်လျားသော လမ်းမကျယ်ကြီး၏ ဘေးတဘက်တချက်၌ လက်ဖက်ရည်ဆိုင်များ၊ တည်းခိုခန်းများနှင့် စားသောက်ဆိုင်များ ရှိသည်။

သုံးလပိုင်း၊ မွန်းလွဲအချိန်တွင် ဖြစ်၏။

နေရောင်ခြည်သည် ကျဲကျဲတောက်မျှ ပူပြင်းလျက် ရှိနေသည်။ တံလျှပ်များသည် လမ်းမပေါ်၌ ဝင်းလက်နေပြီး အပူငွေ့များ ရှိန်ရှိန်တက်နေ၏။

ရှည်လျားသောလမ်းမကြီး၏ လမ်းမတလျှောက်တွင် လူသူဟူ၍ တယောက်တလေမျှမရှိ။ပူပြင်းလွန်းသော နေရှိန်ကြောင့် မြို့သူမြို့သားများမှာ အပန်းဖြေနေကြသောကြောင့်ပင်....

ထို့ကြောင့် နံနက်ခင်း၊ ညနေခင်းနှင့် ညပိုင်းအချိန်တို့သည်သာ အရောင်းအဝယ် အစည်ကားဆုံး အချိန်ဖြစ်နေ၏။ထို့ပြင် သုံးလပိုင်း နွေဥတု၌သာ အရောင်းအဝယ်၊ အသွားအလာ အစည်ကားဆုံး ဖြစ်လေသည်။

တုန်အမျိုးအနွယ် ဆေးဆိုင်တဆိုင်သည် လမ်းမကြီးအရှေ့ဘက်၌ ဖွင့်လှစ်ထားသည်။

ထိုဆေးဆိုင်ပိုင်ရှင်မှာ တုံစွန်စန်း ဖြစ်သည်။

နေ့လည်၊ နေ့ခင်း အချိန်များတွင် သူက အိပ်စက် အနားယူနေလေ့ရှိသည်။

ထိုအချိန်မျိုး၌ သူ၏သမီး တုံရှီးကျူက ကူညီ ရောင်းချပေးလေ့ရှိလေသည်။

တုံစွန်စန်း၏ ဆေးဆိုင်၌ ဆေးနှင့် ဆေးလက်ဖက်ရည်ကြမ်းပါ ပူးတွဲ၍ ရောင်းချသဖြင့် လူသူပြတ်လတ်သည်ဟူ၍ မရှိ။

တုံစွန်စန်းမှာ စွမ်းလုံချိုမြို့၌ မွေးဖွားခဲ့သူ မဟုတ်ပေ။ဤမြို့တွင် အခြေချ၍ နေထိုင်လာခဲ့သည်မှာ ၁၅ နှစ်ခန့်မျှသာ ရှိသေးသည်။

တုံစွန်စန်းသည် ဆေးဝါးအကြောင်း ကျွမ်းကျင်စွာ နားလည်သည့်အပြင် သဘောကောင်းခြင်းကြောင့်လည်း တဖြည်းဖြည်း အခြေအနေ ကောင်းမွန်လာခဲ့၏။



ထို့ကြောင့် ယခုလို ဆေးဆိုင်ဖွင့်လှစ်နိုင်ခဲ့ခြင်းပင် ဖြစ်သည်။ ထို့ပြင် စွမ်းလုံချိုမြို့ကလေးတွင် ဆေးဆိုင်ဆို၍ ဆေးဆိုင်တဆိုင်တည်းသာ ရှိသဖြင့် အရောင်းအဝယ် အဆင်ပြေနေသည်။

တုံစွန်စန်း စွန်းလုံချိုမြို့ကလေးသို့ရောက်ရှိလာချိန်တွင် သူနှင့်အတူ သူ၏ အမျိုးသမီးလည်း ပါလာ၏။

တုံစွန်စန်းအား သူ၏ဇနီးအကြောင်း မေးမြန်းလျှင် ဘာမှ ပြန်မပြောပဲ ခေါင်းယမ်းပြလေ့သာရှိသည်။

ယခုအချိန်တွင်မူ တုံစွန်စန်းသည် အသက်အရွယ် ကြီးရင့်လာပြီဖြစ်၍ ဆံပင်များပင် ဖြူဖွေး၍နေပေပြီ။ သူ၏သမီးဖြစ်သူ တုံရှီးကျူမှာလည်း အသက် ၁၈ နှစ် တင်းတင်းရှိပြီ ဖြစ်၍ လှပချောမွေ့လာလေသည်။

ယခုအခါ တုံရှီးကျူသည် ဆိုင်ထဲတွင် မေးထောက်၍ ထိုင်ယင်း လမ်းမပေါ်သို့ လှမ်းမျှော်ကြည့်ရှုနေသည်။

သို့သော် လမ်းမပေါ်၌ မည်သူ့ကိုမျှ မတွေ့ရပါ။ နံနက်ပိုင်းတွင် မအားမလပ်ရအောင် အလုပ်များနေသလောက် ယခုအချိန်၌ မည်သည့်အလုပ်မှမရှိ၍ အိပ်ငိုက်လာလေသည်။

ထို့ပြင် ဤမြို့ကလေးသို့ ရောက်လာသူများသည် အုပ်စုလိုက်သာ လာလေ့ရှိ၏။ ထိုအချက်သည် စဉ်းစားစရာကောင်းသော အချက်တချက်ပင် ဖြစ်သည်။

ယခုနှစ်ပိုင်းထဲတွင် အခြေအနေ ငြိမ်သက်ခြင်း မရှိသဖြင့် ခရီးသွားများသည် အုပ်စုနှင့်သာ သွားလာ ရောင်းဝယ်နေကြသည်။ တကိုယ်တည်းသွားလာသူဟူ၍ မရှိသလောက်ပင်ရှားပါးလှ၏။

တုံးရှိုးကျူသည် စဉ်းစားနေရာမှ ဆတ်ကနဲ ဖြစ်သွား၏။ သူမ စဉ်းစားနေသည့် အချက်သည် မှားယွင်းနေပြီကို သိရှိလိုက်သည်။

*  *  *

( ၂ )

အဘယ့်ကြောင့်ဆိုသော်....

ယခုအချိန်၌ ခရီးသွားလူရွယ်တယောက်သည် လမ်းမကြီးအတိုင်း တယောက်တည်း လျှောက်လာနေပြီ ဖြစ်သောကြောင့်ပင်။

ထိုလူရွယ်သည်၊ ဖြူဖွေးတောင့်တင်းသည့်မြင်းကို ဟန်ကျပန်ကျ စီးနင်းလာနေသည်။ သို့သော်....ဖုံများ ပေကျံညစ်ပတ်နေသဖြင့် မြင်းကြီးမှာ အုန်းခွံနုရောင် ပေါက်နေ၏။

နေသည် ပူပြင်းလှသော်လည်း ထိုမြင်းဖြူကြီးသည် ခေါင်းကိုမော့၍ ခြေလှမ်းမှန်မှန်နှင့် လှမ်း၍လာနေသည်။

မြင်းဖြူကြီးပေါ်မှ လူရွယ်မှာမူ ပူပြင်းလှန်းသော နေရှိန်ကြောင့် ငင်ပန်းနွမ်းနယ်စွာဖြင့် လိုက်ပါလာသည်။

လူရွယ်တယောက်နှင့် မြင်းဖြူကြီးတကောင်သည်၊ စွမ်းလုံခိုမြို့ကလေးထဲသို့ ဝင်ရောက်လာပြီ ဖြစ်၏။



တုံဆေးဆိုင်း၏ရှေ့တွင် ပိတ်စကလေးတစကို ချိတ်ဆွဲထားသည်။ ထိုပိတ်စသည် လေထဲ၌တလူလူလွင့်နေသည်။ ထိုပိတ်စပေါ်၌....

ဆေးလက်ဖက်ရည်ကြမ်း
သောက်လိုက်ယင်၊ ချိမ့်မွှေးပြီး အမောပြေစေသည်။

မြင်းပေါ်မှ လူရွယ်သည် ထိုပိတ်စကို ဂရုပြုမိဟန် မတူ။ ထို့ကြောင့် တုံဆေးဆိုင် ရှေ့မှ ဖြတ်ကျော်လာခဲ့သည်။

စွမ်းလုံခိုမြို့ကလေးသို့ လာရောက်ကြသည့် ခရီးသွားတိုင်းလိုလိုသည် တုံဆေးဆိုင်၌ ဆေးလက်ဖက်ရည်ကြမ်းရောင်းသည်ကို သိရှိကြ၏။ ပြီး ငင်သောက်သွားလေ့ရှိကြသည်။

သို့သော် ထိုလူရွယ်သည် တုံဆေးဆိုင် ရှိမှန်း မသိခြင်းကိုထောက်လျှင် သူသည် စွမ်းလုံခိုမြို့ကလေးသို့ ပထမဆုံးအကြိမ်ရောက်ဖူးခြင်းသာဖြစ်လိမ့်မည်ဟု သူမက တွေးမိ၏။ ထို့ကြောင့် သူမက ဈေးသည်ပီပီ လက်လွှတ်မခံပဲ လှမ်း၍ ခေါ်လိုက်သည်။

'ဟေး....အစ်ကိုကြီး၊ အမောပြေသွားအောင် ဆေးလက်ဖက်ရည်ကြမ်း သောက်သွားပါဦးလား၊ တုံဆေးဆိုင်က ဆေးလက်ဖက်ရည်ကြမ်းကို မသောက်ဖူးယင် အစ်ကိုကြီး အနေနဲ့ စွမ်းလုံခိုမြို့ကို ရောက်ဖူးတယ်လို့ ဘယ်သူကမှ ယုံကြည်ကြမှာ မဟုတ်ဘူးရှင့်'

မြင်းဖြူကြီးပေါ်မှ လူရွယ်သည် တုံရှိုးကျူ၏ အသံကိုကြား၍ နောက်ဘက်သို့ရုတ်တရက်လှည့်ကြည့်လိုက်သည်။ ထို့နောက်

မြင်းပေါ်မှ အောက်သို့ ခုန်ဆင်းလိုက်လေသည်။ ထိုလူရွယ်သည် အေးဆေးသောအသွင်ဖြင့် ဆိုင်ထဲသို့ လှမ်းဝင်လာ၏။

တုံရှီးကျူသည် ထိုလူရွယ်ကိုကြည့်၍ တုန်လှုပ်ချောက်ချား သွားလေသည်။

သူမ၏ကျောတပြင်လုံး အေးစိမ့်၍သွားသည်ဟု ထင်မှတ်မိသည်။ အဘယ့်ကြောင့်ဆိုသော် သူမ၏ ဓာသက်တာ၌ ဤခရီးသည်မျိုးကို ယခုတကြိမ်သာ တွေ့ဖူးသောကြောင့်ပင်ဖြစ်သည်။

ခရီးသည်လူရွယ်သည် အသက်အစိတ်ခန့်သာ ရှိသေးသည်။ သူ၏ရင်အုံရှေ့မှ ကြယ်သီးသုံးလုံးကိုဖြုတ်၍ လှစ်ဟထားသဖြင့် တောင့်တင်းသော ရင်အုပ်ကိုမြင်နေရသည်။

ထို့ပြင် သူ၏ခါးကို သားရေပျော့ ခါးစည်းတခုဖြင့် စည်းနှောင်ထားပြီး ခါးတဘက်တချက်၌ ဓားကောက်တလက်စီ ချိတ်ဆွဲထားလေသည်။

ထိုလူရွယ်စီးထားသောဖိနပ်ပါး၏ ဘေးတဘက်တချက်စီ၌ ဓားမြှောင်တလက်စီကိုထိုး၍ ထားသေးသည်။

တုံရှီးကျူအဖို့ ဤခရီးသည်လူရွယ်မျိုးကို တခါမျှ မြင်ဖူးခြင်းမရှိသောကြောင့် ကျောချမ်းသွားမိခြင်းဖြစ်၏။

ခရီးသည်လူရွယ်သည် ဘာကိုမှဂရုမပြုပဲ မြင်းဇက်ကြိုးကိုဆိုင်ရှေ့မှ တန်းငယ်တခုပေါ်တွင်ချိတ်လိုက်၏။ ပြီးလျှင် ခြေလှမ်းကျဲကျဲနှင့် ဆိုင်ထဲသို့ဝင်လာလေသည်။

ထို့နောက် ရည်မွန်စွာဖြင့် လှမ်း၍ပြောလိုက်၏။

'ဆေးလက်ဖက်ရည်ကြမ်း တခွက်ပေးပါ'



လူရွယ်က အေးဆေး ရည်မွန်စွာ ဆက်ဆံပါသော်လည်း သူမက တုန်လှုပ်နေမိပေသည်။

ထို့ကြောင့် စိတ်ကိုထိန်း၍....

'ကောင်းပါပြီရှင်၊ ခဏလောက်ထိုင်ပါဦး၊ ကျွန်မ ယူပေးပါမယ်'

တုံဆေးဆိုင်မှ ဆေးလက်ဖက်ရည်ကြမ်းသည်လွန်စွာနာမည် ကျော်ကြားလှသည်။ အဘယ့်ကြောင့်ဆိုသော် ဆေးမြစ်တမျိုးဖြင့် အထူးစိမ်ထားသည့် ဆေးလက်ဖက်ရည်ကြမ်း ဖြစ်သောကြောင့်ပင်။

ရေနွေးကိုကျိုပြီး အဖုံးပါသောအိုးထဲတွင် ဆေးမြစ်နှင့်အတူ ထည့်၍ ရေတွင်းထဲ၌နှစ်ကာ စိမ်ထားခြင်းဖြစ်သည်။ သောက်လိုသူရှိသောအခါမှ ဆေးလက်ဖက်ရည်အိုးတို့ ထုတ်ယူ ပေးရလေသည်။

ထိုအကြောင်းကြောင့်လည်း နာမည် ကျော်ကြား ရခြင်းဖြစ်၏။

ခရီးသည်လူရွယ်သည် ဆေးလက်ဖက်ရည်ကြမ်းကို သောက်ကြည့်လေသည်။ သူသည် ဆေးလက်ဖက်ရည်ကြမ်းကို သဘောကျသွားပြီး အိတ်ထဲမှငွေကိုနှိုက်ယူ၍ လက်ထဲ၌ လှည့်ပစ် ကစားနေရာမှ မေးမြန်းလိုက်သည်။

'ဆေးလက်ဖက်ရည်ကြမ်းဖိုး ဘယ်လောက် ကျပါသလဲ....'

'တပြားကျပါတယ်ရှင်'

'နောက်ထပ် တခွက်လောက်ပေးပါဦး'

ထို့နောက် ခရီးသွားလူရွယ်သည် ကြေးပြားနှစ်ပြားကို တုံ့ရှိုးကျူအား လှမ်းပေးလိုက်သည်။

ဒုတိယမြောက် ဆေးလက်ဖက်ရည်ကြမ်းခွက်ကိုမူ ဖြည်းညင်းစွာ ဇိမ်ခံ၍ သောက်နေပေသည်။ ပြီးလျှင်တုံ့ရှိုးကျူဘက် မသိမသာလှည့်ပြီး၊ အေးစက်စွာမေးလိုက်သည်။

'ဒီမှာ...ခင်ဗျားက ဒီဇာတိကပဲလား'

တုံ့ရှိုးကျူသည် ငယ်စဉ်ကပင် လူပေါင်းစုံနှင့် ရောင်းဝယ်ဆက်ဆံဘူးသဖြင့် ရှက်ခြင်းမရှိပါ။ ထို့ပြင် သူမ၏ စိတ်ထဲ၌လည်း ထိတ်လန့်ကြောက်ရွံ့မှုပါ လျော့နည်းလာသည်။

ထို့ကြောင့် တုံ့ရှိုးကျူက လူရွယ်ဘက်လှည့်၍....

'ကျွန်မအနေနဲ့ စွမ်းလုံခိုမြို့မှာ အရောင်းအဝယ် လုပ်နေတာဟာ ဒီမြို့ဇာတိမို့လို့ပေါ့ရှင်'

လူရွယ်သည် လက်ဖက်ရည်ကြမ်းခွက်ကို စားပွဲပေါ်သို့ ငြင်သာစွာချလိုက်ပြီး....

'အင်း....စွမ်းလုံခိုမြို့ဟာ တချိန်တုန်းက အိမ်ခြေဆယ့်ငါးအိမ်လောက်ပဲရှိတဲ့ တံငါကျေးရွာတရွာဖြစ်တယ်လို့သိရတယ်၊ နောက်ပိုင်း ရှန်ဟိုမြစ်ပြောင်းလဲသွားတော့ တံငါရွာလေးဟာ တဖြည်းဖြည်းနဲ့စည်ကားလာတယ်၊ ဒါနဲ့ပဲ သည့်ပြင်ဒေသက လူတွေဟာ တံငါရွာကလေးကိုပြောင်းရွှေ့ပြီး အခြေစိုက် နေထိုင်လာကြတယ်၊ စွမ်းလုံခိုမြို့ရဲ့ လူဦးရေ ဆယ်ပုံကိုးပုံဟာ တနယ်ခြားက ပြောင်းရွှေ့လာကြတဲ့သူတွေ ဖြစ်တယ်လို့ကျွန်တော်သိရတယ်....'

တုံ့ရှိုးကျူက 'ခစ်....ခစ်....' ဟု ရယ်မောလိုက်ပြီး....



'အလို....ရှင်က ကျွန်မတို့ထက်တောင် ပိုပြီး သိနေပါလား။ ဟုတ်ပါတယ်။ ကျွန်မနဲ့ကျွန်မအဖေဟာ တခြားမြို့ကနေပြောင်းလာကြတာပါ။ ဒါပေမယ့် ဒီစွမ်းခိုလုံမြို့မှာ အခြေစိုက် နေထိုင်တာက ဆယ်နှစ်ကျော်ကျော်ကြာခဲ့ပါပြီ'

လူရွယ်က မျက်ခုံးပင့်၍ သူမကိုကြည့်လိုက်ပြီး....

'ဩော်....ဒါဆို ခင်ဗျားက ဒီမြို့မှာပဲ ကြီးပြင်းလာခဲ့သူပေါ့'

တုံ့ရှိုးကျူက ခေါင်းညိတ်၍....

'ဟုတ်ပါတယ်....'

လူရွယ်သည် အေးဆေးသောအမူအရာဖြင့် သူ၏ မေးစေ့ကို တချက်ပွတ်သပ်လိုက်ကာ....

'ဒါနဲ့ ခင်ဗျားရဲ့နာမည်ကော မသိရဘူးလား'

တုံ့ရှိုးကျူမျက်နှာ ကွက်ကနဲ ပျက်သွားသည်။ လူရွယ်၏ စကားသည် အဓိပ္ပာယ်တမျိုးကို ဆောင်နေပေသည်။ သူမ၏ ရင်ထဲ၌လည်း မသိမသာလှုပ်ခတ်သွားသည်။

သို့သော် သူမသည် ဣန္ဒြေမပျက်ပဲ တည်ကြည်စွာဖြင့် ပြန်လည်ပြောဆိုလိုက်၏။

'ဒီမှာ....ရှင့်အနေနဲ့ ဆေးလက်ဖက်ရည်ကြမ်း သောက်ပြီးတာနဲ့ ခရီးဆက်သွားယင်အကောင်းဆုံးပဲ။ ကျွန်မရဲ့အဖေ အိပ်ရာကနိုးလာယင် ရှင်လွယ်မှာမဟုတ်ဘူး။ ကျွန်မရဲ့အဖေဟာ သိပ်ပြီးစိတ်မြန်တယ်'

လူရွယ်က မဲ့ပြုံးတချက် ပြုံးလိုက်ပြီး....

'ဟဲဟဲ....ခင်ဗျားက ကျွန်တော့်ကို အထင်လွဲနေတာကိုး။ ကျွန်တော့်က ရိုးရိုးသားသား သိချင်လို့ မေးရတာပါ။ ပြီး

တော့ ကျွန်တော် သိချင်တာလေးတွေ ခင်ဗျားကို မေးပါရစေ'

လူရွယ်၏ စကားကြောင့် တုံရှီးကျူမှာ ဇဝေဇဝါ ဖြစ်သွားပြီး ငိုင်တွေတွေကလေးဖြင့်....

'ရှင်က ဘာများသိချင်လို့လဲ'

'ဪ....ကျွန်တော့်အနေနဲ့ ဒီစွမ်းလုံခိုမြို့မှာ ခေတ္တတည်းခိုနေချင်လို့ပါ'

တုံရှီးကျူက အံ့အားသင့်စွာ လူရွယ်ကို သေချာစွာကြည့်လိုက်ပြီးမှ ပြောလိုက်သည်။

'ရှင်က ဒီမြို့မှာ နေမလို့ ဟုတ်လား၊ ဒီမြို့မှာ ဘာအလုပ်များရှိလို့လဲဆိုတာ မသိရဘူးလား'

လူရွယ်သည် တချက်ပြုံးလိုက်ပြီး....

'လူတယောက်ကို ရှာမလို့ပါ။ ကျွန်တော်ရှာတဲ့လူက ဒီစွမ်းလုံခိုမြို့မှာနေတာ အနှစ်နှစ်ဆယ်လောက် ရှိပါပြီ'

တုံရှီးကျူက စိတ်ဝင်စားစွာဖြင့်....

'ရှင်ရှာမယ့်လူရဲ့ အမျိုးအနွယ်နဲ့ နာမည်ကိုကော သိရဲ့လား'

လူရွယ်သည် သက်ပြင်းတချက် ချလိုက်သည်။ လမ်းမပေါ်ကို ငေးစိုက်၍ ခဏကြာမျှ ကြည့်နေပြီးမှ....

'ကျွန်တော် အဲဒီလူရဲ့ အယင်နာမည်ကိုပဲ သိထားပါတယ်။ ဒါပေမယ့် အဲဒီလူဟာ စွမ်းလုံခိုမြို့မှာပဲ သူ့ရဲ့အမည်ကို ပြောင်းပစ်လိုက်မှာ သေချာတယ်။ နောက်ပြီးတော့ သူ့ရဲ့အလုပ်အကိုင်ကိုပါ ပြောင်းလိုက်ပါတယ်။ ဒီတော့ ခင်ဗျားလဲ သိမှာမဟုတ်ပါဘူး။ ဒါပေမယ့် ခင်ဗျားတို့ဆိုင်က လက်ဖက်ရည်ကြမ်းက မဆိုးပါဘူး'



လူရွယ်သည် ထိုင်ရာမှ ဆတ်ကနဲထပြီး ခြေလှမ်းကျဲကျဲနှင့် ဆိုင်ပြင်သို့ ထွက်သွားလေသည်။

တုံရှီးကျူသည် ထိုလူရွယ်၏ကျောပြင်ကို ငေးကြည့်မိရာမှ လှမ်းအော်ပြောလိုက်သည်။

'ကျွန်မတို့ဆိုင်က ဆေးလက်ဖက်ရည်ကြမ်းကို မကြာခဏ လာပြီး သုံးဆောင်နိုင်ပါတယ်ရှင်။ ကျွန်မရဲ့နာမည်က တုံရှီးကျူလို့ ခေါ်ပါတယ်'

ခရီးသွားလူရွယ်သည် တုံရှီးကျူကို လှည့်ပင်မကြည့်တော့။ သူ၏လက်ကို မြှောက်ပြလိုက်ပြီး မြင်းဖြူကြီးပေါ်သို့ ခုန်တက်၍ ထွက်ခွာသွားလေသည်။ တုံရှီးကျူမှာမူ ထိုလူရွယ် သူ၏ မြင်ကွင်းမှ ပျောက်ကွယ်သွားသည်အထိ ငေး၍ကြည့်နေမိပေသည်။

* * *

( ၂ )

အစည်ကားဆုံး နေရာ။

စွမ်းလုံခို၏ အစည်ကားဆုံး နေရာသည် လမ်းမရှည်ကြီး၏ ဗဟိုနေရာပင်ဖြစ်သည်။

မြင်းခွာသံသည် ခပ်မှန်မှန် ထွက်ပေါ်နေသည်။

ဆိုင်များထဲ၌ အိပ်ငိုက်နေကြသော ဆိုင်လုလင်များသည် လမ်းမပေါ်မှ မြင်းခွာသံကို ကြားလိုက်သည်နှင့် ချက်ချင်းပင်

ခေါင်းထောင်ထလိုက်ကြ၏။ ထို့နောက် ဆိုင်ပြင်သို့ ပြေးထွက်၍ ဧည့်သည်ကို ဆီးကြိုနေကြသည်။

သို့သော်....

သူတို့သည် လွန်စွာ အံ့ဩသွားမိကြသည်။

သို့နှင့် ဆိုင်လုလင်များသည် ဆိုင်ရှေ့မှ ဧည့်သည်ကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုရမည့်အစား သူတို့သည် နောက်သို့လှည့်၍ ထွက်ပြေးကြ၏။

အကြောင်းမှာ လမ်းမပေါ်မှ ခရီးသည်လူရွယ်၏ ပုံစံမျိုးကို သူတို့တကြိမ်မှ မကြုံဖူးကြသောကြောင့် ဖြစ်သည်။

စွမ်းလုံခိုမြို့သည် ခရီးသွားများကို အဓိကထား၍ အသက်မွေးဝမ်းကျောင်းပြုရသော မြို့ကလေးတမြို့ ဖြစ်၏။

ခရီးသည်လူရွယ်ကလည်း ထိုအချက်ကို သိရှိထားပုံရသည်။ လူရွယ်သည် အေးစက်စွာ ပြုံးလိုက်ပြီး ခရီးဆက်လာခဲ့ရာ စားသောက်ဆိုင်နှင့် တည်းခိုခန်းတခုရှေ့သို့ ရောက်ရှိလာခဲ့၏။

ဆိုင်၏အမည်မှာ တုံစန်းဟူ၍ ဖြစ်သည်။

သို့သော် ဆိုင်ထဲမှ မည်သူကမှ ထွက်၍ ကြိုဆိုခြင်းမရှိ။

လူရွယ်ကလည်း ထိုအချက်ကို ဂရုမပြုပေ။ ဆိုင်ရှေ့ရှိတန်း၌ မြင်းဇက်ကြိုးကို ချည်နှောင်လိုက်ပြီး ဆိုင်ထဲသို့ အပူအပင်ကင်းစွာ လှမ်းဝင်လိုက်သည်။

ဆိုင်ထဲရှိ ဆိုင်လုလင်များမှာ ထိုလူရွယ်ကို မြင်သည်နှင့်ပင် ထိတ်လန့်ကြောက်ရွံ့စွာ ဆိုင်ထောင့်၌ ကွယ်ကာ ပုန်းနေကြလေသည်။



သို့နှင့် ဆိုင်ရှင် ရင်းဆွတ်ဟိုင် ကိုယ်တိုင် ထွက်၍ ကြိုလိုက်သည်။ ရင်းဆွတ်ဟိုင်သည် ပါးနပ်သူဖြစ်သည်။ ထို့ပြင် သူသည် အသက်ငါးဆယ်ကျော် ရှိပြီဖြစ်၍ လူများ၏ အကြောင်းကို အတော်အသင့် နားလည်သူ ဖြစ်လေသည်။

သူ့တွင် ထင်မြင်ယူဆချက်တခု ရှိသည်။ ထိုယူဆချက်မှာ လူ့လောကကြီး၌ ရှိသူများသည် မွေးလာကတည်းကပင် ဆိုးသွမ်းသောဥာဉ် ကပ်ပါလာတတ်သည်မဟုတ် ဟူသော အချက်ပင် ဖြစ်လေသည်။

ထို့ကြောင့် တဘက်လူအား ကျိုးနွံစွာ ဆက်ဆံပါက အန္တရာယ်ပြုလိမ့်မည်မဟုတ်သည်ကိုပါ ကောင်းကောင်းသဘောပေါက်ထားပေသည်။

ရင်းဆွတ်ဟိုင်သည် ဖော်ရွေစွာ ပြုံးပြလိုက်ပြီး....

'ဆရာလေး....ဘာများ သုံးဆောင်ချင်ပါသလဲ'

လူရွယ်သည် ရင်းဆွတ်ဟိုင်ကိုကြည့်၍....

'ကျွန်တော် အခန်းတခန်းလိုချင်ပါတယ်'

ရင်းဆွတ်ဟိုင်သည် စိတ်အိုက်သွားဟန်ဖြင့်....

'ဆရာလေး....ခင်ဗျားရဲ့ မြင်းဖြူကြီးဟာ မြင်းကောင်းဖြစ်ပါတယ်။ ဒီမြင်းနဲ့သာသွားယင် နေမဝင်ခင်မှာ မြို့ကြီးကိုရောက်ပါလိမ့်မယ်။ အဲဒီမြို့ကြီးဟာ ကျွန်တော်တို့ မြို့ကြီးထက် အစစ ပြည့်စုံတယ်၊ ပြီးတော့ အဲဒီမြို့ကြီးက တည်းခိုခန်းတွေဟာ ကျွန်တော်တို့ တည်းခိုခန်းထက် အများကြီးကောင်းပါတယ်'

ရင်းဆွတ်ဟိုင်က အချိုသတ်၍ အေးဆေးသက်သာစွာ ပြော

လိုက်ခြင်းကို လူရွယ်က ရိပ်မိသည်။ ထို့ကြောင့် အေးစက်စွာ ပြုံးလိုက်ပြီးမှ....

'ကျွန်တော် ဒီက အခန်းတခန်းပဲ လိုချင်ပါတယ်'

ရင်းဆွတ်ဟိုင်သည် မသိမသာ သက်ပြင်းချလိုက်မိသည်။ ထို့နောက် တစုံတခု တွေးမိဟန်ဖြင့်....

'ဪ....ဆရာလေးက ဒီမှာ ခဏအနားယူမှာကိုး'

လူရွယ်သည် ခေါင်းကိုယမ်းခါပြလိုက်ပြီး ရင်းဆွတ်ဟိုင်ကို ခပ်စိန်းစိန်းတချက်စိုက်ကြည့်လိုက်ပြီး....

'ကျွန်တော် ဒီမြို့မှာ အနည်းဆုံး လေး-ငါးလလောက် နေမလို့ဗျ'

ထို့နောက်လူရွယ်သည် ဆိုင်လုလင်ကိုလက်ယပ်၍ လှမ်းခေါ်လိုက်ကာ....

'ဒီမှာ ချာတိတ်။ ငါ့မြင်းကို ပြုစုပေးပါ၊ ပြီးတော့ အကောင်းဆုံးအစာလဲ ကျွေးထားလိုက်၊ ကျသင့်တဲ့ငွေကို ငါပေးမယ်'

ဆိုင်လုလင်လေးက ခေါင်းညိတ်၍....

'ဟုတ်ကဲ့ ဆရာ....စိတ်ချပါ'

ချက်ချင်းပင် ဆိုင်လုလင်လေးသည် ချာကနဲလှည့်၍ထွက်ခွာသွားသည်။ ထိုစဉ်မှာပင် ရင်းဆွတ်ဟိုင်သည့် စုတ်တံ၊ စာရေးစက္ကူနှင့် မင်အိုးတို့ကို ယူဆောင်လာသည်။

ထို့နောက် လူရွယ်ကို မသိမသာအကဲခတ်လိုက်ပြီး....

'ဆရာလေး ဒီမှာတည်းခိုမယ်ဆိုယင်တော့ နာမည်လေးကို ပေးထားပါ'



ရင်းဆွက်ဟိုင်၏ တွေးဆချက်မှာ လူဆိုးမှန်လျှင် သူတို့၏ နာမည်ရင်းကို တည်းခိုစာရင်း၌ ရေးမှတ်ရန် ပြောလိုခြင်း မရှိကြ။ ဤနည်းဖြင့် လူဆိုးများကို သူ၏တည်းခိုခန်းမှ နှင်ထုတ်ပစ်နိုင်ခဲ့၏။

ထိုနည်းတူ သူ့ရှေ့မှ လူရွယ်သည် လူဆိုး ဟုတ် မဟုတ် သိချင်နေမိသည်။

သို့သော် ခရီးသွားလူရွယ်က ဣန္ဒြေမပျက်ပဲ....

'ရေးပါ'

ရင်းဆွတ်ဟိုင်သည် အံ့အားသင့်စွာဖြင့် စုတ်တံကို မင်ဖြင့် တို့ယူလိုက်ရလေသည်။

'ကျွန်တော့် နာမည်က ဖုကျန်းကျူး၊ ဟိုးပြည်နယ်သားဖြစ်တယ်၊ အသက် ၂၅ နှစ်၊ ဒါဆို ပြည့်စုံလောက်ပါပြီနော်'

ရင်းဆွတ်ဟိုင်က ဖုကျန်းကျူး ပြောသမျှ လိုက်လံရေးမှတ်နေရာမှ....

'ဆရာလေးက ဒီမြို့ကို ဘာကိစ္စနဲ့ လာတာလဲ'

ဖုကျန်းကျူးက သူ့လက်နှစ်ဘက်ကို ဖြည်းညင်းစွာ ပွတ်သပ်လိုက်ယင်း....

'မိတ်ဆွေတယောက်ကို လာရှာတာပါ'

ရင်းဆွတ်ဟိုင်က ခပ်တိုးတိုး လေသံဖြင့် သူ့ဘာသာသူ ရေရွတ်လိုက်မိသည်။

'ဪ....မိတ်ဆွေကို လာရှာတာကိုး'

ရင်းဆွတ်ဟိုင်သည် ရေးမှတ်နေရာမှ တွေးနေမိသည်။

'အင်း....သူ့မှာ ဓားကောက်နှစ်လက်နဲ့ ဓားမြှောင်နှစ်လက် ပါသွားပဲ၊ ဒါဆိုယင် သူ့ကိုယ်သူ ကာကွယ်ဖို့တော့ လုံလောက်ပါတယ်လေ'

လူရွယ်က မချိပြုံး ပြုံးလျက်....

'ဒီမြို့မှာတည်းခိုရတာ စိတ်ညစ်ဖို့တကယ်ကောင်းတယ်'

'ဟက် ဟက် ဟက်'

ရင်းဆွတ်ဟိုင်က သဘောကျစွာ ပြုံးလိုက် လေသည်။ ထို့နောက် ရင်းဆွတ်ဟိုင်က ရှင်းပြလိုက်သည်။

'ကျုပ်တို့မြို့က အချက်အချာကျတဲ့ ဆိပ်ကမ်းမြို့ကလေး ဖြစ်တယ်။ ဒီမြို့ကို ဝင်ထွက်သွားလာတဲ့သူတွေက သာမန်လူတွေ မဟုတ်ကြဘူး၊ ဘာမှတော့ စိုးရိမ်စရာမရှိပါဘူး။ တခါတလေ မြို့ထဲကို ဘုရင့်တပ်ဖွဲ့ ခဏတဖြုတ်လာစစ်ဆေးလေ့ ရှိပါတယ်။ ဒါကြောင့် ကျုပ်တို့ရဲ့ ဆိုင်ကလဲ စည်းစနစ်ကျကျ လုပ်ကိုင်နေရတာပေါ့။ ကဲ....အပေါ်ထပ်မှာ ဆရာလေးအတွက် အခန်း အဆင်သင့်ဖြစ်နေပါပြီ'

ဆိုင်ရှင် ရင်းဆွတ်ဟိုင်က အခန်းသော့ကို ဖုကျန်းကျူးအား ပေးလိုက်သည်။

ဖုကျန်းကျူးသည် စကားလုံးဝမပြောပဲ သော့ကို လှမ်းယူလိုက်၏။ ထို့နောက် အပေါ်ထပ်သို့ တက်လာခဲ့လေသည်။

ဖုကျန်းကျူးသည် သူ ရရှိသော အခန်းနံပါတ် ခုနစ်ကိုဖွင့်၍ ဝင်လိုက်၏။

မကြာမီ ဆိုင်အလုပ်သမားတယောက်က ဇလုံထဲ ရေထည့်၍ ယူလာပေးသည်။ ဖုကျန်းကျူးက မျက်နှာနှင့် ခြေလက်တို့ကို



ဆေးကြောလိုက်၏။ အေးစက်သောရေကြောင့် အတော်ကလေး လန်း၍သွားသည်။

ဖုကျန်းကျူးသည် ခုတင်ပေါ်သို့ လှဲချလိုက်သည်။

သူသည် အခန်းတံခါးကိုပိတ်ထားခြင်းမရှိပါ။ ဖုကျန်းကျူး သည် ထူးဆန်းသော လူရွယ်တယောက် ဖြစ်ပေတော့သည်။

ထိုစဉ်....။

* * *

( ၄ )

'ခစ်....ခစ်....ခစ်'

မိန်းကလေးတယောက်၏ ရယ်တရက်ရယ်မောသံကို ကြားလိုက်ရ၏။

ဖုကျန်းကျူးသည်လှဲနေရာမှထလိုက်မိသည်။ အသက် ၂၀ ခန့်ရှိသော အနီရောင်ဝတ်စုံနှင့် မိန်းကလေးတယောက်ကို တွေ့လိုက်ရသည်။

သူမ၏ညို့ဓာတ်ပါသော မျက်လုံးအစုံသည် ဝေ့ဝဲကြည့်ရှုနေပြီး၊ နှုတ်ခမ်းပါးလေးမှာလည်း ပြုံးယောင်ယောင်ပြု၍ နေသည်။ သူမသည် ဖုကျန်းကျူးကို ကြာမြင့်စွာစူးစိုက်ကြည့်နေပြီးမှ ခါးကို ယိမ်းနွဲ့၍ အခန်းထဲသို့ လှမ်းဝင်လာသည်။

ထို့နောက် သူမသည် ခြေထောက်ဖြင့် အခန်းတံခါးကို နောက်ပြန်ဆောင့်၍ ပိတ်လိုက်၏။

သူမသည် ထိုင်ခုံပေါ်၌ ထိုင်ချလိုက်ပြီး၊ ခြေတဘက်ကို ပေါင်ပေါ်တွင် ချိတ်၍တင်ကာ ထိုင်လိုက်၏။

ပူအိုက်သော နွေဥတုရာသီဖြစ်သဖြင့်၊ သူမ၏ ခန္ဓာကိုယ်ပေါ်မှ အဝတ်အစားများသည် ပါးလွှာလွန်းလှသည်။ ထို့ကြောင့် သူမ၏ ခန္ဓာကိုယ်တခုလုံးသည် တင်းတင်းရစ်ရစ်၊ ပေါ်လွင်နေပေသည်။

သူမက ပြုံး၍

'ရှင့်မျက်စိထဲမှာ ကျွန်မကို လှတယ်လို့မထင်ဘူးလား....'

သူမ၏ အသံသည်၊ မြောက်ပိုင်းပြည်နယ်မှလာသော မိန်းကလေးများ၏ အသံနှင့် တူလှသည်။

ဖုကျန်းကျူးက ခေါင်းတချက်ညိတ်လိုက်ပြီး....

'အင်း....မဆိုးပါဘူး၊ လှသားပဲ'

သူမက ဖုကျန်းကျူးကို စူးစူးရဲရဲကြည့်လိုက်ကာ....

'ဒီမှာ ရှင့်....ကျွန်မကို မနှစ်သက်ဘူးလား။ ကျွန်မနဲ့ကော အတူမနေချင်ဘူးလား။ ကျွန်မနဲ့အတူနေပြီး စကားပြောချင်တယ်ဆိုယင် ငွေဒင်္ဂါး တပြားပေးရမယ်။ ဒါမှမဟုတ် တလလုံး အတူနေချင်တယ်ဆိုယင်တော့ ငွေဒင်္ဂါး အပြားနှစ်ဆယ်ပဲ ပေးပါ။ ဒါပေမယ့် အစားအသောက်စရိတ်ကိုတော့ ရှင်ကပဲ အကုန်အကျခံရပါလိမ့်မယ်....'

ဖုကျန်းကျူးသည်။ သူ့ရှေ့မှ ရဲတင်းစွာဖိတ်ခေါ်နေသော မိန်းမလှလေးကို ငေးကြည့်နေမိရာမှ....

'ခင်ဗျားက ကျုပ်ကို ငွေများများသုံးနိုင်တဲ့ သဌေးလို့ထင်နေသလား'



အနီရောင်ဝတ်စုံနှင့် မိန်းကလေးက မသိမသာပြုံးလိုက်ပြီး....

'ဟွန်း....ရှင်က ကျွန်မကိုအတော့်ကို အထင်သေးတာကိုး ရှင်တို့လို ယောကျ်ားတွေကိုကျွန်မကြုံဖူးပေါင်းများပြီ၊ ငွေမရှိတဲ့ သူက သူ့ကိုယ်သူသဌေးဆိုပြီး ကျွန်မကိုလာလိမ်လို့ မရဘူးရှင့်၊ သဌေးကလည်း ဆင်းရဲသားယောင်ဆောင်လို့မရဘူးရှင့် ရှင် အခု စီးလာတဲ့ မြင်းနဲ့ ရှင့်ခါးကြားက ခါးကောက်နှစ်ဘက်ဟာ ငွေဒင်္ဂါး အပြားငါးဆယ်ကျော်ကျော်တန်ဖိုးရှိတယ်ဆိုတာ ကျွန်မ သိပါတယ်'

ဖုကျန်းကျူးက စိတ်ထဲမှကြိတ်၍ ချီးမွမ်းမိသည်။ ပျော်တော်ဆက်မိန်းကလေးတယောက်က ဤမျှအထိခန့်မှန်းနိုင်လိမ့်မည်ဟု သူမထင်မိ။ ထို့ကြောင့် ဖုကျန်းကျူးသည် သူမကို ငွေဒင်္ဂါးတပြားထုတ်၍ ပစ်ပေးလိုက်၏။

ထိုမိန်းကလေးက ဖုကျန်းကျူးပေးသော ငွေဒင်္ဂါးကိုဖမ်းယူလိုက်သည်။ ငွေဒင်္ဂါးကို လေနှင့်တချက်မှုတ်လိုက်ပြီး၊ သူမ၏ ရှေ့ဘက်ရှိ လျှို့ဝှက်အိတ်ကပ်ကလေးထဲ၌ ထည့်ထားလိုက်လေသည်။

ထို့နောက် ဖုကျန်းကျူးကိုပြုံး၍ကြည့်ယင်း....

'ကျွန်မ ထင်တာမလွဲပါဘူး၊ ရှင့်လိုလူမျိုးဟာ သဘောကောင်းမယ်ဆိုတာ သိပြီးသားပဲ၊ ညကျမှ ကျွန်မတို့ထပ်ပြီးတွေ့ကြတာပေါ့'

သူမက ပြောပြောဆိုဆိုထိုင်ရာမှထ၍၊ ထွက်ခွါရန်ပြင်လိုက်သဖြင့်၊ ဖုကျန်းကျူးက သူမ၏ ရှေ့မှနေ၍ တားဆီးလိုက်သည်။

သူမက၊ အေးဆေးသော အမူအရာဖြင့်....

'ကျွန်မနာမည် ရှောင်ကျွတ်ဖေ့ပါ။ အခန်းနံပါတ် တဆယ်မှာတည်းတယ်။ ရှင့်ကို လိမ်တာမဟုတ်ပါဘူးရှင်....'

ဖုကျန်းကျူးက ခေါင်းယမ်းခါပြလိုက်၏။ ဤသည်ကို ရှောင်ကျွတ်ဖေ့ကပြုံး၍ သူ့ကိုကြည့်လိုက်ပြီး....

'ဩော်....ရှင်က အခုပဲ ကျွန်မနဲ့အတူ စကားပြောချင်နေပြီလားရှင့်။ ဒါဆို နောက်ထပ် ငွေဒင်္ဂါးတပြားထပ်ပေးပါ့အံ့ဒီလိုဆိုယင်....'

ဖုကျန်းကျူးက ထပ်မံခေါင်းယမ်းပြလိုက်ပြီး သူ့ရှေ့မှ ထိုင်ခုံကို လက်ညှိုးညွှန်ပြ၍....

'ထိုင်ပါဦး....ရှောင်ကျွတ်ဖေ့....'

ရှောင်ကျွတ်ဖေ့သည် အံ့အားသင့်သောအမူအရာဖြင့် ထိုင်ခုံ၌ ပြန်လည်ထိုင်လိုက်သည်။ ထိုအခါမှ ဖုကျန်းကျူးက....

'ကဲ....စကားပြောကြရအောင်'

ရှောင်ကျွတ်ဖေ့က မသိမသာပြုံးလိုက်ပြီးလျှင်....

'ဘာများပြောချင်လို့လဲ။ ရှင်က ငွေဒင်္ဂါးတပြားအကုန်ခံပြီး စကားပြောမလို့လား'

'ဟုတ်တယ်။ ခင်ဗျားကိုပေးထားတဲ့ ငွေကိုလဲ၊ ကျုပ်ကပြန်မတောင်းပါဘူး....'

'ကောင်းပါပြီရှင်။ ဒါဆိုလဲ ပြောကြတာပေါ့။ ကျွန်မအဖို့ ဒီလောက်သက်သက်သာသာနဲ့ ငွေမျိုးတခါမှ မရဖူးဘူး'

ဖုကျန်းကျူးက ရှောင်ကျွတ်ဖေ့၏ စကားကိုမကြားချင်ဟန်ပြု၍....၊



'ရှောင်ကျွတ်ဖေ့၊ ခင်ဗျား ဒီတည်းခိုခန်းမှာ တည်းတာဘယ်လောက်ကြာပြီလဲ'

ရှောင်ကျွတ်ဖေ့က စဉ်းစားဟန်ပြုပြီးမှ....

'အင်း.... သုံးနှစ်လောက်တော့ ရှိပြီ'

ဖုကျန်းကျူးက ပြုံးရယ်လိုက်ပြီး....

'အင်း.... ဒီလိုဆိုယင် ခင်ဗျား တွေ့ကြုံဖူးတဲ့ ဧည့်သည်တွေကတော့ တော်တော်များများ ရှိမှာပေါ့'

ရှောင်ကျွတ်ဖေ့က မျက်စောင်းထိုး၍....

'ဟာ....ရှိတာပေါ့ရှင်။ ညဘက်တွေ့ပြီး မနက်ကျတော့ ထပြန်သွားကြတယ်။ ဒီတော့ ကျွန်မ ဘယ်လိုလုပ်ပြီး သေသေချာချာ မှတ်ထားနိုင်မှာလဲရှင့်'

ဖုကျန်းကျူးက တည်ငြိမ်စွာဖြင့်....

'ကျွန်တော်ပြောချင်တာက တခြားမြို့ကလူတွေ မဟုတ်ပါဘူး။ ဒီမြို့ထဲက ခင်ဗျားဆီကိုလာတဲ့ ဧည့်သည်တွေကို ပြောတာပါ....'

ရှောင်ကျွတ်ဖေ့သည်ဖုကျန်းကျူး၏စကားကြောင့် မျက်နှာမဲ့သွားပြီး ဒေါသသံဖြင့် ပြောလိုက်သည်။

'ဒီမှာရှင့် စကားကို အရမ်းမပြောပါနဲ့။ တကယ်လို့များ ဒီမြို့က ယောကျ်ားတွေ ကျွန်မဆီကိုလာယင် သူတို့ရဲ့မိန်းမတွေက ဘယ်လိုနေမလဲ။ ကျွန်မကိုအမှုန့်ချေပစ်ကြမှာပေါ့။ နောက်ပြီး ကျွန်မကို ဒီတည်းခိုခန်းမှာ တည်းခိုဖို့ ဘယ်သူကမှ လက်ခံကြမှာ မဟုတ်တော့ဘူး'

ဖုကျန်းကျူးသည် စိတ်ပျက်လက်ပျက်ဖြင့် သက်ပြင်းရှည်ကြီးကို ချလိုက်ပြီး....

'ဩော်....ဒီလိုလား'

ထို့နောက် သူ၏ခေါင်းကို တချက် ခါယမ်း၍....

'ရှောင်ကျွတ်ဖေ့၊ ကျွန်တော့်မှာပြောစရာမရှိတော့ပါဘူး၊ ဒီတော့ ခင်ဗျား ပြန်နိုင်ပါပြီ'

* * *

## (၅)

ရှောင်ကျွတ်ဖေ့က အံ့အားသင့်စွာဖြင့်....

'ဟင်....ဘာဖြစ်လို့လဲ။ ရှင်က ကျွန်မနဲ့ စကားတခွန်းထဲပဲ ပြောမလို့ပေါ့ ဟုတ်လား'

'ဟုတ်တယ်ရှောင်ကျွတ်ဖေ့၊ ခင်ဗျားက ဒီမြို့ကယောကျ်ားတွေနဲ့ မတွေ့ကြုံဖူးဘူးဆိုတော့ ကျွန်တော် ပြောလဲ အပိုပဲ ဖြစ်မှာပါ'

ရှောင်ကျွတ်ဖေ့က မျက်လုံးလေးဝင့်၍ မကျေမနပ် ဖြစ်လျက်....

'ဟောတော့....ဒုက္ခပါပဲရှင်၊ ရှင်က ကျွန်မကို တော်တော်လေး အထင်သေးတာပဲကိုး'



ထို့နောက် ရှောင်ကျွတ်ဖေ့က [illegible]စွာပြုံးလိုက်၏။ သူမ၏အသံကို နှိမ့်၍ ခပ်တိုးတိုးလေသံဖြင့် ထပ်မံ ပြောပြန်သည်။

'ကုန်သည်တို့ ခရီးသည်တို့က ကျွန်မဆီ ပြောင်ပြောင်တင်းတင်း လာကြတယ်။ ဒါပေမယ့် ဒီမြို့ခံလူတွေကတော့ လူမသိအောင် လာကြတာရှင့်၊ နားလည်ပြီလား'

ဖုကျန်းကျူးသည် ရှောင်ကျွတ်ဖေ့၏ ပါးနပ်မှုကို ရိပ်စားမိလိုက်၏။ ဤကဲ့သို့သောသူမျိုးသည် သူ့အတွက် အသုံးဝင်နိုင်သည်ဟု နားလည်လိုက်သည်။

သူသိချင် စုံစမ်းချင်သော အကြောင်းအရာများအတွက် လမ်းစတခုပင် ဖြစ်လေသည်။ ရှောင်ကျွတ်ဖေ့သည် အနည်းနှင့်အများတော့ သူသိလိုသည်များကို ဖြေကြားပေးနိုင်မည်မှာ သေချာသည်။

ထို့ကြောင့် ဖုကျန်းကျူးက....

'ရှောင်ကျွတ်ဖေ့၊ ခင်ဗျား ဒီတနှစ်အတွင်းမှာ ငွေ ဘယ်လောက် များများ စုဆောင်းမိပြီလဲ'

ရှောင်ကျွတ်ဖေ့က ဖုကျန်းကျူးအား မျက်လုံးပြူး၍ လှမ်းကြည့်လိုက်ပြီး....

'ဘာလုပ်ဖို့လဲ။ ရှင်က ကျွန်မဆီက လုမလို့လား'

ဖုကျန်းကျူးသည် ရယ်ချင်စိတ်ကို မျိုသိပ်လိုက်ကာ....

'ရှောင်ကျွတ်ဖေ့။ ကျွန်တော်က ဒီလိုလူစားမျိုး မဟုတ်ဘူးဗျ' ကျွန်တော်သိချင်တာက ခင်ဗျား ငွေဘယ်လောက် စု

ဆောင်းမိပြီလဲ။ နောက်ပြီး ငွေဘယ်လောက်စုဆောင်းပြီးမှ ဒီလုပ်ငန်းကို စွန့်လွှတ်မှာလဲဆိုတာ သိချင်လို့ပဲ'

သူ၏စကားကို ရွှောင်ကျွတ်ဖေ့အနေဖြင့် ထူးထူးခြားခြား စိတ်ဝင်စားပုံ မပေါ်ပေ။

'အများကြီး လိုပါသေးတယ်'

ဖုကျန်းကျူးက သူမကိုကြည့်၍....

'ရွှောင်ကျွတ်ဖေ့ ခင်ဗျား ကျွန်တော့်ကို ကူညီမယ်ဆိုယင် ငွေဒင်္ဂါး ငါးရာတိတိ ခင်ဗျားကို ပေးမယ်'

ရွှောင်ကျွတ်ဖေ့က မယုံကြည်စွာဖြင့် မျက်နှာလေးမဲ့ပြီး....

'ရှင့်လိုကြွားတဲ့လူတွေ အများကြီးပါပဲရှင်'

ဖုကျန်းကျူးက....

'ကျွန်တော်က ကြွားတဲ့လူ မဟုတ်ပါဘူး။ တကယ် ပြောနေတာပါ....'

ထိုအခါမှ ရွှောင်ကျွတ်ဖေ့က စိတ်ဝင်စား လာဟန်ဖြင့်....

'ကောင်းပြီလေ....ဘာပဲဖြစ်ဖြစ် ရှင်နဲ့စကားပြောခအဖြစ် ငွေဒင်္ဂါးတပြားရထားပြီပဲ။ ဒီတော့ ရှင့်ကို ကျွန်မဘယ်လို အကူအညီများ ပေးရမှာမို့လို့လဲ ပြောစမ်းပါဦး'

'လူတယောက်ကို ရှာခိုင်းမလို့ပါ'

'လူတယောက်ဟုတ်လား။ ဘယ်သူများပါလိမ့်'

ဖုကျန်းကျူးသည် သက်ပြင်းတချက်ချလိုက်ပြီး....

'အဲဒီလူကမပိန်မဝ၊ အသက်ငါးဆယ်ဝန်းကျင်လောက်ပဲ ရှိဦးမယ်။ လွန်ခဲ့တဲ့ (၁၅)နှစ် (၁၆)နှစ် လောက်ကမှ ဒီမြို့ကို ပြောင်းလာတဲ့သူပါ။ ဒါပေမယ့် ခင်ဗျားအနေနဲ့ သတိထားဖို့



တော့လိုမယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် ရှာနေတဲ့လူဟာ တချိန်တုန်းက အင်မတန်ဆိုးသွမ်းရက်စက်ခဲ့တဲ့ လူတယောက်ပဲ။ အဲဒီလူဟာ လူသတ်သမားတယောက်ဖြစ်တယ်'

ဖုကျန်းကျူးသည် သူ၏ ပြောစကားကြောင့် ရွှောင်ကျွတ်ဖေ့ ထိတ်လန့်အံ့ဩသွားမည်ဟု ထင်မိသည်။ သို့သော် သူမက ထိတ်လန့်ခြင်းမရှိသည့်အပြင် သဘောကျစွာနှင့် တကိုယ်လုံးလှုပ်ခါ၍ ရယ်မောနေပေသည်။

ထိုကြောင့် ဖုကျန်းကျူးက မျက်မှောင်ကုတ်၍....

'ရွှောင်ကျွတ်ဖေ့....ကျုပ်ပြောတာ ရယ်စရာမဟုတ်ပဲနဲ့ ခင်ဗျားက ဘာဖြစ်လို့ ရယ်နေရတာလဲ'

ရွှောင်ကျွတ်ဖေ့သည် အရယ်ရပ်လိုက်ပြီးမှ....

'ရှင်က....ဒီမြို့မှာ လူသတ်သမားတယောက်ကို လာရှာတာဆိုလို့ ရီချင်မိတာပါ။ ရှင့်ကိုကျွန်မပြောလိုက်မယ်။ ဒီစွမ်းလုံးခိုမြို့က မြို့သူမြို့သားတွေဟာ ရိုးသား အေးဆေးတဲ့ လူတွေ ဖြစ်တယ်။ တယောက်မှ သိုင်းပညာမတတ်ကြဘူး။ ဘယ်သူမှလဲ ဓားတွေ မကိုင်တတ်ကြဘူးရှင့်။ ရှင်ဒီမြို့ကိုရောက်လာတော့ သတိ ထားမိရဲ့လား။ တကယ်ဆိုယင် ရှင့်ပုံစံကမှ လူသတ်သမားတယောက်နဲ့ ပိုပြီးတော့တူသေးတယ်'

ဖုကျန်းကျူးက တည်ကြည်စွာဖြင့်....

'ရွှောင်ကျွတ်ဖေ့....ကျွန်တော် ရယ်စရာပြောနေတာ မဟုတ်ဘူး။ အတည်ပြောနေတာ'

ရွှောင်ကျွတ်ဖေ့ကပြုံး၍....

'ရှင့်သတင်းက မှန်တယ်ပဲထား။ ရှင်ပြောတဲ့ လူပုံပန်းက ဒီ စွမ်းလုံခို့မြို့မှာ တော်တော်များများရှိတယ်။ အဲဒီ လူတွေဟာ အသက်သုံးဆယ်ကျော်ကတည်းက ဒီမြို့လေးမှာ အခြေစိုက်နေ ထိုင်ခဲ့တယ်ဆိုတော့ နောက်ထပ်အနှစ် (၂၀) ဆိုယင်သူတို့အသက် ဟာ (၅၀) ကျော်ပြီ။ တခုတော့ရှိတယ်။ ရှင်လာတဲ့လမ်းမကြီး ရဲ့ အရှေ့ဘက်က တုံဆေးတိုက်ပိုင်ရှင်နဲ့ ဒီတည်းခိုခန်းပိုင်ရှင်ဟာ ဒီမြို့ခံလူတွေမဟုတ်ဘူးရှင့်။ ဒါပေမယ့် သူတို့ဟာ ဒီမှာ လာပုန်း နေတဲ့ လူသတ်သမားလို့ ပြောယင် ဘယ်သူကမှ ယုံကြည်မှာ မဟုတ်ဘူး'

ဖုကျန်းကျူးက တည်ငြိမ်စွာဖြင့် ထိုင်နေသည်။ သူ၏ပုံစံသည် မြေခွေးတကောင်ကိုလိုက်၍ ဖမ်းဆီးသူနှင့် တူလှ၏။ ယခုအခါ သူ၏မျက်လုံးအစုံသည် စူးရှလွန်းလှသည်။

ဖုကျန်းကျူး၏ကိစ္စသည် ထူးဆန်းသည်သာမက လျှို့ဝှက် ဆန်းကျယ်နေသည်။

ရှောင်ကျွတ်ဖေ့မှာ ပျော်တော်ဆက်မယ် ဖြစ်သော်လည်း ဉာဏ်ကောင်းသူဖြစ်၏။

'ကျွန်မသဘောကတော့ ရှင့်စိတ်ကူးကို မေ့ပစ်လိုက်ပါ။ စွမ်းလုံခို့မြို့ကလူတွေထဲမှာ ဆယ်ပုံကိုးပုံဟာ တခြားမြို့ကပြောင်း လာသူတွေဖြစ်တယ်။ ပြီးခဲ့တဲ့ကိစ္စတွေကို ဘယ်သူကမှ သိကြမှာ မဟုတ်တော့ဘူး။ ဒီတော့ ရှင်ပြောတဲ့လူသတ်သမားကိုဖမ်းဖို့ဆို တာ လွယ်မှာမဟုတ်ဘူး'

ဖုကျန်းကျူးကခေါင်းခါ၍ အသံကျယ်လောင်စွာဖြင့်....



'မဟုတ်သေးဘူးရှောင်ကျွတ်ဖေ့။ ခင်ဗျားပြောတာကို ကျွန် တော် လုံးဝလက်မခံနိုင်ဘူး။ အဲဒီလူကို ကျွန်တော် တွေ့အောင် ကိုရှာမယ်'

'ဒါဖြင့်....ရှင်က ဘုရင့်အမှုထမ်းလား။ ဘုရင့်အမိန့်အရ လူ သတ်သမားကို လာဖမ်းတာပေါ့'

'မဟုတ်ပါဘူး'

ရှောင်ကျွတ်ဖေ့ကပြုံး၍....

'ဒါဆို....အဲဒီလူဟာ ရှင့်ရဲ့ရန်သူပေါ့။ ရှင်ကရန်သူကို လက် တုန့်ပြန်ဖို့ လိုက်ရှာနေတာကိုး'

ဖုကျန်းကျူးသည် မဲ့ပြုံးပြုံးလိုက်လေသည်။

'ဒီတခါ ခင်ဗျားပြောတာမမှားဘူး။ ကျွန်တော်ရဲ့ အတိတ် က အရိပ်မည်းကြီးကို ဖယ်ရှားပစ်ဖို့ပဲ ဖြစ်တယ်'

ရှောင်ကျွတ်ဖေ့က တည်ကြည်သောလေသံဖြင့်....

'ဒါဆို ရှင့်ကို ကျွန်မ တခုပြောမယ်။ တကယ်လို့များ ရှင် ရှာနေတဲ့လူဟာ စွမ်းလုံခို့မြို့မှာ ရှိတယ်ဆိုပါစို့။ ဒါပေမယ့် အဲဒီလူဟာ လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်လောက်က သူလုပ်ထားတဲ့ကိစ္စ ကို အခုအချိန်မှာ နောင်တရနေပြီးတော့ လူကောင်းဖြစ်နေယင် ကော ရှင် ဘယ်လိုလုပ်မလဲ'

ဖုကျန်းကျူး၏မျက်နှာသည် မည်းကနဲ ဖြစ်သွား၏။ သူသည် တုန်ရီသောအသံကို ထိန်း၍....

'ရှောင်ကျွတ်ဖေ့.... ခင်ဗျား ဘာမှမသိပဲ မပြောနဲ့။ အဲဒီ လူမှာ ဘယ်လိုစိတ်ထားမျိုး ရှိတယ်ဆိုတာ ခင်ဗျား နားမလည် ပါဘူး။ သူဟာ စွမ်းလုံခို့မြို့မှာ လာနေတာ နောင်တရလို့

မဟုတ်ဘူး။ ရန်သူကို လှည့်စားတဲ့ သဘောမျိုးပဲ ဖြစ်တယ်။ ဒီတော့ အဲဒီလူမျိုးဟာ လူတိုင်းကို အချိန်မရွေး ဒုက္ခပေးနိုင်တယ်'

ဖုကျန်းကျူး၏ စကားသံကြောင့် ရှောင်ကျတ်ဖေ့သည် မကျေမနပ် ဖြစ်သွားလေသည်။

'ရှင်ပြောတာတွေ ဖြစ်နိုင်ပါ့မလား'

ဖုကျန်းကျူးသည် အေးစက်စွာ ပြုံးလိုက်ကာ....

'အဲဒီလူ လုပ်ခဲ့တဲ့ အလုပ်ဟာ ကျွန်တော် အခုပြောပြတာထက် အဆပေါင်း တသောင်းမက ပိုပြီးဆိုးတယ်'

ရှောင်ကျတ်ဖေ့သည် နှုတ်ခမ်းကို မသိမသာ မဲ့လိုက်ပြီး....

'ဒီမှာရှင့်....ရှင် နားလည်ထားဖို့က ကျွန်မဆီ ရောက်လာတဲ့ ငွေဒင်္ဂါးကို ပြန်ပေးတဲ့ထုံးစံ ကျွန်မမှာ မရှိဘူးရှင့်'

'ကျွန်တော်ကလဲ ပြန်မတောင်းပါဘူး'

'ဒါပေမယ့် ကျွန်မအနေနဲ့ ဒီတခါတော့ ရှင့်ရဲ့ ငွေဒင်္ဂါးကို ပြန်ပေးလိုက်မယ်'

ရှောင်ကျတ်ဖေ့သည် သူမ၏အိတ်ထဲရှိ ငွေဒင်္ဂါးပြားလေးကို ထုတ်၍ ဖုကျန်းကျူးဆီသို့ ပြန်ပစ်ပေးလိုက်လေသည်။ သူမ၏ သွင်ပြင်သည် စိတ်ဆိုး ဒေါသထွက်နေပုံရသည်။

'ကျွန်မဘာသာ ငွေရှာမယ်။ ရှင့်ငွေကို မလိုချင်တော့ဘူး။ ရှင်ပြောတာတွေက တဘက်သတ် နိုင်လွန်းတယ်။ ရှင်ပြောတဲ့ လူဟာ မေ့းလာကတည်းက ရက်စက်ယုတ်မာတဲ့ သန္ဓေတော့ ပါလာမှာ မဟုတ်ဘူးရှင့်'



ထို့နောက် သူမသည် ခြေတဘက်ကို ဆောင့်၍နင်းလိုက်ပြီး အခန်းအပြင်သို့ ချာကနဲ လှည့်ထွက်သွားသည်။

ဖုကျန်းကျူးမှာမူ နားမလည်နိုင်စွာဖြင့် ငေးကြောင်လျက် အခန်းထဲ၌ ကျန်ရစ်ခဲ့သည်။



အပိုင်း [ နှစ် ]



# ရက်စက်တဲ့ ဓားတ်လမ်း

✲

## ( ၁ )

စွမ်းလုံခိုမြို့ပေါ်တွင် လမ်းမရှည်ကြီးတခု ရှိ၏။

ထိုလမ်းမကြီး၏ နောက်ကျောဘက်တွင် လမ်းတလမ်းရှိ၏။ ထိုလမ်းပေါ်တွင် လက်ဖက်ရည်ဆိုင်တဆိုင် ရှိပြီး လူအများ စုဝေးရာ နေရာတခု ဖြစ်လေသည်။

မနေ့ညကဆိုလျှင် ထိုလက်ဖက်ရည်ဆိုင်တွင် ပြည့်ကျပ်ညပ်လျက် ရှိသည်။ ဆိုင်ပိုင်ရှင် စင်းအော်ဘွားဘွားမှာ အလုပ်များ၍ တကိုယ်လုံး ချွေးများဖြင့် ရွှဲနစ်နေသည်။

ထိုအချိန်တွင် လူများသည် သတင်းတခု အကြောင်းကို စိတ်ပါဝင်စားစွာ ပြောဆိုနေကြသည်။

ဖုကျန်းကျူးသည် စွမ်းလုံခိုမြို့သို့ ရောက်ရှိလာပြီး လူသတ်သမားတယောက်ကို ဖမ်းဆီးရန်လာသော သတင်းသည် ရှောင်ကျွတ်ဖေ့ထံမှတဆင့် ထွက်ပေါ်လာခြင်းပင်။

ဆိုင်ထဲရှိ လူများသည် ဖုကျန်းကျူး အကြောင်းကို စုရုံး ပြောဆိုနေကြခြင်းပင် ဖြစ်သည်။

ထိုစဉ် ဆရာကြီးစူးဝူးက လက်ကာ၍....

'နားထောင်ကြစမ်း.... ဖုကျန်းကျူးဟာ မြင်းဖြူကြီးကို စီးလာပြီး သူ့ခါးကြားမှာ ဓားကောက်နှစ်လက် ထိုးထားတယ်။ ကျုပ်တို့မြို့မှာ ပုန်းနေတဲ့ လူသတ်သမား တယောက်ကို ဖမ်းဖို့ ရောက်လာတယ်လို့ ကြားရတယ်။ ဒီတော့ သူ့ပုံစံဟာ မင်းမှုထမ်းတယောက်နဲ့ မတူဘူးလား'

ဆိုင်ထဲမှ လူတယောက်က....

'မဟုတ်နိုင်ဘူး၊ အဲဒီလူရွယ်ဟာ မုဆိုးတယောက်နဲ့ ပိုပြီး တူနေတယ်။ သူ့ပုံစံက အမဲလိုက်နေတဲ့ ပုံစံမျိုးပဲ'

အခြားတယောက်ကလည်း....

'မဖြစ်နိုင်ပါဘူး၊ အဲဒီလူရွယ်ဟာ ပါးစပ်ထဲ တွေ့ရာလျှောက်ပြောနေတာပဲ ဖြစ်ရမယ်။ တကယ်လို့များ လူသတ်သမားဟာ ကျုပ်တို့ စွမ်းလုံခိုမြို့မှာ ပုန်းတဲ့သတင်းသာ ပျံ့နှံ့သွားယင် ကျုပ်တို့မြို့ကို ဘယ်သူမှ လာမှာ မဟုတ်တော့ဘူး။ ဒီတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျုပ်တို့အနေနဲ့ သွားမေးဖို့ကောင်းတယ်'

ထိုစဉ် အသက်နှစ်ဆယ်အရွယ်ရှိ လူငယ်တယောက်က ဝင်၍ ပြောလိုက်လေသည်။

'ခုနက ဆရာကြီး စူးဝူး ပြောတာ ပိုပြီး မှန်ကန်တယ်'

ထိုလူငယ်သည်စွမ်းလုံခိုမြို့၌နာမည်ရှိသူဖြစ်သည်။ထို့ကြောင့် ထိုလူငယ်၏ စကားကို အားလုံးက ဂရုတစိုက် အလေးမူ၍ နားထောင်ကြခြင်း ဖြစ်သည်။



သို့မဟုတ်ပါက မည်သူကမှ အရေးလုပ်၍ ဂရုစိုက်ကြမည် မဟုတ်။

အားလုံးက သူ့ဘက်ကို လှည့်ကြည့်လိုက်ကြသည်။

ထိုလူငယ်က ချောင်းတချက် ဟန့်လိုက်ပြီး....

'ကျွန်တော်တို့မြို့က ခရီးသွားတွေကိုအမှီသဟဲပြုပြီး အသက်မွေးနေရတဲ့မြို့ ဖြစ်တယ်။ ပြီးတော့ ကျွန်တော်တို့မြို့ဟာ စည်ကား သိုက်မြိုက်တယ်။ ဘယ်သူနဲ့ဘယ်သူ ရန်စရှိရှိ ဝင်ရောက်စွက်ဖက်ခြင်း မရှိဘူး။ အဲဒီလူဟာ တချိန်က လူသတ်သမား တယောက်ဖြစ်ခဲ့ပြီး အခုအချိန်မှာ နောင်တရနေမယ်ဆိုယင် ဘာမှ လုပ်စရာမလိုဘူး။ ဒါပေမယ့် အခုကိစ္စနဲ့ ပတ်သက်ပြီး ပေါ့ပေါ့ဆဆလုပ်လို့မရဘူး။ တကယ်လို့များ ခရီးသည်တွေသာ ဒီသတင်းကိုကြားသွားခဲ့ယင် ဒီမြို့ကို လာကြတော့မှာမဟုတ်ဘူး'

'ဟုတ်ပါတယ်'

'ဟုတ်တယ်ဗျို....သိပ်မှန်တာပဲ'

ဆိုင်ထဲရှိလူများက ထောက်ခံလိုက်ကြလေသည်။

ထို့နောက် ဆရာကြီးစူးဝူး၏ စကားကိုဘပ်မံ၍ ထောက်ခံလိုက်သူမှာ တည်းခိုခန်းပိုင်ရှင် ဝူးဖုန်းဖြစ်သည်။ သူသည် စာပေ တတ်မြောက်လေသည်။

ထို့ကြောင့် သူသည် အမှားနှင့်အမှန်ကို ခွဲခြားနိုင်ပြီးအများ အကျိုး ဆောင်ရွက်တတ်သူဖြစ်သည်။ သို့ဖြင့် လူတိုင်းက ရှိသေလေးစားကြသည်။

စူးဝူးက ဆိုင်တွင်းရှိလူအားလုံးကို လက်ခုပ်တီး၍ ရပ်တန့်စေလိုက်ပြီး၊ ဆက်၍....

'ဆရာလေးဝူးဖုန်းရောက်နေတာကို ကျုပ်မတွေ့တာ ခွင့်လွှတ်ပါ။ ခင်ဗျားလဲစဉ်းစားကြည့်စမ်းပါ။ အခုကိစ္စကိုကျုပ်တို့ဘယ်လိုဆက်ပြီး ဆောင်ရွက်သင့်သလဲ'

ဝူးဖုန်းက အေးဆေးတည်ငြိမ်သောလေသံဖြင့်....

'ကျွန်တော်ကတော့ အခုရောက်လာတဲ့ ဧည့်သည် လူရွယ်ကို ဒီကိုခေါ်ပြီး ဆွေးနွေးကြယင် ပိုကောင်းလိမ့်မယ် ထင်တယ်။ ပထမဆုံး ကျွန်တော်တို့မြို့ရဲ့အခြေအနေကိုပြောပြပြီး သူရောက်လာလို့ ဘယ်လိုပြဿနာပေါ်လာတယ် ဆိုတာကို ပြောပြမယ်။ အဲ....ပြီးတော့မှ သူပြောတဲ့စကားကို နားထောင်ကြည့်ကြယင် ပိုပြီး မကောင်းဘူးလား'

စူးဝူးက မျက်မှောင်ကုတ်၍....

'အဲဒီလူရွယ်ကကော လာပါ့မလား'

ဝူးဖုန်းက အေးဆေးစွာဖြင့်....

'မလာလဲ ကိစ္စမရှိပါဘူး။ သူမလာယင် ကျွန်တော်တို့ သူ တည်းတဲ့တည်းခိုခန်းကို သွားကြတာပေါ့'

ဆိုင်ထဲရှိ သူများသည် ကိုယ်ထင်ရာကို ပြောဆို နေကြလေသည်။ သို့သော် အဓိကအကြောင်းမှာ အတူတူပင် ဖြစ်သည်။

ဝူးဖုန်းသည် တစုံတခုကို စဉ်းစားမိဟန်ဖြင့် လက်ထောင်လိုက်ပြီး လူအားလုံး ငြိမ်သက်သွားစေသည်။

'မဖြစ်ဘူးဗျ။ သူ့ကိုဒီနေရာရောက်အောင် ဖိတ်ခေါ်ရမယ်။ ဒီသတင်းပျံ့နှံ့သွားယင် မတွေးဝံ့လောက်စရာပဲ။ ဒီတော့ စူးဝူးက ကျေးဇူးပြုပြီး သွားခေါ်ပေးပါလား'

စူးဝူးက ခေါင်းညိတ်လိုက်ပြီး....



'စိတ်ချပါ....ကျုပ်သွားခေါ်လိုက်ပါ့မယ်'

စူးဝူးသည် နောက်သို့ချာကနဲ လှည့်၍ထွက်သွားသည်။ သို့သော် သူသည် ဆိုင်တံခါးဝသို့ရောက်သည်နှင့် နောက်သို့ ပြန်၍ ဆုတ်လာလေ၏။

အဘယ့်ကြောင့်ဆိုသော် ဖုကျန်းကျူးသည် ဆိုင်ရှေ့သို့ ရောက်ရှိနေပြီ ဖြစ်သောကြောင့်ပင်။

ဖုကျန်းကျူး၏ ဝတ်စားပုံမှာ ပြောင်းလဲခြင်းမရှိ။ ရောက်လာစဉ်က ပုံစံအတိုင်းပင်ဖြစ်သည်။ သူသည် စူးရှ တောက်ပသော စွန်ရဲတကောင်၏မျက်လုံးမျိုးဖြင့် ဆိုင်ထဲသို့ ဝေ့၍ကြည့်လိုက်သည်။

လက်ဖက်ရည်ဆိုင်ထဲရှိ လူအားလုံးမှာ ထိတ်လန့် သွားကြသည်။ အပ်ကျသံကြားရလောက်အောင်ပင် ရုတ်တရက် တိတ်ဆိတ် ငြိမ်သက်သွား၏။

သို့သော် လူတယောက်သာလျှင် လုံးဝအမူအရာ ပြောင်းလဲခြင်းမရှိ။

ထိုလူသည် လက်ဖက်ရည်ဆိုင်ပိုင်ရှင် စင်းအော်ဘွားဘွား၏ ရေထမ်းအလုပ်သမားပင် ဖြစ်သည်။

ထိုလူသည် သူတို့ပြောဆိုနေကြသောကိစ္စကို စိတ်မဝင်စား၍ မဟုတ်။ အဘယ်ကြောင့်ဆိုသော် ထိုလူသည် ဆွံ့အ,နားမကြားသောလူတယောက် ဖြစ်နေသောကြောင့်ပင်။

နဂိုက ဆိုင်ထဲတွင် နေရာလွတ်မရှိ။

သို့သော် ဖုကျန်းကျူး ဝင်လာသောအခါ နေရာ ဖယ်ပေးလိုက်ကြလေသည်။

သို့နှင့် ဖုကျန်းကျူးသည် ဆိုင်ထဲသို့ တလှမ်းခြင်းလှမ်း၍ ဝင်လာသည်။ ထို့နောက် သူက ဝူးဖုန်း၏ရှေ့၌ထိုင်လိုက်၏။ စောစောကပြောဆိုနေကြသော စကားများကို ဖုကျန်းကျူး အနေဖြင့် အားလုံးကြားသိခဲ့ပြီးပေပြီ။

ထိုအချိန်တွင် စင်းအော်ဘွားဘွားက ဖုကျန်းကျူး အတွက် လက်ဖက်ရည်တခွက်လာ၍ချပေးသည်။ ဖုကျန်းကျူးသည် စင်းအော်ဘွားဘွားကို ကျေးဇူးတင်ကြောင်း ပြောလိုက်၏။

ထို့နောက် လက်ဖက်ရည်ကို အနည်းငယ်မျှ မော့သောက်လိုက်ပြီး....

'ကျွန်တော့်ကြောင့် ဒီကလူတွေ စိတ်ဒုက္ခရောက်နေတာကို တွေ့ရလို့ ဝမ်းနည်းပါတယ်။ ဒါပေမယ့် လူသတ်သမားကတော့ ဒီစွမ်းလုံခိုမြို့မှာ ပုန်းနေတယ်ဆိုတဲ့သတင်းက သေချာပါတယ်'

ဆိုင်ထဲရှိ လူများသည် ငြိမ်သက်စွာဖြင့် ဝူးဖုန်းကိုလှမ်းကြည့်ကြ၏။ ထိုအခါမှ ဝူးဖုန်းက စတင်၍....

'ဖုကျန်းကျူး၊ ခင်ဗျားကို ကျုပ်မေးခွန်းနည်းနည်းလောက်မေးပါရစေ'

ဖုကျန်းကျူးက ခေါင်းညိတ်ပြပြီး....

'မေးနိုင်ပါတယ်'

'ခင်ဗျား အသက် ဘယ်လောက်ရှိပြီလဲ'

'နှစ်ဆယ့်ငါးနှစ်ရှိပါပြီ'

ထိုအခါ ဝူးဖုန်းက မျက်မှောင်တချက်ကြုတ်လိုက်သည်။

'ဩော်....ဖုကျန်းကျူးရဲ့ အသက်က ၂၅ နှစ်ပဲ ရှိသေးတာကိုး။ ဒါနဲ့ ခင်ဗျားက ကျုပ်တို့ရဲ့ စွမ်းလုံခိုမြို့ထဲမှာ လူသတ်သမား ပုန်းနေတယ်လို့ ပြောတယ်နော်။ ပြီးတော့ လွန်ခဲ့တဲ့ ၁၅ နှစ် ကျော်ကျော်ကတည်းက ဒီမြို့ လာနေတယ်လို့ ခင်ဗျားက ဆိုပြန်တယ်။ အဲဒီ အချိန်တုန်းက ခင်ဗျားရဲ့အသက်ဟာ ကိုးနှစ် ဆယ်နှစ်လောက်ပဲရှိဦးမယ်။ အခုဆိုယင် ခင်ဗျားအနေနဲ့ မေ့ပျောက်သွားလောက်ရောပေါ့'



ဖုကျန်းကျူးက ဝူးဖုန်းကို မကြည့်ပဲနှင့်....

'တကယ်တော့ ကျွန်တော် အဲဒီ လူကို မမြင်ဖူးပါဘူး'

ဆိုင်တွင်းရှိလူများသည် ရယ်မောချင်ကြသော်လည်း ဖုကျန်းကျူး၏ ခက်ထန်တင်းမလွန်းသော မျက်နှာထားကြောင့် မည်သူမျှ ရယ်မောဝံ့ခြင်းမရှိကြပါ။ ပြုံးရုံသာ ပြုံးလိုက်မိကြ၏။

သို့သော် ဖုကျန်းကျူးသည် ဤသည်ကို ရိပ်မိသည်။ ထို့ကြောင့် အေးဆေးစွာ ဆက်ပြောလိုက်ဘည်။

'ဒါပေမယ့် ကျွန်တော့် အနေနဲ့ အဲဒီ လူသတ်သမားနဲ့ ပတ်သက်တဲ့ သတင်းတွေကိုကြားသိခဲ့ရပြီးပါပြီ။ တကယ်လို့များ အဲဒီလူသာ ကျွန်တော့် ရှေ့မှာ ရှိနေယင်တော့ ကျွန်တော် ကောင်းကောင်းမှတ်မိမှာပါ'

ဝူးဖုန်းက မကျေနပ်သော လေသံဖြင့်....

'ဖုကျန်းကျူး....ခင်ဗျားက ကျုပ်တို့ရဲ့ စွမ်းလုံခိုမြို့မှာ အဲဒီ လူသတ်သမားပုန်းနေတယ်လို့ ဘာကြောင့် တိတိကျကျပြောနိုင်ရတာလဲ'

'ပြောနိုင်စရာ အကြောင်းရှိလို့ပေါ့'

ဖုကျန်းကျူးသည် စားပွဲပေါ်ရှိ လက်ဖက်ရည်ခွက်ကို လှည့်ပတ်၍ ကစားနေသည်။ သူသည် အေးစက်စက်နိုင်လွန်းလှ၏။ ဆိုင်ထဲ၌ စကားသံများ တိတ်ဆိတ်ငြိမ်သက်သွားပြန်သည်

ဝူးဖုန်းက ဖုကျန်းကျူးကို ကြည့်၍....

'ကျုပ်တို့ကို ပြောမပြနိုင်ဘူးလား'

ဖုကျန်းကျူးက ပြုံး၍ လက်ဝါးကာပြလိုက်ပြီး....

'ဝမ်းနည်းပါတယ် ခင်ဗျား၊ ဒါက ကျွန်တော့်ရဲ့ အထူးလျှို့ဝှက်ချက်ဖြစ်တယ်။ ကျွန်တော့်ကို ဒီသတင်းပေးတဲ့လူက ဘယ်သူ့ကိုမှ ပြန်မပြောရဘူးလို့ ကတိတောင်းထားပါတယ်။ ဒါကြောင့် ကျွန်တော် ကတိတည်ရပါလိမ့်မယ်'

ဝူးဖုန်းသည် သက်ပြင်းတချက် ချလိုက်သည်။ သူ၏ စိတ်ထဲ၌ စနိုးစနောင့်ဖြစ်သွားဟန်ဖြင့်

'ဖုကျန်းကျူး၊ခင်ဗျားပြောတဲ့လူသတ်သမားဟာကျွန်တော်တို့ရဲ့ စွမ်းလုံခိုမြို့မှာ တကယ်ပုန်းနေတာမှန်ယင် ခင်ဗျား တိတ်တဆိတ် ရှာဖွေဖို့သင့်ပါတယ်။ ဒါမှ ခင်ဗျား လိုက်ရှာတဲ့လူဟာကြိုတင်ပြင်ဆင်မှုပြုလုပ်နိုင်မှာမဟုတ်ဘူး။ အခုတော့ ခင်ဗျားက ဒီမြို့မှာ လူသတ်သမားရှိနေတယ်လို့ သတင်းဖြန့်တယ်။ ခင်ဗျား လုပ်ပုံကိုင်ပုံတွေက လင်ပန်းတီးပြီး သူခိုးဖမ်းတာနဲ့ တူမနေဘူးလား'

ဖုကျန်းကျူးက ပြုံး၍ နေလိုက်သည်။ ပြန်လည် အဖြေပေးခြင်းမပြုပေ။

စူးဝူးက စကား စတင်ပြောဆိုသည်။



'ဖုကျန်းကျူး၊ စောစောက ခင်ဗျားပြောတဲ့ စကားထဲမှာ တကယ်လို့များ အဲဒီ လူသတ်သမားဟာ ခင်ဗျားရှေ့မှာရှိယင် မှတ်မိနိုင်တယ်လို့ ဆိုတယ် မဟုတ်လား။ ဒီလိုဆိုယင် ခင်ဗျားအတွက် ကျုပ်မှာ အကြံကောင်းတခုရှိတယ်'

ဖုကျန်းကျူးက ပြုံးရွှင်စွာဖြင့်....

'ဩော်....ဟုတ်ကဲ့၊ ပြောပါ ခင်ဗျာ'

စူးဝူးက....

'ကျုပ်တို့ရဲ့ စွမ်းလုံခိုမြို့မှာ မြို့သူမြို့သားတွေ ထောင်သောင်းမက ရှိပေမယ့် ခင်ဗျား ပြောတဲ့ အသက် ၅၀ ပတ်ဝန်းကျင်လူက သိပ်မရှားပါဘူး။ ခင်ဗျား တယောက်ချင်း လိုက်ကြည့်ပါလား။ တကယ်လို့ ခင်ဗျား ရှာတဲ့လူကိုမတွေ့ယင် ခင်ဗျားကျေနပ်နိုင်မလား'

ဖုကျန်းကျူးသည် ညင်သာစွာ ခေါင်းယမ်းလိုက်၏။

'ကျွန်တော် ဒီလိုပုံစံမျိုးမသုံးချင်ဘူး'

စူးဝူးက အံ့အားသင့်ဟန်ဖြင့်....

'ဘာဖြစ်လို့လဲ'

အခန်းတွင်း၌စကားပြောသံများ ထွက်လာ၏။ ထိုစကားသံများတွင် နားမလည်ခြင်း၊ သံသယဖြစ်ခြင်းတို့ ရောထွေး၍ပါဝင်နေပေသည်။

ဖုကျန်းကျူးက လက်ဝါး ကာပြလိုက်ပြီး....

'ဒီလိုပါ။ ခင်ဗျားပြောတဲ့အတိုင်း လုပ်မယ်ဆိုယင် ဒီမြို့က လူတွေကို စော်ကားရာကျနေမှာပေါ့နော်။ နောက်ပြီး ကျွန်တော် ဒီမြို့ကို ရောက်လာတာဟာ ခင်ဗျားတို့ကို အန္တရာယ်ပေးနိုင်တဲ့

လူသတ်သမားကို လိုက်ရှာနေတာပါ။ လူကောင်းတွေကို အနှောင့်အယှက်ပေးဖို့ လုံးဝ မရည်ရွယ်ပါဘူး’

ဖုကျန်းကျူးသည် စကားဆုံးသွားသည်နှင့် ထိုင်ရာမှ ထလိုက်သည်။ ထို့နောက် ဆိုင်ထဲရှိလူများကို မျက်လုံးဖြင့် ဝေ့ကြည့်လိုက်ပြီး ပြုံးလိုက်သည်။

‘ကျွန်တော် မနက်ဖြန်ည ဒီနေရာကို လာခဲ့ပါ့မယ်။ အဲဒီတော့မှ လူသတ်သမားရဲ့ ရက်စက်မှုတွေကို ပြောပြပါ့မယ်။ နားထောင်ရဲတဲ့သူတွေ လာပြီး နားထောင်နိုင်ပါတယ်’

သူ့စကားဆုံးသည်နှင့် ဖုကျန်းကျူးသည် ခေါင်းငုံ့ အရိုအသေ ပေးလိုက်ပြီး ပြန်လည် ထွက်ခွာသွားလေတော့သည်။

* * *

( ၂ )

ဖုကျန်းကျူးပြောသွားသော စကားလုံးများသည် ဆိုင်ထဲရှိ လူသားအားလုံးကို စိတ်လှုပ်ရှားသွားစေသည်။

ဖုကျန်းကျူးဆိုင်ထဲမှ ထွက်သွားပြီးသည့်တိုင်အောင် ဆိုင်ထဲရှိလူများသည် ငေးနေကြသည်။ အတန်ကြာမှ တယောက်တပေါက်ပြောဆိုသံများ ထပ်မံထွက်ပေါ်လာလေတော့သည်။

လူများ၏ ဉာဉ်မှာ ဤအတိုင်းပင် ဖြစ်သည်။ ယခုအခါတွင် လူများ၏ ပြောဆိုပုံခြင်းမှာ မတူညီကြပါ။

လူတယောက်က....



‘ကျွန်တော်ကတော့ အဲဒီလူသတ်သမားဟာ လူစိတ်ကင်းမဲ့တဲ့ ရက်စက်မှုမျိုးကို ကျူးလွန်ခဲ့လိမ့်မယ်လို့ထင်တာပဲ။ အဲဒီတုန်းက စောစောကလူဟာ ကလေးအရွယ်ပဲ ရှိလိမ့်မယ်။ ဒါပေမယ့် (၁၅) နှစ်ကြာမှ ဒီချာတိတ်ကလိုက်လာတယ်ဆိုတော့ ဒီလူသတ်သမားကို ဘယ်လောက်မုန်းတီးနေသလဲဆိုတာ စဉ်းစားကြည့်ယင် သိနိုင်ပါတယ်’

အခြားလူတယောက်ကလည်း ထပ်မံပြောဆိုပြန်သည်။

‘ဒီလိုရက်စက်တဲ့ လူသတ်သမားသာ ကျုပ်တို့မြို့ပေါ်မှာ အမှန်တကယ်ရှိနေယင် မတွေးဝံ့စရာပါပဲ။ သူ့ရဲ့ အယင်စိတ်သာပြန်ပေါ်လာယင် အားလုံးဒုက္ခရောက်ကုန်လိမ့်မယ်’

အရပ်ရှည်ရှည်နှင့် လူတယောက်ကလည်း ဝင်၍....

‘ကျွန်တော်ကတော့ ကျွန်တော်တို့ကိုယ်တိုင် သေသေချာချာ စုံစမ်းကြယင် ပိုပြီးကောင်းလိမ့်မယ်လို့ ထင်တယ်’

ဝူးဖုန်းက ထိုင်ရာမှထ၍ ပြောလိုက်သည်။

‘မိတ်ဆွေတို့....’

ဆိုင်ရှိစကားပြောနေသူများသည် ဝူးဖုန်း၏ အသံကြောင့် တိတ်ဆိတ်ငြိမ်သက်သွားကြလေသည်။

‘အားလုံးစိတ်ဆင်းရဲခံမနေကြပါနဲ့။ ခင်ဗျားတို့ သိထားဖို့ကမီးကို စက္ကူနဲ့ထုတ်လို့မရပါဘူး။ အဲဒီတော့ သူဆက်ပြောမယ့် စကားကိုနားထောင်ချင်ယင် မနက်ဖြန်ည ဒီလက်ဖက်ရည်ဆိုင်ကို အားလုံးလာခဲ့ပေါ့။ တချိန်တုန်းက အဲဒီလူသတ်သမားဟာ ဘယ်လောက်ရက်စက် ကြမ်းကြုတ်ခဲ့တယ်ဆိုတာကို သိရမယ်။

နောက်ပြီး ဖုကျန်းကျူးမှာဘာအကြံအစည် ရှိသလဲဆိုတာကို ပါသိရမယ်။ ကဲ....ဒီတော့ အားလုံးပြန်နိုင်ကြပါပြီ....'

ဝူးဖုန်းသည် ပြောဆိုပြီးသည်နှင့် အပြင်သို့ ထွက်ခွာသွားလေ ထို့နောက် သူ၏ခန္ဓာကိုယ်ကို မသိမသာ လှည့်လိုက်၍ စူးဝူး

သည်။

ကို မျက်ရိပ်ပြလိုက်သည်။

စူးဝူးကလည်း ဝူးဖုန်း မျက်ရိပ်ပြသည်ကို မြင်၍ ဆိုင်ထဲမှ မသိမသာထွက်၍ နောက်မှ ထပ်ကြပ်မကွာ လိုက်ပါသွားလေ သည်။

လက်ဖက်ရည်ဆိုင်ထဲရှိ လူများမှာလည်း တဖြည်းဖြည်းနှင့် ထွက်သွားကြပြီဖြစ်သည်။

ဝူးဖုန်းသည် ရှေ့မှခပ်သွက်သွက် လျှောက်၍သွားနေသည်။ လေသည် တဖြူးဖြူးတိုက်ခိုက်နေသဖြင့် ဝူးဖုန်း၏ အင်္ကျီစများ သည် တဖျပ်ဖျပ် လွင့်ခါလျက်ရှိ၏။ လရောင်အောက်၌ ဖြစ်၍ ဝူးဖုန်းကို ထင်ရှားစွာ လှမ်းမြင်နေရသည်။

ခရီးအတော်ရောက်သောအခါမှ ဝူးဖုန်းသည် တုန့်ကနဲ ရပ် လိုက်သည်။ သူ့နောက်မှ စူးဝူး သူ့ကို မီလာသည်အထိ ရပ် စောင့်လိုက်၏။စူးဝူး သူ့အနားကိုရောက်လာတော့မှ ဝူးဖုန်းက-

'စူးဝူး....ခင်ဗျား ဖုကျန်းကျူးကို ဘယ်လိုမြင်သလဲ'

စူးဝူးက မေးစေ့ကို ပွတ်သပ်လိုက်ပြီး....

'အင်း....ကျုပ်အမြင်ပြောရယင်တော့ ဖုကျန်းကျူးဟာ ပါးနပ်ထက်မြက်လိမ့်မယ်။ဒါပေမယ့် သူ့ရဲ့လုပ်ဆောင်ပုံတွေက တော့ အချိုးမပြေလှဘူး၊ သဘာဝလဲ မကျဘူး'



ဝူးဖုန်းသည် တိတ်ဆိတ်ငြိမ်သက်နေသော လမ်းကြားလေး ကို ခေတ္တမျှ လှမ်း၍ကြည့်ရှုပြီးမှ....

'ဒါနဲ့ ဟဲ့ချိကော၊ အယင်ကလို နေ့တိုင်း မူးနေတာပဲလား'

စူးဝူးကပြုံး၍....

'အခုတလောတော့ မသောက်တော့ပါဘူး။ အခြေအနေ တော်တော်လေးကောင်းနေပြီဟု ဆိုရမှာပဲ'

ဝူးဖုန်းသည် တစုံအရာကို ခေတ္တမျှစဉ်းစားနေပြီးမှ....

'စူးဝူး.... ဟဲ့ချိကို ပြောပြလိုက်ပါ။ နက်ဖြန်ညကျလို့ရှိယင် ကျွန်တော့်အိမ်ကို ရောက်အောင်လာပါလို့။ပြီးတော့ ကျွန်တော် မှာတဲ့ကိစ္စနဲ့ပတ်သက်ပြီး တခြားဘယ်သူ့ကိုမှ မသိစေချင်ဘူး'

စူးဝူးသည် ဝူးဖုန်း၏စကားကြောင့် သံသယ အနည်းငယ် ဖြစ်မိသော်လည်း ရှည်ရှည်ဝေးဝေး မတွေးတောပေ။

ထို့ကြောင့် ခေါင်းညိတ်ပြလိုက်ကာ....

'ကောင်းပါပြီ။ ဟဲ့ချိကို ကျုပ်ပြောပြလိုက်ပါ့မယ်'

ထို့နောက် သူတို့နှစ်ယောက်သည် လမ်းခွဲလိုက်ကြသည်။

* * *

[ ၃ ]

ဟဲ့ချိ....

သူသည် စွမ်းလုံးခိုမြို့မှ အရက်သမားတယောက် ဖြစ်သည်။ သူသည် အရက်ကို လွန်မင်းစွာ သောက်နိုင်သူဖြစ်၏။ လွန်စွာ ကြိုတ်နှစ်သက်သူလည်း ဖြစ်ပေသည်။

ယခု သူသည် စန်းရယ်၏ အရက်ဆိုင်၌ ရောက်ရှိနေသည်။ ဟဲ့ချီသည် တိုင်ကိုမှီ၍ မေးလိုက်သည်။

'စန်းရယ်....ခင်ဗျား ဘာဖြစ်နေတာလဲ၊ ကျုပ်ကို မယုံကြည်လို့လား၊ ဟဲ့ချီဆိုတဲ့ ကျုပ်ဟာ ဘယ်တုန်းကမှ ခင်ဗျားတို့ဆိုင်မှာ အကြွေး တပြားတချပ်မှ အတင်ခံခဲ့သူ မဟုတ်ပါဘူး။ ဒါပေမယ့် ဒီနေ့တော့ အရက်တအိုးလောက် အကြွေးရောင်းပါ။ နောက်သုံးရက်လောက်ကြာယင် ခင်ဗျားကို အရက်ဖိုး ပြန်ပေးပါမယ်'

အရက်ဆိုင်ပိုင်ရှင်သည် စန်းရယ်ဆိုသူ ဖြစ်သည်။ သူသည် အသက် ၅၀ ခန့်ရှိပြီး ပုပုဝဝ ခန္ဓာကိုယ်ရှိသူ ဖြစ်လေသည်။ သူသည် အေးဆေးသော လေသံဖြင့် ဟဲ့ချီကို ပြန်၍ပြောလိုက်၏။

'ဟဲ့ချီ၊ နင့်အသက်က မငယ်တော့ဘူး။ နေ့တိုင်းမူးနေယင် နင့်ဘဝ ဘယ်လိုလုပ်ပြီး တိုးတက်တော့မှာလဲ။ အရက်ဟာ နည်းနည်းပါးပါး သောက်တာပဲ ကောင်းပါတယ်။ ဒီနှစ်ရက်အတွင်း နင် အရက်ဖြတ်ထားတယ်ဆို။ ဖြတ်လက်စနဲ့ ဆက်ဖြတ်ထားပါလား ဟဲ့ချီရယ်'

ဟဲ့ချီက မဲ့ပြုံးတချက် ပြုံးလိုက်ပြီး....

'စန်းရယ်၊ လူတိုင်းအရက်ဖြတ်လို့ရှိယင် ခင်ဗျားဆိုင် ဘာသွားရောင်းမှာလဲ။ ပိတ်ထားလိုက်တော့မှာပေါ့'

စန်းရယ်က ဟဲ့ချီကို မျက်လုံးပြူး၍ ကြည့်လျက်....

'ဟဲ့ချီ နင့်ကို ငါတကယ်စေတနာနဲ့ ပြောနေတာ။ ဆရာကြီးစူးဝူးက နင့်ကို အရက်မရောင်းနဲ့လို့ မှာထားတယ်။ ဒီအရက်



တအိုးလောက်ကို ငါဂရုမစိုက်ပါဘူး။ ဆရာကြီးစူးဝူး လာပြောသွားလို့ ငါပြောနေရတာ'

ဆရာကြီးစူးဝူးဆိုသော အသံကို ကြားသည်နှင့် ဟဲ့ချီသည် ဆိုင်ပြင်သို့ ပြေး၍ထွက်သွားလေသည်။

ယနေ့အဖို့ သူ့အိမ်သို့ပြန်၍ အိပ်ရန်ကလွဲပြီး ဟဲ့ချီအတွက် အခြားဘာကိစ္စမျှ မရှိတော့ပါ။

ထို့ကြောင့် ဟဲ့ချီသည် စိတ်ပျက်လက်ပျက်ဖြင့် ထွက်လာခဲ့၏။ ဝင်းနံရံတခု၏ထောင့်နားအရောက်တွင် လူတယောက်က သူ့ကို လက်ယပ်ခေါ်နေသည်ကို မြင်လိုက်ရသဖြင့် လွန်စွာ အံ့အားသင့်သွားသည်။

ဟဲ့ချီက သေချာစွာကြည့်လိုက်သောအခါ အရက်ဆိုင်ပိုင်ရှင် စန်းရယ်၏သမီး ချွန်းလန်း ဖြစ်နေသည်ကို ထူးဆန်းစွာ တွေ့လိုက်ရ၏။ ချွန်းက အသက် ၁၆ နှစ်သာ ရှိသေးသည်။

သူမထံသို့ ဟဲ့ချီက ပြေးသွား၍....

'ချွန်းလန်း....နင် ဒီမှာ ဘာလာလုပ်နေတာလဲ၊ ပြောစမ်း'

ချွန်းလန်းက ပန်းပွင့်လေးတပွင့်နှယ် လှပစွာ ပြုံးလိုက်တာ....

'ဦးလေးချီ'

ဟဲ့ချီသည် အသက်သုံးဆယ်ပင် မကျော်သေးပါ။ သို့သော် သူ့ထက်ငယ်သူများအား သူ့ကို ဦးလေးချီဟုပင် ခေါ်စေသည်။

'ဦးလေးချီ၊ ဒီအနားကို လာခဲ့ပါ။ ဦးလေးချီအတွက် အလိုအပ်ဆုံးပစ္စည်းကောင်းတခုကို ပေးမလို့'

ဟဲ့ချိက အံ့အားသင့်စွာဖြင့်....

'ပစ္စည်းကောင်း ဟုတ်လား ချွန်းလန်း၊ ဘာပစ္စည်းမို့လဲ'

ဟဲ့ချိ၏ အလိုအပ်ဆုံး ပစ္စည်းကောင်းဆိုသည်မှာ အရက်ပင်ဖြစ်သည်။ အကယ်၍ လောက၌အရက်သာ မရှိခဲ့လျှင် အဓိပ္ပာယ်မရှိတော့ဟု သူ ထင်မှတ်ထားပြီး ဖြစ်လေသည်။

သူ ထင်သည့်အတိုင်းပင် ဖြစ်၏။ ချွန်းလန်း၏ လက်ထဲတွင်အရက်ထည့်ထားသော အဖြူရောင် ကြွေအိုးကလေး တလုံးကိုကိုင်ထားသည်။ ထိုအိုးကလေးထဲမှ အရက်သည် ပို၍ပြင်းသည်။

'ဟာ....ချွန်းလန်းက တယ်လိမ္မာပါလား။ ဦးလေးချိကို မြန်မြန် ပေးစမ်း။ မနက်ဖြန် ဦးလေးချိ မြို့ထဲသွားတဲ့အခါ ချွန်းလန်းဖို့ အဝတ်လှလှကလေးတွေ ဝယ်လာခဲ့မယ်'

ဟဲ့ချိသည် ပြောပြောဆိုဆို အရက်အိုးဆီသို့ လက်လှမ်းမည်ပြုစဉ်မှာပင် ချွန်းလန်းက နောက်သို့ ဆုတ်လိုက်သည်။

ဟဲ့ချိက မကျေမနပ်ဖြစ်သွားပြီး....

'ချွန်းလန်း၊ လူကြီးကို မစနဲ့လေ'

'ဦးလေးချိကို ကျွန်မ ပြောစရာရှိတယ်။ ဒီတော့ ဟိုဘက်နားကို သွားပြီး စကားပြောကြရအောင်'

ဟဲ့ချိ ရင်ထဲ၌ သံသယဖြစ်လာသည်။ ယခုလို မှောင်မိုက်နေသော ညအချိန်၌ ယောကျ်ားပျိုတယောက်နှင့် မိန်းမပျိုတယောက်တို့ တွေ့လျှင် မည်သည့်နေရာသို့ သွားတတ်ကြပါသနည်း။



ဟဲ့ချိ နားမလည်နိုင်အောင် ဖြစ်လာလေသည်။ သို့သော်သူသည် အရက်သောက်ချင်လှပြီဖြစ်၍ ဘာမျှ စဉ်းစားမနေတော့ပဲ ချွန်းလန်း နောက်သို့ လိုက်သွားလေတော့သည်။

ခပ်လှမ်းလှမ်းတွင် ကွင်းပြင်တခုရှိသည်။ ထိုကွင်းပြင်သို့ရောက်သောအခါ ချွန်းလန်းက လက်ထဲမှ အရက်အိုးကို လှမ်း၍ ပေးလိုက်ယင်း....

အဖြူရောင် အရက်အိုးလေးက ဟဲ့ချိ လက်ထဲရောက်သွားသည်နှင့် ဟဲ့ချိသည် အရက်အိုးကိုဖွင့်လိုက်ပြီး တဝက်ခန့်မော့၍သောက်ချလိုက်လေသည်။

ချွန်းလန်းက တည်ငြိမ်သောအမူအရာဖြင့်....

'ဦးလေးချိ၊ ဓားကောက်နှစ်လက်နဲ့ ခရီးသွားတယောက်ကျွန်မတို့မြို့ကို ရောက်လာတာ ကြားပြီးပြီလား'

'အင်း....ကြားပြီးပါပြီ'

ချွန်းလန်းသည် သက်ပြင်းတချက်ချလိုက်ပြီးမှ....

'ဦးလေးချိ၊ အဲဒီလူဟာ ကျွန်မရဲ့ အဖေကို လာရှာတာဖြစ်လိမ့်မယ်'

ဟဲ့ချိသည် ချွန်းလန်း၏ စကားကြောင့် ထိတ်လန့်တုန်လှုပ်သွားပြီး ဝန်းကျင်ကို ဝေ့၍ အကဲခတ်လိုက်၏။

'ချွန်းလန်း၊ စကားကို အရမ်းမပြောနဲ့'

'ဦးလေးချိ၊ ကျွန်မ တကယ်ပြောနေတာ'

'ဒါဖြင့် ချွန်းလန်း၊ နင့် အဖေက လုယက်တိုက်ခိုက်ဖူးလို့လား'

ချွန်းလန်းသည် စိတ်လှုပ်ရှားသောအမူအရာဖြင့်....

'ဟိုးတုန်းက အဖေဟာ နယ်စပ်ဒေသက လူဆိုးတယောက်ပေါ့လေ။ ကျွန်မရဲ့ အမေဟာ အဖေ့ရဲ့ မကောင်းတဲ့အလုပ်ကြောင့် ရူးမတတ်ဖြစ်ခဲ့ရတယ်။ ဒါနဲ့ အမေ ကငိုယိုပြီးတောင်းပန်တော့မှ အဖေဟာ အဲဒီအလုပ်ကို စွန့်လွှတ်ခဲ့တယ်လေ။ အခုရောက်လာတဲ့ ညွှန့်သည်ဟာ အဖေ့ကို လာရှာတာဖြစ်မယ်လို့ ထင်တာပဲ။ ဘာဖြစ်လို့လဲဆိုတော့ အသက် ၅၀ ပတ်ဝန်းကျင်လူက ပုပ္ပ၀၀၊ ဒီမြို့မှာ အခြေချတာ ၁၅ နှစ်လောက်ပဲ ရှိသေးတယ်ဆိုတဲ့ အချက်တွေကို ပေါင်းစပ်ကြည့်ယင် သူ ပြောတာအားလုံးကိုက်ညီတာ တွေ့နေရတယ်'

ဟဲ့ချီ မျက်လုံးပြူး၍....

'ချွန်းလန်း၊ နင် ဒီကိစ္စကို ဘယ်လိုလုပ်ပြီး သိထားတာလဲ'

'အမေက ပြောပြထားလို့ပါ။ အမေဟာ တနေ့လုံးလိုလို ဘုရားရှိခိုးနေတယ်။ အဖေ ဘေးမသိ ရန်မခပါစေနဲ့လို့ ဆုတောင်းနေတယ်။ အမှန်ပြောရယင် အဖေဟာ ဒီနှစ်ထဲမှာ ကောင်းကောင်းမွန်မွန်နေထိုင်ပြီး ကုသိုလ်ကောင်းမှုတွေ အများကြီး လုပ်ကိုင်ခဲ့ပါတယ်။ ဒါပေမယ့်....'

ဟဲ့ချီက လက်ဝါးကာပြလိုက်ကာ....

'ချွန်းလန်း၊ ဆက်မပြောနဲ့တော့။ စွမ်းလုံခိုမြို့က လူတိုင်းဟာ နင့်အဖေလူကောင်းတယောက်မှန်း ကောင်းကောင်းသိကြတယ်၊ နင့်အဖေကခုကာ ဒီကိစ္စနဲ့ပတ်သက်ပြီး ပြောပြဖူးသလား'

ချွန်းလန်းသည် ခေါင်းကို ယမ်းခါလိုက်ပြီး....

'အဖေကတော့ မပြောပြဖူးပါဘူး။ အဖေတောင် ဒီကိစ္စကို ဘာမှကြားဦးမယ် မထင်ဘူး'



ဟဲ့ချီက သူမကို ကြည့်၍....

'ချွန်းလန်း၊ နင်ဟာ အဖေကို ရိုသေတဲ့ သမီးဖြစ်တယ်။ ဒီတော့ ဒီကိစ္စအတွက် ဘာမှ စိတ်ပူမနေပါနဲ့'

'ဦးလေးချီကို ကျွန်မ တခုလောက် ပန်ကြားပါရစေရှင်'

'ပြောစမ်းပါဦး'

'ကျွန်မ သိသလောက် ဒီစွမ်းလုံခိုမြို့တမြို့လုံးမှာ ဦးလေးချီတယောက်တည်းပဲ သိုင်းပညာတတ်တယ်လို့ သိရတယ်။ ဒီတော့ ဦးလေးချီ အနေနဲ့ အဲဒီညွှန့်သည်ကို မောင်းထုတ်မပေးနိုင်ဘူးလား။ ဒါမှ ကျွန်မရဲ့အမေ စိတ်ချမ်းသာမှာမို့လို့ပါ။ တကယ်လို့များ ကျွန်မရဲ့အဖေကို ဟိုတချိန်က ဒမြတယောက်ဖြစ်တယ်ဆိုတာ သိသွားခဲ့ယင် ကျွန်မတို့ မိသားစုဟာ ဒီစွမ်းလုံခိုမြို့မှာ ဆက်နေလို့ ရမှာမဟုတ်တော့ဘူး'

ဟဲ့ချီက မျက်မှောင်ကြုတ်လိုက်ပြီး....

'ချွန်းလန်း၊ နင့်အသက်က အများကြီးငယ်ပါသေးတယ်။ တချို့ကိစ္စတွေကို နင် ဘာမှနားမလည်သေးဘူး။ နင် စိုးရိမ်သလို ဘာမှဖြစ်မလာစေရဘူးဆိုတာ ငါ တာဝန်ယူပါတယ်'

ဟဲ့ချီ၏ ပြောစကားကြောင့် ချွန်လန်းမှာ ရွှင်လန်းအားတက်သွားလေသည်။

'ဦးလေးချီကို ကျွန်မ နေ့တိုင်း ဖာရက်တအိုး လက်ဆောင်ပေးပါမယ်။ တကယ်လို့ တအိုးနဲ့မလောက်ဘူးဆိုယင် နှစ်အိုးပေးပါမယ်'

'ကောင်းပြီ။ ဒီလိုဆို အဲဒီခရီးသည်ကို ငါ သွားပြီးတွေ့လိုက်မယ်'

ဟဲ့ချီသည် သူတပါးကို အနိုင်ကျင့်တတ်သူတယောက်မဟုတ်ပါ။ သို့သော် သူ၏ဘဝကံကြမ္မာကြောင့်ပင်လားမသိ။ သူသည် နေရာအနှံ့ သွားလာ လှုပ်ရှားနေရသူ ဖြစ်လေသည်။ သူသည် စွမ်းလုံးခိုမြို့ကို ပို၍ သဘောကျသည်။

သူ့အနေဖြင့် ဤမြို့၌ပင် အလုပ်လုပ်၍ သူ့ဘဝကို ရပ်တည်နေထိုင်နိုင်ခဲ့သည်။ ထို့ပြင် မတရားသူများကိုလည်း သူက ဆုံးမလွှတ်လိုက်သည်ချည်းပင် ဖြစ်၏။

စွမ်းလုံးခိုမြို့သူမြို့သားတိုင်းသည် ဟဲ့ချီကို ခင်မင်လေးစားကြသည်။ ဟဲ့ချီ မတော်တဆ သူတပါးကို မတရားလုပ်မိပါက သူ အရက်မူးလွန်သော အချိန်တွင်သာ ဖြစ်ပေလိမ့်မည်။

ဖုကျန်းကျူးကိစ္စနှင့် ပတ်သက်၍ သူသည် အံ့သြခြင်းမရှိတော့။ သို့သော် သူ့အနေဖြင့် သေသေချာချာ မစုံစမ်း၍မဖြစ်။ ယခု တွေ့နေရသောကိစ္စသည် သူနှင့် တဖြည်းဖြည်း နီးစပ်၍လာပေပြီ။

လူဆိုးတယောက်သည် နှစ်ပေါင်း(၁၅)နှစ်အတွင်း၊ နောင်တ ရရှိပြီး၊ ကောင်းမွန်စွာ လုပ်ကိုင် စားသောက်နေချိန်၌ သွားရောက် နှောင့်ယှက်လျှင်၊ မတရားရာ ကျမည်ဟု သူ ယူဆမိလေသည်။

ထို့ပြင် ချွန်းလန်းဆိုသော မိန်းကလေး၏ နုနယ်သော နှလုံးသားကို မနာကျင်စေလိုပေ။

ဟဲ့ချီသည် ဖုကျန်းကျူးကို ချက်ချင်း သွားရောက် တွေ့ဆုံရန် ဆုံးဖြတ်လိုက်သည်။



ထို့ကြောင့်....ချွန်လန်းကို နှုတ်ဆက်၍၊ အရက်ဆိုင် ရှေ့မှ ပြန်ဖြတ်၍ လျှောက်လာခဲ့လေသည်။

ထိုစဉ်....သူ့ကို လူတယောက်က လှမ်း၍ ခေါ်လိုက်သည်။ ထိုလူမှာ ဆရာကြီးစူးဝူးပင် ဖြစ်၏။ စူးဝူး၏မျက်နှာသည်အထူးပင် တည်ကြည်လှသည်။

သူက ဟဲ့ချီကို ကြည့်၍....

'ဟဲ့ချီ မင်း....အရက်ပြန်သောက်နေပြီလား'

ဟဲ့ချီသည် ပျာပျာသလဲ အရက်အိုးလေးကို နောက်သို့ ဝှက်လိုက်ပြီး....

'ဒီနှစ်ထဲမှာ အရိုးအဆစ်တွေ တရားလွန်ကိုက်နေလို့ နည်းနည်း ပြန်သောက်နေတာပါ'

စူးဝူးက ဟဲ့ချီအား မျက်မှောင်ကြုတ်၍ ပြောလိုက်လေသည်။

'ဟဲ့ချီ မင်းကို ငါ အရက် လျှော့သောက်ခိုင်းတာ မင်းကောင်းဖို့အတွက်ပဲ။ မင်းအနေနဲ့ တသက်လုံး အရက်သမားဘဝနဲ့ နေသွားတော့မှာလား ဟဲ့ချီ။ ယောကျ်ားဆိုတာအချိန်တန် အရွယ်ရောက်ယင် အိမ်ထောင်ပြုရမယ်။ မင်း ဒီလိုသာ အရက်ကို အမြဲသောက်နေယင် ဘယ်မိန်းကလေးကမှ မင်းကို ကြိုက်ကြမှာ မဟုတ်ဘူး'

ဟဲ့ချီက သဘောကျစွာ ပြုံးရယ်၍....

'ဟက်....ဟက်....ဟက်....ဆရာကြီး စူးဝူး ပြောတာ မှန်ပါတယ်။ ဒါပေမယ့် ကျွန်တော် အိမ်ထောင်ပြုဖို့ကို လုံးဝ စိတ်မကူးသေးပါဘူး။ မိန်းမယူတာစိတ်ညစ်ဖို့ သိပ်ကောင်းပါတယ်'

စူးဝူးက ခေါင်းရမ်းပြပြီး....

'မင်း ပြောသလောက်လဲ မဟုတ်သေးပါဘူး။ ခြေဉ်.... ဒါနဲ့ ဝူးဖုန်းက မင်း သူ့ဆီကိုလာခဲ့ပါလို့ ငါ့ကိုမှာလိုက်တယ်'

ဟဲ့ချိက အံ့အားသင့်စွာဖြင့်....

'အခု ချက်ချင်းပဲလား'

'ဟုတ်တယ် ဟဲ့ချိ။ အခုချက်ချင်းတဲ့'

ထို့နောက် ဆရာကြီးစူးဝူးက ဟဲ့ချိအနားကပ်၍ လေသံတိုးတိုးဖြင့် ပြောလိုက်ပြန်သည်။

'ဟဲ့ချိ။ အခု ငါပြောတဲ့ကိစ္စနဲ့ပတ်သက်ပြီးတော့၊ ဘယ်သူမှ မသိပါစေနဲ့'

'ဟဲ့ချိ ထပ်မံ၍ အံ့ဩရပြန်သည်။ သူသည် ယခုနှစ်တနှစ်လုံး ဝူးဖုန်း၏အိမ်တွင် အလုပ်လုပ်နေခဲ့လေသည်။ တခါတရံ အဆင်မပြေလျှင် ဝူးဖုန်းထံမှ ငွေချေးရလေ့ ရှိသည်။

ထို့ပြင် ဝူးဖုန်း၏ အိမ်ဂေဟာတွင် မည်သည့် အခါကမျှ ကြီးကျယ်သော ကိစ္စမရှိခဲ့ဘူးကြောင်း သူသိထားသည်။

အဘယ်ကြောင့် ယခုမှ ဝူးဖုန်းက သူ့ကို လျှို့ဝှက်စွာဖြင့် ခေါ်တွေ့လိုရပါသနည်းဟု ဟဲ့ချိ စဉ်းစားနေမိလေသည်။

ထို့နောက်။ သူသည် စူးဝူးကို နှုတ်ဆက်ပြီး၊ ဝူးဂေဟာ ရှိရာဘက်သို့ ထွက်ခွာလာခဲ့၏။

* * *



(၄)

ဝူးဂေဟာ....။

ဝူးဖုန်းနေထိုင်သော အိမ်ပင်ဖြစ်၏။ ဟဲ့ချိသည် စူးဝူးနှင့် ခွဲခွာလာခဲ့ပြီးနောက်၊ ဝူးဂေဟာသို့ ရောက်ရှိလာခဲ့သည်။

ဝူးဖုန်းကို တွေ့ကိုလိုက်မိသည်နှင့် ဟဲ့ချိသည် တစုံတခုကို တွေးမိ၍ မသိမသာ ပြုံးလိုက်သည်။ ဟဲ့ချိကို အရက်ဖြတ်ခိုင်း သူများထဲတွင် ဝူးဖုန်းလည်း အပါအဝင် ဖြစ်သည်။

ယခုအခါ ဝူးဖုန်းသည် စားပွဲထောင့်တွင် ထိုင်နေသည်။စားပွဲပေါ်၌ ဝါးစိမ်းရွက် အရက်အိုးနှင့် စားသောက်ဖွယ်ရာများကို တင်ထားသည်။

သို့သော် ထိုနေရာသည် ဧည့်ခန်းတခုမဟုတ်ပဲ စာကြည့်ခန်း ဖြစ်နေသောကြောင့် ဟဲ့ချိ၏ စိတ်ထဲ၌ ထူးခြားနေပေသည်။

ဝူးဖုန်းက သူ့ရှေ့မှ ဟဲ့ချိကို မော်၍ ကြည့်လိုက်ပြီး....

'ထိုင်ပါ....'

ဟဲ့ချိ ထိုင်ခုံပေါ်တွင် ထိုင်ချလိုက်၏။ ဝူးဖုန်းက စာကြည့်ခန်း တံခါးများကို လိုက် ပိတ်လိုက်သည်။

ဟဲ့ချိသည် လူဆိုး၊ သူခိုးတယောက် မဟုတ်ပါ။ သူသည် အေးဆေးပျော်ရွှင်စွာ နေထိုင်လိုသူဖြစ်၏။ ထို့ပြင် သူသည် သူတပါးအား ထိခိုက်နစ်နာစေသော အပြုအမူများကို တခါမျှ ပြုလုပ်ဖူးခြင်းမျိုး မရှိခဲ့ပေ။

ဟဲ့ချိ၏ စိတ်ထဲတွင် တစုံတခု ထူးဆန်းနေသည်ဟု ထင်မိသည်။

ဝူးဖုန်းက ပြုံးရွှင်စွာဖြင့်....

'ဟဲ့ချီ....ဘာမှ အားမနာနဲ့။ စားယင်း သောက်ယင်းနဲ့ စကားပြောကြတာပေါ့'

ဟဲ့ချီသည် စားပွဲပေါ် တည်ထားသော အရက်နှင့် ဟင်းလျာများကို သဘောကျသော်လည်း ယူ၍စားသောက်ခြင်း မပြုသေးပေ။

'ကဲ....ဟဲ့ချီ....ယူစားလေ'

ဝူးဖုန်းက ထပ်မံ ပြောဆိုသောအခါမှာ ဟဲ့ချီသည် တူဖြင့်ညှပ်၍ စားယင်း အရက်အနည်းငယ်ကို မော့သောက် လိုက်လေသည်။

ဝူးဖုန်းကိုယ်တိုင်လည်း အရက်တခွက်ကို ငှဲ့ယူလိုက်ပြီး....

'ဟဲ့ချီ....။ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ကိစ္စတခုကို မှတ်မိသေးရဲ့လား။ အဲဒီတုန်းကဆိုယင် ကျုပ် ခင်ဗျားကို အထူးပဲလေးစားမိတယ်။ ပြီးတော့....ခင်ဗျားနာမည်ပြောင်းပြီး စွမ်းလုံခိုမြို့မှာ လာနေတာဟာ ခင်ဗျားမှာ အကြောင်းကိစ္စ တခုကြောင့်ဆိုတာ ကျုပ်သိတယ်။ ဒါပေမယ့်....ဒီကိစ္စနဲ့ ပတ်သက်ပြီး ခင်ဗျားကို ကျုပ်တခါမှ မမေးခဲ့မိဘူး'

ဟဲ့ချီစိတ်ထဲ၌ လေးလံသွား၏။

'ဝူးဖုန်း....လွန်ခဲ့တဲ့သုံးနှစ်က ကိစ္စဟုတ်လား။ လွန်ခဲ့တဲ့ သုံးနှစ်က ဘာကိစ္စတွေများ ဖြစ်ခဲ့ဖူးလို့လဲ'

ဝူးဖုန်းက မျက်မှောင်ကြုတ်၍....

'ဟဲ့ချီ။ ခင်ဗျားတကယ်ပဲ မေ့သွားပြီးလား။ ဒါမှ မဟုတ်ယင်....ကျုပ်ကို ဝေ့လည်ကြောင်ပတ်လုပ်နေတာလား'

ဟဲ့ချီက မဲ့ပြုံးပြုံးလိုက်ကာ....



'ဝူးဖုန်း....ခင်ဗျားရဲ့စကားကို ခင်ဗျားပဲ ဆက်ပြောပါ'

'လွန်ခဲ့တဲ့သုံးနှစ်လောက်က ကျုပ်တို့မြို့ကို သိုင်းသမား သုံးယောက် ရောက်လာပြီး၊ တအိမ်တက်ဆင်း လုယက်တိုက်ခိုက်ကြတယ်။ ခင်ဗျားက အဲဒီ သိုင်းသမားတွေကို ဆုံးမလိုက်တဲ့ကိစ္စလေ....ခင်ဗျားမေ့သွားပြီလား'

ဟဲ့ချီ အနည်းငယ်ပြုံးလိုက်ပြီး....

'သြော်....ဒီကိစ္စလား။ ကျွန်တော် မေ့သွားတာကြာပါပြီ'

ဝူးဖုန်းကမူ၊ အရေးတယူဟန်ဖြင့်....

'ကျုပ်ကတော့ လုံးဝမမေ့နိုင်သေးဘူး။ ကျုပ်ရဲ့ အဖေက ခင်ဗျားအကြောင်းကို ပြောပြတယ်။ ခင်ဗျားဟာ အဆင့်မြင့်သိုင်းသမားဖြစ်တယ်။ ဒါကြောင့်.... သူ့ကို အရက်သမားတယောက်လို့ မထင်ပါနဲ့တဲ့'

ဟဲ့ချီက ရယ်မောလိုက်ယင်း....

'ဝူးဖုန်း....ခင်ဗျားရဲ့အဖေက၊ ကျွန်တော့် မြှောက်ပင့် ပြောနေတာပါ။ အမှန်ပြောရယင် ကျွန်တော့် သိုင်းပညာ တော်လို့မဟုတ်ပါဘူး။ အဲဒီလူသုံးယောက်ဟာ သိုင်းပညာနဲ့ ပတ်သက်ပြီး ဘာမှ နားမလည်လို့ပါ။ ပြီးတော့ သူတို့ကမူးနေလို့ ကျွန်တော် သူတို့ကိုအလွတ်တကူနဲ့ နိုင်လိုက်တာပဲ'

ဟဲ့ချီသည် သူ့စကားဆုံးသွားသည်နှင့် စားပွဲပေါ်မှ အရက်ခွက်ကို မော့ချလိုက်လေသည်။ ဝူးဖုန်းက ဟဲ့ချီ၏အရက်ခွက်ထဲသို့ ထပ်မံ၍ထည့်ပေးလိုက်ပြီး....

‘ဟဲ့ချီ။ တုံစန်းတည်းခိုခန်းကို ဓားကောက်နှစ်လက်နဲ့ သိုင်းသမား တယောက် ရောက်နေတယ် ဆိုတာကိုကော ကြားပြီးပြီလား’

‘အင်း....’

ဟဲ့ချီသည် ကြက်ပေါင်ကြော်တခုကို ကိုင်လိုက်လေသည်။ သူ၏စိတ်ထဲ၌မူ၊ ထိုကိစ္စကို အရေးတကြီးကိစ္စဟူ၍ သဘောမထားမိပေ။

‘သူ့ရဲ့ပြောစကားအရဆိုယင်၊ အဲဒီသိုင်းသမားဟာ၊ ကျုပ်တို့ စမ်းလုံခို့မြို့မှာပုန်းအောင်းနေတဲ့ လူသတ်သမားကို လာရှာတာ ဆိုပဲ။ သူက ခပ်ပြောင်ပြောင်ပဲပြောတယ်။ အဲဒါကိုကော ခင်ဗျား ကြားပြီးပြီလား’

‘အင်း....ဆက်ပြောပါဦး’

ဟဲ့ချီသည် စိတ်ဝင်စားဟန်မပြူ။ သို့သော် ဝူးဖုန်းကမူ ထိုကိစ္စကို လွန်စွာစိတ်ဝင်စားပြီး အလေးအနက်ထားပုံရသည်။ ဝူးဖုန်းသည် လေးနက်တည်ကြည်စွာဖြင့် ဟဲ့ချီအား ကြည့်၍ မေးလိုက်သည်။

‘ဟဲ့ချီ။ ခင်ဗျားကို ကျုပ်စကားတခုမေးမယ်’

ဝူးဖုန်း၏စကားသည် လေးနက်လာသဖြင့် ဟဲ့ချီက သေချာစွာ နားထောင်လိုက်လေသည်။

‘ဟဲ့ချီ....ခင်ဗျား ကျုပ်တို့ရဲ့ဒီစမ်းလုံခို့မြို့ကလေးကို သဘောကျရဲ့လား’

‘ကျွန်တော်ဟာ ဘယ်နေရာကိုပဲ ရောက်ရောက်၊ လေးငါးရက်လောက် နေပြီးတာနဲ့ အဲဒီနေရာကနေခွာပြီး လျှောက်သွားတာပဲ။ ဒါပေမယ့်....ဒီမြို့ကို ကျွန်တော်ရောက်တာ နှစ်အတော်ကြာနေပြီဆိုတော့ ခင်ဗျားမေးနေဖို့လိုသေးရဲ့လား’



ဟဲ့ချီ၏အဖြေမှာ ပြတ်သား ရှင်းလင်းလှပေသည်။

‘ကျုပ်တို့ရဲ့ စမ်းလုံခို့မြို့ကလူတွေဟာ အလုပ်ကို ကြိုးစားကြတယ်။ ဒါကြောင့် တဖြည်းဖြည်းနဲ့ ကျုပ်တို့မြို့ကလေးဟာ ဖွံ့ဖြိုး တိုးတက်လာတယ်။ စည်းလုံးညီညွတ်လာတယ်။ အခု ဖုကျန်းကျူးဆိုတဲ့ သိုင်းသမားရောက်လာလို့ အားလုံးပြောင်းလဲသွားရပြီ’

ဟဲ့ချီက စဉ်းစား၍....

‘ဩော်....ဟုတ်လား’

ဝူးဖုန်းသည် ထိုကိစ္စကို လွန်စွာအရေးထားနေမှန်း ဟဲ့ချီ သိလိုက်သည်။

ဖုကျန်းကျူးသည် စမ်းလုံခို့မြို့ကို အနှောင့်အယှက် ပေးနိုင်သည်မှာလည်း အမှန်ပင်ဖြစ်နေသည်။ ထို့ကြောင့် သူသည် တုန်လှုပ်သွားမိ၏။

ဝူးဖုန်းက ဟဲ့ချီကိုအကဲခတ်၍ကြည့်နေရာမှ....

‘ကျုပ်တို့မြို့မှာ အခြေချနေထိုင်တဲ့ အသက်ငါးဆယ်လူတွေဟာ မနည်းပါဘူး။ အဲဒီလူတွေထဲမှာ ကျုပ်ရဲ့အဖေလဲ ပါတယ်။ ဟဲ့ချီ....ခင်ဗျား ဒီမြို့ကိုရောက်တာကြာပြီပဲ။ ခင်ဗျား ရောက်တဲ့နှစ်ကစပြီး အဲဒီလူကြီးတွေဟာ ဘယ်လိုမကောင်းမှုမျိုးကို ကျူးလွန်တာ ခင်ဗျား တွေ့ဖူးလဲ၊ အခုအချိန်မှာ လူတွေက တောင်တွေး၊ မြောက်တွေးဖြစ်ကုန်ကြပြီ။ ဖုကျန်းကျူး ပြောတဲ့ လူသတ်သမားဆိုတာ ဘယ်သူဖြစ်နိုင်သလဲလို့ စစ်တမ်း

ထုတ်နေကြပြီလေ။ ဒီတော့ သားသမီးဖြစ်တဲ့ ကျုပ်တို့အနေနဲ့ မိဘအတွက်ဘယ်လောက် စိတ်ဆင်းရဲနေရသလဲဆိုတာ။ ပြီးတော့....မြို့သူမြို့သားတွေကလဲ ဒီမြို့မှာလူသတ်သမားတယောက် ပုန်းနေတယ်ဆိုတာသိရတော့ ဘယ်လိုလုပ်စိတ်ချမ်းသာနိုင်တော့မလဲ။ ဒီတော့....ဒီကိစ္စဟာ ဘယ်လောက်အရေးကြီးတယ်ဆိုတာ ခင်ဗျား စဉ်းစားကြည့်စမ်းပါ'

ဟဲ့ချီသည် ဘာမှမတုန့်ပြန်ပဲ မျက်လုံးအစုံကိုကျုံ့၍စဉ်းစားနေသည်။

ဝူးဖုန်းသည် ဟဲ့ချီအား သူတွေ့လိုသည့်အကြောင်းကို ယခုမှစတင် ပြောလိုက်လေသည်။

'ဟဲ့ချီ....အဲဒါကြောင့် ခင်ဗျားကို ကျုပ် ခေါ်တွေ့ရတာပေါ့။ တကယ်လို့များ ခင်ဗျားဟာ စွမ်းလုံခိုမြို့ကို ချစ်တယ်ဆိုယင်တော့ ဒီကိစ္စအတွက် တခုခုလုပ်ပေးဖို့ ကောင်းပါတယ်'

ဟဲ့ချီသည် နားမလည်ဟန်ဖြင့်....

'ဝူးဖုန်း....ခင်ဗျားဖြစ်စေချင်တာကိုပဲပြောပြပါ'

ဝူးဖုန်းက တလုံးချင်းပြောချလိုက်၏။

'ဖုကျန်းကျူးကို ခင်ဗျားဒီမြို့ကနေ နှင်ထုတ်ပစ်ပါလား....'

ဟဲ့ချီ၏အမူအရာမှာ ပြောင်းလဲမှုမရှိပေ။ တည်ငြိမ် လွန်းလှသည်။ အရက်ကိုဖြည်းညင်းစွာ အချိန်ဆွဲ၍ သောက်နေသည်။ ဟဲ့ချီအနေဖြင့် ဤမေးခွန်းကို မည်သို့ တုန့်ပြန်ရမည်မှန်း စဉ်းစားနေပုံပေါ်သည်။

ခဏနေမှ သူက....

'ဝူးဖုန်း....ခင်ဗျားအခုကိစ္စကို ဘယ်လိုထင်သလဲ'



ဝူးဖုန်းက စဉ်းစားဟန်ဖြင့်....

'မဖြစ်နိုင်ဘူးလို့ထင်ပါတယ်'

ဝူးဖုန်း၏ထင်မြင်ချက်မှာ ပြတ်သားလှ၏။ သူ့အနေဖြင့် ဖုကျန်းကျူးသည် ထင်ရာပြောခြင်းဖြစ်သည်ဟု ယူဆသည်။

ဟဲ့ချီက ရုတ်တရက် ပြန်၍မေးလိုက်၏။

'တကယ်လို့များ ဖုကျန်းကျူးပြောတာ မှန်နေခဲ့ယင်ကော'

ဝူးဖုန်းသည် ခေတ္တမျှတွေဝေသွား၏။ သူ၏ မျက်နှာသည် မသိမသာပျက်သွားပြီးမှ ဖြေလိုက်သည်။

'အင်း....ဖုကျန်းကျူးပြောတာ မှန်မယ် ဆိုယင်လည်း ခင်ဗျားစဉ်းစားကြည့်စမ်းပါ။ လွန်ခဲ့တဲ့(၁၅)နှစ်အတွင်းမှာ အဲဒီလူဟာ မကောင်းမှုဘာမှထပ်မလုပ်တော့ဘူး၊ ဒါကို ကြည့်ခြင်းအားဖြင့် အဲဒီလူဟာနောင်တရပြီး လူကောင်းဖြစ်သွားပြီပဲ။ ဒီတော့ အဲဒီလူဟာ ဒီစွမ်းလုံခိုမြို့လေး စည်ကား လာအောင်လုပ်ဆောင်ခဲ့သူထဲမှာ ပါချင်ပါလိမ့်မယ်။ ဒါကြောင့်မို့လို့ ကျုပ်တို့အနေနဲ့ ဖုကျန်းကျူးကို ဒီမြို့ကနေနှင်ထုတ်ပစ်ဖို့ကောင်းတယ်လို့ ပြောရတာပေါ့'

'ဝူးဖုန်း....ကျွန်တော်တွေးမိတာက တခုရှိတယ်။ ခင်ဗျား အပြစ်မတင်ဘူးဆိုယင်တော့ ကျွန်တော်ပြောပြပါ့မယ်'

'မတင်ပါဘူး၊ ပြောပါ'

သူသည် တည်ငြိမ်စွာဖြင့်....

'ဝူးဖုန်း ဒီမြို့မှာနာမည်ပြောင်းပြီး ပုန်းနေတဲ့ လူသတ်သမားလုံးဝမရှိခဲ့ယင် ဖုန်ကျန်းကျူးကိုနေရာမှားနေတယ်လို့ကျွန်တော်ပြောပြလိုက်မယ်။ တကယ်လို့များ အဲ့ဒီလူသတ်သမားရှိနေခဲ့ယင်

လည်း လွန်ခဲ့တဲ့ (၁၅)နှစ်ကျော်ကျော်ကတည်းက အဲဒီလူဟာ နောင်တရပြီး အခုချိန်မှာ လူကောင်းတယောက် ဖြစ်နေပါပြီလို့ ဖုန်ကျန်းကျူးနားလည်အောင် ရှင်းပြမယ်။ ဒါဆိုယင် ဖုကျန်းကျူး ဒီမြို့ကနေထွက်သွားလိမ့်မယ်လို့ ထင်တယ်။ ကျွန်တော်တို့ အနေနဲ့ နောင်တရရှိပြီး လူကောင်းဖြစ်နေတဲ့လူတယောက်ဘက်မှ ကာကွယ်ပေးရမယ်။ ဒါပေမယ့် ဒီကိစ္စမှာ အရေးအကြီးဆုံးက အားလုံးကိုပွင့်ပွင့်လင်းလင်းနဲ့ မှန်မှန်ကန်ကန် လုပ်ဆောင်မှ ဖြစ်မယ်။ ဒါမှမဟုတ်ယင် စွမ်းလုံခိုမြို့က မတရားလုပ်တယ်ဆိုပြီး လူတကာ ကဲ့ရဲ့ကြမှာသေချာတယ်'

ဝူးဖုန်းက စိတ်ကိုချုပ်တည်းလိုက်ပြီး....

'ဟဲ့ချိ....ခင်ဗျားစကားက ဖုကျန်းကျူးဘက်ကနေ ကူညီရာ တောင် ရောက်မနေဘူးလား'

ဟဲ့ချိက မဲ့ပြုံးတချက်ပြုံးလိုက်ပြီး

'ကျွန်တော်နားလည်ပါတယ် ဝူးဖုန်း။ ဒါပေမယ့် ဒီလို သဘောထားမျိုး ကျွန်တော်မထားချင်ပါဘူး'

ဝူးဖုန်းက ခေါင်းကို အသာအယာ ယမ်းခါပြလိုက်ကာ...

'ပွင့်ပွင့်လင်းလင်းပဲပြောကြရအောင်ဗျာ။စွမ်းလုံခိုမြို့အတွက် ဖုကျန်းကျူးကို ခင်ဗျားနှင်ထုတ် မပေးနိုင်ဘူးလား'

သူက အေးဆေးစွာဖြင့်ပင်....

'ဝူးဖုန်း....ဖုကျန်းကျူးဟာ ဘယ်သူ့ကိုမှ ရမ်းကား တိုက်ခိုက်ခြင်းမရှိသေးဘူး။ မြို့သူမြို့သားတွေကိုလဲ အနှောင့်အယှက် မပေးသေးဘူးဆိုယင်တော့ ကျွန်တော့်အနေနဲ့ ဖုကျန်းကျူးကို လုံးဝနှင်မထုတ်နိုင်ဘူး'



ဝူးဖုန်းသည် သူ၏ဒေါသကို မျိုသိပ်ထားလိုက်၏။ သူသည် ဟဲ့ဟဲ့ကို နားမလည်နိုင်အောင် ဖြစ်နေသည်။

သို့သော် သူသည်တတ်နိုင်သမျှ စိတ်ကို ချုပ်ထိန်းထားလိုက်ပြီး....

'ဟဲ့ချိ....ခင်ဗျားဟာအိမ်ထောင်ပြုဖို့ကောင်းတဲ့အရွယ်ရောက်နေပါပြီ။ အခုထိခင်ဗျားမှာ နေဖို့အိမ်မရှိဘူး။ တကယ်လို့များ မိန်းကလေးတယောက်ကို ခင်ဗျားကြိုက်လို့ရှိယင်တောင် ယူဖို့ ငွေလဲခင်ဗျားမှာမရှိဘူးမဟုတ်လား။ ဒီတော့ခင်ဗျားကို ကျုပ် စေတနာနဲ့ပြောပြမယ်။ ဖုကျန်းကျူးကိုနှင်ထုတ်ပေးမယ်ဆိုယင် ခင်ဗျားကိုကျုပ် အိမ်တအိမ်နဲ့ ငွေဒင်္ဂါး တသောင်းပေးမယ်။ ဘယ်လိုလဲ....ခင်ဗျားနှင်ထုတ်ပေးနိုင်ပါ့မလား'

သူသည် သဘောကျစွာပြုံးလိုက်၏။ သူသည် ဆင်းရဲသားတယောက်ဖြစ်သည်။ သို့သော် မာနကြီးသူ ဖြစ်၏။ မတရားမှုမှန်သမျှကို ရွံမုန်းသူဖြစ်ပေသည်။

'ဝူးဖုန်း ခင်ဗျားရဲ့စေတနာကို ကျွန်တော် အထူးပဲ ကျေးဇူးတင်ပါတယ်။ လူ့ဘဝမှာ ချမ်းသာသယ်၊ ဆင်းရဲတယ်ဆိုတာ ကံပါပဲ။ ဒီတော့ ချမ်းသာတာ ဆင်းရဲတာကို ကျွန်တော် ဂရုမစိုက်ပါဘူး။ ဒါကြောင့် ကျွန်တော် ဘာမှ မမက်မောပါဘူး....'

ဝူးဖုန်းသည် မခံချိမခံသာ ဖြစ်သွားကာ....

'ဟဲ့ချိ၊ ခင်ဗျား ဘာကိုလိုချင်သလဲ ပြောစမ်းဗျာ'

ဟဲ့ချိကပြုံး၍....

'ကျွန်တော် လိုချင်တာကတော့ စိတ်ချမ်းသာဖို့ရယ်၊ တရားမျှတမှုရယ်ပဲ ဖြစ်တယ်'

ဟဲ့ချိက စကားဆုံးသည်နှင့် ထိုင်ရာမှ ထလိုက်လေသည်။

'ကဲ....ဦးဖုန်း၊ ညဉ့်တောင် အတော်နက်နေပြီ။ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး'

ပြောပြောဆိုဆိုပင် ဟဲ့ချိသည် ဦးဖုန်း၏ရှေ့မှ ထွက်ခွာသွားလေတော့သည်။

ဦးဖုန်းသည် ကြက်ကြီးလည်လိမ်ထားသလို ငေးငိုင်၍မထွေးနိုင်၊ မအံနိုင်ဖြစ်ကာ ကျန်ရစ်ခဲ့လေသည်။

*　　*　　*

( ၅ )

တုံစန်းတည်းခိုခန်းရှိ အခန်းနံပါတ် ၇ မှ ဖုကျန်းကျူးသည် အိပ်စက်အနားယူနေသည်။

သူသည် ကိုယ်ပေါ်မှ အဝတ်အစားများနှင့် ဓားများကို ချွတ်ထားခြင်း အလျဉ်းမရှိ။ ထို့ပြင် အိပ်ခန်း တံခါးကိုလည်း ပိတ်ထားခြင်းမပြုပေ။

ထိုကဲ့သို့ လုပ်ဆောင်ချက်သည် သူ၏ရန်သူဖြစ်သော လူသတ်သမားကို မျှား၍ ဖိတ်ခေါ်နေသယောင်။

အိပ်ခန်းထဲ၌ မီးရောင်သည် မှိန်ဝါးဝါးမျှသာ ရှိသည်။ အဘယ့်ကြောင့်ဆိုသော် ဖုကျန်းကျူး မအိပ်မီကပင် မီးဇာကို



ကိုက်ညှပ်ခြင်းမပြုပဲ ထွန်းထားခြင်းကြောင့် မီးဇာသည် တဖြည်းဖြည်း လောင်ကျွမ်းလာပြီး မီးရောင်မှုန်ဝါးလာခြင်းပင်ဖြစ်၏။

ထိုအချိန်မှာပင် ဖုကျန်းကျူး၏ အိပ်ခန်းတံခါးဝမှ ချောင်းဟန့်သံကို ကြားလိုက်ရလေသည်။

သို့သော် ဖုကျန်းကျူးသည် လုံးဝလှုပ်ရှားခြင်း မရှိပါ။ မူလအတိုင်း အိပ်ယာထက်၌ ငြိမ်သက်စွာ အိပ်စက်နေဆဲပင်ဖြစ်သည်။

ဖုကျန်းကျူးဆီရောက်ရှိလာသောသူမှာ ဟဲ့ချိ ဖြစ်၏။

သူသည် ပွင့်နေသော တံခါးဝမှ အခန်းထဲသို့ လှမ်းဝင်ခြင်း မပြုသေးပါ။ သူက အသံပြုသော်လည်း တဘက်လူထံမှ လှုပ်ရှားခြင်း မတွေ့ရ၍ အခန်းတံခါးကို သုံးချက်မျှ ခေါက်၍ အသံပြုလိုက်ပြန်သည်။

'ဒေါက်....ဒေါက်....ဒေါက်'

တံခါးခေါက်သံကြားမှ ဖုကျန်းကျူးသည် မျက်လုံးကို အသာအယာဖွင့်၍ ကြည့်လိုက်သည်။ ထို့နောက် သူသည်လေသံတိုးတိုးဖြင့် လှမ်း၍ မေးလိုက်၏။

'ဘယ်သူလဲ'

'ကျွန်တော် ဟဲ့ချိပါ....'

အပြင်မှလူ၏ ပြောဆိုသံကို ကြားလိုက်ရသည်နှင့် ဖုကျန်းကျူးသည် ခုတင်ပေါ်မှထ၍ ထိုင်လိုက်၏။ ထို့နောက် အပြင်မှလူကို ဖိတ်ခေါ်လိုက်သည်။

'ဩော်....စွမ်းလုံခိုမြို့က အရက်အိုးကြီး ဟဲ့ချိကိုး။ ကြွပါခင်ဗျာ ကြွပါ....အထဲကိုသာ ဝင်လာခဲ့ပါ'

ဖုကျန်းကျူးဆီမှ ဖိတ်ခေါ်ချက်ရမှ ဟဲ့ချီက အခန်းထဲသို့ ဝင်လာခဲ့၏။

ဟဲ့ချီက မီးခွက်အနီးသို့ လျှောက်သွားပြီး မီးဇာကို ပြုပြင်လိုက်၏။ မီးရောင်သည် ပိုမိုတောက်ပလာသည်။ အခန်းထဲ၌ ထိုင်ခုံလွတ် နှစ်လုံးသာရှိသည်။

ဟဲ့ချီက ထိုင်ခုံ၌ထိုင်ခြင်း မပြုပါ။ ပြတင်းပေါက်နားသို့ လျှောက်သွားလေသည်။ ထို့နောက် ပြတင်းပေါက်ဘောင်ကို ကိုင်ယင်းမှ....

'ဖုကျန်းကျူး....ခင်ဗျား လူသတ်သမားတယောက်ကို လာရှာတယ်ဆိုတာ အမှန်ပဲလား'

ဖုကျန်းကျူးက အေးစက်စွာပြုံး၍....

'မှန်ပါတယ်'

ဟဲ့ချီက ဖုကျန်းကျူးဘက်သို့ လှည့်မကြည့်ပဲ ထပ်မံပြောလိုက်ပြန်သည်။

'တကယ်ပဲ လူသတ်သမားကိုလာရှာတာဆိုယင်တော့ အခုလို ပြောင်ပြောင်တင်းတင်းလုပ်ဖို့ မကောင်းပါဘူး'

'ဘာဖြစ်လို့လဲ'

'ဒီလိုလုပ်တော့ တဘက်ရန်သူကို အခွင့်အရေးပေးရာ ရောက်မနေဘူးလား ဖုကျန်းကျူး'

ဖုကျန်းကျူးက ခေါင်းညိတ်၍....

'အင်း....ရောက်တာပေါ့'

ဟဲ့ချီကဆက်၍ ပြောပြန်သည်။



'ဖုကျန်းကျူး၊ ခင်ဗျား ဒီလိုပြောင်ပြောင်တင်းတင်း လုပ်မယ့်အစား ရန်သူကို တိတ်တဆိတ် စုံစမ်းတာက ပိုပြီးမကောင်းဘူးလား'

ဖုကျန်းကျူးသည် ချက်ချင်း အဖြေမပေးသေးပါ။ အတန်ကြာမှ....

'ကျွန်တော်သိရသလောက် စွမ်းလုံခို့မြို့မှာ ဟဲ့ချီဟာ ရဲစွမ်းသတ္တိရှိတယ်ဆိုပဲ။ ဒါပေမယ့် ခင်ဗျားဟာ ကိုယ်နဲ့ မဆိုင်တဲ့ကိစ္စကို ဝင်ပြီး မစွက်ဖက်ယင် ကောင်းမယ်လို့ထင်တယ်'

ဟဲ့ချီသည် စောစောကပင် အရက်သောက်ထား၍ စိတ်ထဲ၌ ကြည်လင်နေသည်။ ထို့ကြောင့် ဟဲ့ချီက အေးဆေးစွာ ပြန်၍ ပြောလိုက်သည်။

'ဖုကျန်းကျူး ခင်ဗျားက ကျုပ်ကို မြှောက်ပင့်ပြောဆိုပြီးမှ ခြိမ်းခြောက်နေတာလား'

ဖုကျန်းကျူးက အေးစက်သောလေသံဖြင့်....

'ဟုတ်တယ် ဟဲ့ချီ၊ ခင်ဗျားကို ကျုပ်က စေတနာနဲ့ သတိပေးနေတာပဲ'

'ဟဲ....ဟဲ....ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ဟဲ့ချီဆိုတဲ့ ကျုပ်ကတော့ ဘယ်သူ့ကိုမှ ဂရုစိုက်တဲ့လူ မဟုတ်ဘူးဆိုတာ ခင်ဗျား သိထားစေချင်တယ်'

ဖုကျန်းကျူးက စကားဆက်မပြောပဲ ငြိမ်နေလိုက်သည်။ အခန်းထဲ၌ အခြေအနေသည် အေးစက်တင်းမာ၍နေ၏။ ဟဲ့ချီက ဆက်၍ပြောလိုက်သည်။

ဖုကျန်းကျူး ခင်ဗျားကိုလဲ ကျုပ် သတိပေးရဦးမယ်။ ခင်ဗျား လုပ်စရာရှိတာကို ဆက်ပြီးလုပ်နိုင်တယ်။ ဒါပေမယ့် ဒီစွမ်းလုံခိုမြို့မှာ နောက်ထပ် တရက် နှစ်ရက်လောက်ပဲ ခင်ဗျားကို တွေ့ချင်တယ်။ အဲ့ဒီနောက်ပိုင်းဆိုယင် ကျုပ် ခင်ဗျားကို လုံးဝ မမြင်ချင်တော့ဘူး'

'ဟာ....ဒီလိုတော့ ဘယ်ဖြစ်ပါ့မလဲ။ ဒီရက်ပိုင်းမှာ ကျုပ်ကိစ္စမပြီးပြတ်သေးယင် ဘယ့်နှယ်လုပ်မလဲ'

'ဒါက ခင်ဗျားရဲ့ကိစ္စပဲ၊ ကျုပ်ကတော့ ခင်ဗျားကို ပြောထားတဲ့ရက်အတွင်း စွမ်းလုံခိုမြို့မှာ ခင်ဗျားကို မမြင်ချင်ဘူး'

ဖုကျန်းကျူးက မဲ့ပြုံး ပြုံး၍ နေလိုက်သည်။ ဟဲ့ချီ၏ စကားကို တုံ့ပြန်ခြင်းမပြုပေ။

ဟဲ့ချီသည် သူ၏ စကားဆုံးသည်နှင့် အခန်းအပြင်ဘက်သို့ ထွက်ခွာသွားလေတော့သည်။

* * *

( ၆ )

ဟဲ့ချီ ထွက်ခွာသွားပြီး မကြာမီမှာပင် လူတယောက် ထပ်မံ ရောက်ရှိလာ၏။

ထိုလူသည် အခြားမဟုတ်ပါ။ ရှောင်ကျွတ်ဖေ့ ပင်ဖြစ်၏။ သူမသည် အခန်းတံခါးဝ၌ ခပ်နွဲ့နွဲ့လေး မှီ၍ရပ်နေပြီး ပြုံးလိုက်သည်။



'ဖုကျန်းကျူး၊ ရှင် ဟဲ့ချီနဲ့ တွေ့ပြီးပြီ မဟုတ်လား'

ဖုကျန်းကျူးက ခေါင်းညိတ်ပြလိုက်၏။ ထို့နောက် ရှောင်ကျွတ်ဖေ့အား လှမ်း၍ ခေါ်လိုက်သည်။

'ရှောင်ကျွတ်ဖေ့....အထဲကိုဝင်လာခဲ့လေ'

ရှောင်ကျွတ်ဖေ့က အခန်းတံခါးဝမှနေ၍....

'ဖုကျန်းကျူး၊ ရှင် ကျွန်မနဲ့ စကားပြောချင်ယင် ငွေဒင်္ဂါး တပြား အလျင်ပေးမှ ဖြစ်မယ်'

ဖုကျန်းကျူးက စကားထပ်မံ မပြောပါ။ သူ၏ အိတ်ထဲမှ ငွေဒင်္ဂါးတပြားကို နှိုက်ထုတ်၍ ရှောင်ကျွတ်ဖေ့ ဆီသို့ ပစ်ပေးလိုက်၏။ သူမက ဖမ်းယူပြီး အခန်းထဲသို့ဝင်လာလေသည်။

'ဖုကျန်းကျူး၊ ရှင့်ငွေကိုတော့ ကျွန်မ ယူပြီးပြီ၊ ဒါပေမယ့် စကားမပြောခင်မှာ ရှင့်ကို ကြိုပြီးသတိပေးထားပါရစေ၊ ဟဲ့ချီနဲ့ ပတ်သက်တဲ့ မေးခွန်းတွေကိုပဲ ကျွန်မ ဖြေနိုင်မယ်နော်'

'ဘာဖြစ်လို့လဲ'

'ဩော်....ရှင်က ရေရှည်ဆက်ဆံသင့်တဲ့လူပဲ၊ ရှင် အခု ခရီးထွက်လာတာဟာ ငွေတော်တော်လေးပါလာပုံရတယ်။ ဒါမှ ရှင့်ဆီက ငွေတွေကို ကျွန်မ ဒီနည်းနဲ့ ငွေများများရအောင် ယူနိုင်မယ်'

ရှောင်ကျွတ်ဖေ့၏ စကားသည် ပွင့်လင်းလှ၏။ ထို့ပြင် သူမသည် ပျော်တော်ဆက်မယ် ဖြစ်သော်လည်း ဉာဏ်ကောင်းသူဖြစ်ပေသည်။

'ကဲ.... ဒါဖြင့် ဟဲ့ချီနဲ့ ပတ်သက်ဟဲ့ အကြောင်းတွေကို ကျွန်တော့်ကို ပြောပြပါ'

ရှောင်ကျွတ်ဖေ့က တခဏကြာမှ....

'ဟဲ့ချီဟာ ကျွန်မတို့စွမ်းလုံချိုမြို့ကိုရောက်လာတာ သိပ်မကြာသေးဘူးရှင့်။ သူဟာ သတ္တိရှိတဲ့လူတယောက်ဆိုတာ ရှင်သိထားပြီးပြီ မဟုတ်လား'

ဖုကျန်းကျူးက ခေါင်းညိတ်လိုက်၏။

'သိပါတယ်'

ရှောင်ကျွတ်ဖေ့က ပြုံးရယ်၍....

'ဟဲ့ချီဟာ အလျင်တုန်းက ချမ်းသာခဲ့တယ်။ သိုင်းပညာကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ထားပြီး ပျော်ပျော်ပါးပါးနေတတ်တယ်။သူကအရက်သောက်ပြီးယင် အေးအေးဆေးဆေး အနားယူတတ်တယ်။ သူဟာ မမူးယင် ပြဿနာရှာတယ်။ အဲ.... သူ မူးလာယင်တော့ ငြိမ်ငြိမ်လေးနေတတ်တယ်ရှင့်'

ရှောင်ကျွတ်ဖေ့သည် စကားကို ခဏရပ်လိုက်ပြီး အသက်ကို တချက်ရှိုက်၍ ရှူလိုက်သည်။

'သူက နာမည်ပြောင်းပြီး ဒီမြို့မှာ လာနေတယ်။ သူဟာ သဘောကောင်းတဲ့သူ ဖြစ်ပေမယ့် စွမ်းလုံချို မြို့သူမြို့သားတွေကတော့ သူ့အပေါ်မှာ စေတနာသိပ်မရှိလှပါဘူး။သူ့အပေါ် စေတနာတကယ်ထားတဲ့သူကတော့ ဆရာကြီးစူးစူး တယောက်ပဲရှိတယ်'

ဖုကျန်းကျူးက မျက်မှောင်ကြုတ်လိုက်ကာ....

'ဆရာကြီးစူးစူး ဟုတ်လား'

'ဟုတ်တယ်။ သူကတော့ ရှင်လိုက်ရှာနေတဲ့ လူသတ်သမားနဲ့ မတူဘူးလား'



'လုံးဝမတူဘူး'

'ရှင် ဘယ်လိုလုပ်ပြီး ပြောနိုင်သလဲ'

ဖုကျန်းကျူးက ပြုံး၍....

'တကယ်လို့များ ကျွန်တော်ရှာနေတဲ့လူသတ်သမားဖြစ်မယ်ဆိုယင် အဲဒီလူဟာ ကျွန်တော့်ရှေ့မှာ ဘယ်လိုမှ ဖုံးကွယ်နိုင်ဖို့မလွယ်ပါဘူး။ ဒါကြောင့် စူးစူးဟာ မဟုတ်ဘူးလို့ ကျွန်တော်ပြောနိုင်တာပေါ့'

ရှောင်ကျွတ်ဖေ့က မျက်လုံးလေးဝိုင်း၍ သူ့ကိုကြည့်ပြီး....

'ရှင် လူသတ်သမားကို သိနေသားပဲ။ ဘာဖြစ်လို့ ရှင်က လူသတ်သမားကို လိုက်မရှာရတာလဲ'

ဖုကျန်းကျူးက ခေါင်းကိုယမ်းခါပြလိုက်ယင်း....

'ကျွန်တော့်အနေနဲ့ ဒီလိုမလုပ်ချင်ပါဘူး။ ကျွန်တော်သာ လူသတ်သမားကို လိုက်ရှာနေယင် အပြစ်မရှိတဲ့ စွမ်းလုံချိုမြို့သားတွေကို ဒုက္ခပေးသလိုဖြစ်မှာစိုးလို့ပဲ'

'ရှင် ဘာပဲပြောပြော ရှင့်စကားကို ဘယ်သူကမှယုံကြည်မှာမဟုတ်ဘူး။ ဖုကျန်းကျူး.... ကျွန်မ တခုမေးပါရစေ၊ ရှင့်အဲဒီ လူသတ်သမားကို ဘာဖြစ်လို့ ဒီလောက် သည်းကြီးမဲကြီးလိုက်ရှာနေရတာလဲ'

ဖုကျန်းကျူး၏ မျက်နှာသည် ရုတ်တရက် တင်းမာသွားသည်။

'ရှောင်ကျွတ်ဖေ့ ကျွန်တော့်ကို သိခဲ့လို့ရှိယင် ခင်ဗျား ကိုယ်ချင်းစာလာမှာပါ'

'ဒါဖြင့် ကျွန်မကို ပြောပြပါလား'

'ကျွန်တော့်ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စ သိချင်တဲ့ လူဟာ ခင်ဗျားတယောက်တည်းပဲရှိသေးတယ်'

'ဘာဖြစ်လို့လဲ'

'ဒါတော့ ကျွန်တော်လဲ မပြောတတ်ဘူး'

ရှောင်ကျွတ်ဖေ့က ပြုံး၍....

'ကဲ ပြောပြလေ'

'အင်း....ကျွန်တော် ပြောပြပါ့မယ်။ ဒါပေမယ့် ခင်ဗျားဟာ ကျွန်တော် ပြောပြတာကို ယုံကြည်မှုဖြစ်မယ်'

'ကျွန်မ ယုံကြည်ပါတယ်ရှင်'

ဖုကျန်းကျူး၏မျက်နှာသည် မှုန်မှိုင်းသွားသည်။ အတိတ်မှ အရိပ်များသည် တငွေ့ငွေ့ဖြင့် လောင်မြိုက်ထင်ဟပ်လာသည်။

'ဟိုး....လွန်ခဲ့တဲ့နှစ်ပေါင်းနှစ်ဆယ်လောက်ကပေါ့၊ ကျွန်တော်တို့ နေတဲ့အိမ်ကိုလူသတ်သမားတယောက်ရောက်လာတယ်။ သူ့ရဲ့ ရည်ရွယ်ချက်က လူသတ်ဖို့ပဲ ဖြစ်တယ်'

ရှောင်ကျွတ်ဖေ့က ဖုကျန်းကျူးကို မော့်ကြည့်လိုက်ပြီး....

'ဒီတုန်းက ရှင်ဟာ အဲဒီနေရာမှာ ရှိခဲ့လို့လား'

'မရှိပါဘူး။ အဲဒီအချိန်မှာ ကျွန်တော်ဟာ ကျွန်တော့်ရဲ့ ဦးလေးအိမ်မှာ ရောက်နေပါတယ်'

'ဟင် ဒါဖြင့် ရှင် ဘယ်လိုလုပ် တိတိကျကျ သိနိုင်သလဲ'

'အိမ်နီးချင်းတွေက ပြောပြလို့သိရတာပါ။ အစကဆို အဲဒီ အိမ်နီးချင်းတွေကိုတောင် ကျွန်တော် မကျေမနပ်ဖြစ်ပြီး မုန်းခဲ့သေးတယ်'

'ဘာဖြစ်လို့လဲ'



ဖုကျန်းကျူးသည် အခန်းအပြင်ဘက်ကို လှမ်း၍ ကြည့်လိုက်ကာ....

'ဩော်....ဒီလိုပါ အိမ်နီးချင်းတွေဟာ ဒီလောက်ထိတောင် သတ္တိမရှိကြဘူးလားလို့ပေါ့။ နောက်တော့ သူတို့ဟာလယ်သမားတွေပဲ။ ဒီတော့ ဓားကိုင်တဲ့လူမြင်ယင်ပဲ ဒူးတုန်မတတ်ကြောက်ရွံ့နေကြလိမ့်မယ်ဆိုတာ စဉ်းစားမိခဲ့တယ်'

ရှောင်ကျွတ်ဖေ့က စိတ်ဝင်စားစွာဖြင့်....

'အင်း....ဒါနဲ့ အဲဒီလယ်သမားလေွကက ဘယ်နေရာမှာ ရှိနေကြသလဲ'

'အဲဒီ လူသတ်သမားဟာ ပထမဆုံး ကျွန်တော်တို့အိမ်ထဲကို ဝင်လတယ်။ နောက်တော့ ကျွန်တော့်အဖေကို ဖမ်းချုပ်တယ်။ တဖြည်းဖြည်း ညှဉ်းဆဲပြီးမှ သတ်တယ်။ သူက ဓားတို့ လှံတို့နဲ့ ထိုးခုတ်ပြီး သတ်တာမဟုတ်ဘူး'

ရှောင်ကျွတ်ဖေ့က မျက်လုံးကလေး ပြူးသွားကာ....

'ဟင်....ဘယ်လိုလုပ်ပြီး သတ်တာလဲ'

ဖုကျန်းကျူး၏ သွင်ပြင်သည် ဝမ်းနည်းကြေကွဲ၍ လာပေသည်။

'အဲဒီ လူသတ်သမားက ကျွန်တော့်အဖေရဲ့ လည်ပင်းကို လက်သီးနဲ့ထိုးပြီး သတ်ခဲ့တာ ဖြစ်တယ်။ ကျွန်တော့် အဖေရဲ့ မချိမဆန့် အော်ဟစ်သံကို နားထောင်ပြီး တဟား ဟားနဲ့ ရယ်နေကြတယ်။ အဲ့ဒီအချိန်မှာပဲ ကျွန်တော့်အမေဟာ ကျွန်တော့် ညီမလေးနဲ့အတူ ရှိနေတယ်'

ရှောင်ကျွတ်ဖေ့၏မျက်နှာသည် ဖြူဖပ်ဖြူရော် ဖြစ်သွားပြီးမှ....

'ပြီးတော့ကော ဘာဆက်ဖြစ်သေးလဲ'

'ကျွန်တော့်အမေဟာ၊ ကျွန်တော့်အဖေရဲ့ အဖြစ်ကိုမြင်ရတော့ ထိတ်လန့်ပြီး သတိလစ်သွားတယ်။ နောက်တော့လူသတ်သမားက ကျွန်တော့်ညီမလေးကို ခြေထောက်နဲ့ကန်တယ်'

ရှောင်ကျွတ်ဖေ့၏မျက်နှာ၌ အပြောင်းအလဲများ ဖြစ်ပေါ်လာသည်။ သူမသည် စိတ်ဝင်စားစွာ နားထောင်နေသည်။

ဖုကျန်းကျူးက ဆက်၍ ပြောလိုက်သည်။

'နောက်တော့ အဲဒီ လူသတ်သမားဟာ သတိရလာတဲ့ ကျွန်တော့်အမေကို ဆံပင်ဆွဲပြီးပါးရိုက်တယ်။ ပြီးမှကျွန်တော့်အမေကိုပါသတ်ပြီး တအိမ်လုံးမှာရှိတဲ့ ရွှေ၊ ငွေတွေကိုယူပြီး ထွက်သွားတော့တာပါပဲ။ ကျွန်တော့် ညီမလေးဟာ ခြေထောက်နဲ့ ကန်ထားတဲ့ ဒဏ်နဲ့ပဲ သေသွားတယ်။ လူသတ်သမား ထွက်သွားတော့မှ အိမ်နီးချင်းတွေက ကျွန်တော့်ကို လာခေါ်လို့ ရောက်သွားတော့ သေနေတာပဲ တွေ့ရတော့တယ်'

ဖုကျန်းကျူးက တည်ငြိမ်စွာနှင့် ဆက်လက် ပြောဆိုနေပြန်သည်။

'အဲဒီနောက်ပိုင်းမှာ ကျွန်တော်ဟာ အမြဲတမ်း ပူးဆွေးခဲ့ရတယ်။ ဒီလိုနဲ့ အသက် ၁၂ နှစ်လောက်မှာ မိဘတွေရဲ့ အုတ်ဂူရှေ့ကို သွားပြီး ကျွန်တော် အဲဒီ လူသတ်သမားကို လက်တုန့်ပြန်မယ်လို့ ကတိပေးလိုက်တယ်'



ရှောင်ကျွတ်ဖေ့က သူ့အား အကဲခတ်သလို ကြည့်လိုက်ပြီးမှ....

'ရှင်က ဘယ်လို လက်တုန့်ပြန်မယ်လို့ စိတ်ကူးထားသလဲ....'

ဖုကျန်းကျူးက ပြုံးလိုက်၏။

'ဟဲ....ဟဲ....ဟဲ....ကျွန်တော်လဲ သူလုပ်သလို ပြန်လုပ်ရမှာပေါ့။ အဲဒီ လူသတ်သမားရဲ့ လည်ပင်းကို လက်သီးနဲ့ထိုးမယ်။ ဆံပင်ကိုဆွဲပြီး လက်သီးနဲ့ ထိုးမယ်။ ကန်မယ်လေ'

ရှောင်ကျွတ်ဖေ့က သူ့ကိုကြည့်လိုက်ပြီး....

'ဖုကျန်းကျူး....ရှင်....အဲဒီလို မလုပ်လို့ မဖြစ်ဘူးလားဟင်'

ဖုကျန်းကျူးသည် လုံးဝ အဖြေမပေးပဲ ငေးမော နေမိသည်။ သို့သော်....ရှောင်ကျွတ်ဖေ့က ဆက်၍ ပြောလိုက်သည်။

'ကဲပါရှင်....အဲဒါတွေကို ထားလိုက်ပါတော့၊ ရှင့်ကိုကျွန်မ ပြောစရာရှိသေးတယ်'

'ဘာ ပြောစရာရှိလို့လဲ'

'ဒီလိုပါ။ ရှင်နဲ့ကျွန်မဟာ အခုဆိုယင် မိတ်ဆွေတွေ ဖြစ်သွားကြပြီ မဟုတ်လား'

'ဟုတ်ပါတယ်'

'ဒီလိုဆိုယင် ရှင့်ကိုယ်ပေါ်မှာ ဓားတွေကို အမြဲတမ်း တင်မဆောင်ပါနဲ့လားဟင်'

ဖုကျန်းကျူးက ခေါင်း ယမ်းခါလိုက်၏။

'ဟာ....ဒါတော့ မဖြစ်နိုင်ဖူး ရှောင်ကျွတ်ဖေ့'

ရှောင်ကျွတ်ဖေ့က သူ့ကို ငေးစိုက်၍ ကြည့်နေရာမှ....

'ဖုကျန်းကျူး ရှင် ဒီလိုသာ ဓားတွေကို အမြဲ ကိုယ်ပေါ်မှာ ဆောင်ထားယင် ဒီမြို့က မြို့သူ မြို့သားတွေဟာ ရှင့်ကို ကြည့်လို့ ရမှာ မဟုတ်ဘူးရှင့်။ ရှင်ဟာ....ကျွန်မရဲ့ မိတ်ဆွေမှန်ယင် ကျွန်မ ရဲ့ စကားကို နားထောင်ပါ'

ဖုကျန်းကျူးက ရှောင်ကျွတ်ဖေ့စကားကြောင့် ပြုံးရယ်၍သာ နေလိုက်သည်။

'ဖုကျန်းကျူး ရှင်....ကျွန်မကို ခင်တယ်ဆိုယင် ကျွန်မပြော စကားကို နားထောင်ပါ။ ကဲ....ကျွန်မသွားတော့မယ်'

ရှောင်ကျွတ်ဖေ့သည် ဖုကျန်းကျူးအား နှုတ်ဆက်၍ အခန်း ထဲမှ ထွက်သွားလေတော့သည်။

ဖုကျန်းကျူး တယောက်တည်း အခန်းထဲ၌ ကျန်ရစ်ခဲ့၏။ ဖုကျန်းကျူး၏ မျက်နှာသည် တစုံတခုကို တွေးမိဟန် ဖြင့် တဖြည်းဖြည်း ပြုံး၍ လာသည်။

ထို့နောက်....ဖုကျန်းကျူးသည် သူ၏ကိုယ်ပေါ်မှ ဓားများ ကို ဖြုတ်ယူလိုက်၏။ ထို့နောက် စားပွဲပေါ်သို့ပစ်တင်လိုက်ပြီး ခုတင်ပေါ်သို့ တက်အိပ် လိုက်လေသည်။

*　*　*

( ၃ )

ရှောင်ကျွတ်ဖေ့သည် သူမ၏ အခန်းသို့ ပြန် ရောက်လာခဲ့ ၏။ သို့သော်....သူမသည် အိပ်စက်၍ အနားမယူနိုင်သေးပါ။



အဘယ်ကြောင့်ဆိုသော် သူမ၏ အခန်းထဲ၌ လူတယောက် က သူမကို စောင့်ကြိုနေသောကြောင့်ပင် ဖြစ်လေသည်။ သူမ ဆီသို့ လာသော ဧည့်သည်သာ ဖြစ်မည်ဟု ပေါ့ပေါ့ဆဆ တွေးလိုက်လေသည်။

သို့သော် သူမသည် ဧည့်သည်၏ မျက်နှာကို မြင်လိုက်ရသော အခါ ရှောင်ကျွတ်ဖေ့မှာ လန့်ဖွာအံ့အားသင့်သွားမိသည်။

ထိုသူသည် တုံဆေးတိုက်ပိုင်ရှင် တုံစွန်စန်း ဖြစ်နေသော ကြောင့်ပင်။

တုံစွန်စန်းက သူမရှေ့၌ငွေဒင်္ဂါးတပြား ချပေးလိုက်သည်။ ရှောင်ကျွတ်ဖေ့က ငွေဒင်္ဂါးပြားကို ကောက်ယူလိုက်ပြီး ပြုံးရွှင် စွာဖြင့် မေးလိုက်၏။

'ရှင်....ကျွန်မဆီလာတာ ဘာကိစ္စလဲ၊ ကျွန်မနဲ့အတူတူ အိပ် မလို့လား'

တုံစွန်စန်းက ပျာပျာသလဲ ငြင်းဆိုလိုက်လေသည်။

'ဟာ....မဟုတ်ပါဘူး၊ ကျုပ်ရဲ့ သမီးတောင် မင်းအရွယ် ရောက်နေပြီ။ ပြီးတော့ ကျုပ်က ဒါတွေကို စိတ်မဝင်စားတော့ ပါဘူး'

ရှောင်ကျွတ်ဖေ့သည် တုံစွန်စန်း၏ ပြောစကားကြောင့် ခပ်တွေတွေလေးဖြစ်သွားလေသည်။ဖုကျန်းကျူး ရှာဖွေနေသည့် လူသတ်သမားသည် တုံစွန်စန်းများလားဟု စဉ်းစားမိ၏။

ရှောင်ကျွတ်ဖေ့က တုံစွန်စန်းကို ကြည့်လိုက်ပြီး....

'ဒါဆိုယင် ရှင်လာတဲ့ကိစ္စကို ပြောပါဦး'

တုံစွန်စန်းက တည်ကြည်သော အမူအရာဖြင့်....

'မင်းကို ကျုပ်စကားတခွန်းပြောချင်လို့'

ရှောင်ကျွတ်ဖေ့၏စိတ်ထဲ၌ ထူးဆန်းသွားသည်။ သူမသည် ယခုတလော ငွေကို လွယ်ကူစွာရရှိနေပေသည်။

ထို့ကြောင့် သူမကရယ်မောလိုက်ပြီး....

'ဟာ....ကျွန်မက စကားတခွန်းကို ဖြေရုံနဲ့ငွေရတယ်ဆိုတော့ မဆိုးပါဘူး၊ ကဲ....ရှင် ပြောစရာရှိတာ ပြောနိုင်ပါပြီ'

တုံစွန်စန်းက သူမအား သေချာစွာကြည့်လိုက်လေသည်။

'မင်း အခုဖုကျန်းကျူးရဲ့ အခန်းက ပြန်လာတာ. မဟုတ်လား'

ရှောင်ကျွတ်ဖေ့က ခေါင်းညိတ်၍ပြလိုက်၏။ တုံစွန်စန်းသည် ခပ်ယဲ့ယဲ့မျှပြုံးလိုက်ကာ....

'ဖုကျန်းကျူးကို မနက်ဖြန်ညနေကျယင် ကျုပ်ရဲ့ လက်ဖက်ရည်ကြမ်းဆိုင်ကို လာခဲ့ပါလို့ သွားပြောပေးပါ'

'ဘာကိစ္စလဲဟင်....'

'ဒါကို မင်းမသိချင်ပါနဲ့၊ မင်းနဲ့မဆိုင်ပါဘူး'

ရှောင်ကျွတ်ဖေ့က ရယ်မောလိုက်ပြီး....

'ဒီလိုနဲ့ ဘယ်ဖြစ်မလဲရှင့်၊ ဖုကျန်းကျူးက ဘာကိစ္စလဲဆိုတာ မေးမှာ သေချာတယ်။ ဒီတော့ ကျွန်မက ပြန်ဖြေနိုင်အောင်လို့ ရှင့်ကို မေးရတာပါ'

တုံစွန်စန်းသည် သက်ပြင်းတချက် မသိမသာ ချလိုက်လေသည်။

'အင်း.... သူလိုက်ရှာနေတဲ့ လူသတ်သမား အကြောင်းကို ကျုပ်က ပြောပြနိုင်ပါတယ်လို့'



တုံစွန်စန်းသည် ထိုစကားဆုံးသည်နှင့် အခန်းတွင်းမှ ချာကနဲ လှည့်၍ထွက်ခွာသွားလေသည်။ ရှောင်ကျွတ်ဖေ့သည် ငေးငိုင်၍စဉ်းစားနေမိ၏။

တုံစွန်စန်းသည် လူသတ်သမားပင် ဖြစ်လေသည်လား။ သို့မဟုတ်ပါက ထိုလူသတ်သမားနှင့်ပင် တုံစွန်စန်းသည် တနည်းမဟုတ်တနည်း ပတ်သက်နေသည်လား ဆိုသည်ကို ဝေခွဲ၍မရပေ။

သို့သော်....

ရှောင်ကျွတ်ဖေ့သည် ဦးနှောက် အခြောက် ခံ၍ ထပ်မံမစဉ်းစားတော့။



အပိုင်း [ နှစ် ]



# မြက်ဦးထုပ်ဆောင်းထားတဲ့သူ

✲

( ၁ )

နံနက်ခင်း၏ နေရောင်ခြည်သည် တောက်ပစွာ ဖြာကျနေသည်။

စမ်းလုံခိုမြို့ကလေးသည် မည်သည့်အရာမျှပြောင်းလဲခြင်းမရှိ။ သို့သော် ပြောင်းလဲနေသည့်လူတယောက်တော့ ရှိနေသည်။ ထိုသူမှာ ဖုကျန်းကျူးငင်ဖြစ်၏။

သူသည် နံနက်စာ စားသောက်ရန် တုံစန်း စားသောက်ခန်းမထဲသို့ ဆင်း၍လာ၏။

ထို့နောက် စားပွဲထိုး လုလင်ကိုခေါ်၍ နံနက်စာမှာယူပြီး အေးဆေးစွာ စားသောက်နေပေသည်။

သူ၏ ပုံပန်းသွင်ပြင်သည် နဂိုရောက်လာကာစနှင့် မတူပါ။ လုံးဝပြောင်းလဲနေပြီဖြစ်၏။

ဖုကျန်းကျူးသည် အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး မည်သည့်လက်နက်မှ သူ့ကိုယ်ပေါ်တွင်မရှိတော့ပေ။ ထို့ကြောင့် သူ့ကိုကြည့်ရသည်မှာ သမင်လေးတကောင်နှင့် တူနေသည်။

ထိုစဉ်မှာပင် တုံစန်း စားသောက်ခန်းမထဲသို့ ဟဲ့ချိဝင်လာလေသည်။ ဟဲ့ချိ ရောက်လာခြင်းမှာလည်း ဖုကျန်းကျူးကို ထပ်မံတွေ့ဆုံလို၍ ရောက်ရှိလာခြင်းပင် ဖြစ်သည်။

ဟဲ့ချိသည် ဖုကျန်းကျူး၏ စားပွဲရှိရာသို့ လျှောက်လာပြီး မေးလိုက်လေသည်။

'ဖုကျန်းကျူး ခင်ဗျားရဲ့ ဓားကောက်နဲ့ ဓားမြှောင်ကော လွှင့်ပစ်လိုက်ပြီလား'

ဖုကျန်းကျူးက ပြုံး၍....

'လွှင့်မပစ်ပါဘူး၊ ရှိပါတယ်'

ဟဲ့ချိက သဘောကျစွာ ပြုံးလိုက်ကာ....

'ခုအချိန်မှာ.... ခင်ဗျားရဲ့ ရန်သူတော် လူသတ်သမား ရုတ်တရက် လာတိုက်မှာကို ခင်ဗျားမကြောက်ဘူးလား'

ဖုကျန်းကျူးက မျက်မှောင်ကုပ်၍ ဟဲ့ချိကို ရုတ်တရက် မေးလိုက်သည်။

'ဒီလိုဆိုယင် ကျွန်တော့်ရဲ့ရန်သူ လူသတ်သမားဟာ ဒီစွမ်းလုံချိုမြို့ပေါ်မှာ ရှိနေတယ်ဆိုတာ ခင်ဗျားဝန်ခံပြီပေါ့'

ဖုကျန်းကျူး၏စကားကြောင့် ဟဲ့ချိမှာ အရှိုက်ကို အထိုးခံလိုက်ရသူနှယ် ဖြစ်သွား၏။

ထို့ကြောင့် ဒေါပွသွားပြီး....



'ကျုပ်မသိဘူး၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျုပ်ကို ဆွဲမထည့်ပါနဲ့'

ဖုကျန်းကျူးက သဘောကျစွာ ရယ်မောလိုက်ကာ....

'ဘာဖြစ်လို့လဲ ဟဲ့ချိ ရဲ့။ ခင်ဗျားက ကြောက်နေလို့လား'

'ဟဲ့ချိဆိုတဲ့ ကျုပ်မှာ အသက်တသက်ပဲရှိတယ်။ ကျုပ်အနေနဲ့ သေရမှာကို လုံးဝကြောက်တဲ့ လူစားမျိုး မဟုတ်ဘူး'

'ခင်ဗျားကလဲ အရမ်းဒေါသကြီးတာကိုးဗျ။ ဒီကိစ္စကို ကျုပ်က ခင်ဗျားများ သိသလားဆိုပြီး မေးကြည့်တာပါ'

ဟဲ့ချိက သူ၏မေးစေ့ကို ပွတ်သပ်လိုက်ယင်း....

'အင်း....ခင်ဗျားက ကျုပ်လို ဒီလိုပြောလိုက်လို့ ကျုပ်ရဲ့ စိတ်ပြောင်းသွားပြီ။ ဒီတော့ ကျုပ်အနေနဲ့ ဒီကိစ္စကိုဝင်ပြီး စွက်ဖက်တော့မယ်။ နောက်မှ ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ'

ဖုကျန်းကျူးသည် တဟားဟားနှင့် သဘောကျစွာ ထပ်မံရယ်မောလျက်....

'ဟဲ့ချိ ခင်ဗျားရဲ့ စိတ်ဓာတ်ကို ကျွန်တော် လေးစားတဲ့ အနေနဲ့ ခင်ဗျားကို ကျွန်တော် အရက်တိုက်ပါ့မယ်'

ဖုကျန်းကျူးသည် နောက်ဘက်သို့ ရုတ်တရက် လှည့်လိုက်ပြီး စားပွဲထိုးကို လှမ်း၍ခေါ်လိုက်လေသည်။ အရက်တအိုးနှင့် စားစရာများကို ထပ်မံမှာကြားလိုက်သည်။

ဖုကျန်းကျူးသည် ဟဲ့ချိနှင့် မျက်နှာချင်းဆိုင်လိုက်၏။ သူ၏ မျက်နှာသွင်ပြင်သည် အထူးပင် လေးနက် တည်ကြည်နေသည်။

'ကျွန်တော် ခင်ဗျားကိုပြောပြပါ့မယ်။ ကျွန်တော် လိုက်ရှာနေတဲ့ လူသတ်သမားနဲ့ ပတ်သက်လို့ပေါ့ဗျာ။ ဒီလမ်းမကြီးရဲ့

အရှေ့ဘက်ကနေစပြီး ရေမယ်ဆိုယင် ပထမဆုံးလူကတော့ တုံဆေးဆိုင်က တုံစွန်စန်းပဲဖြစ်တယ်'

ဟဲ့ချီသည် စားပွဲပေါ်သို့ ရောက်ရှိလာသော အရက်အိုးထဲမှ အရက်နှင့်ဟင်းလျာများကို အားရပါးရစားသောက်လိုက်သည်။ စားသောက်ယင်းမှ ဖုကျန်းကျူးပြောသမျှကို နားစွင့်နေလေသည်။

ဖုကျန်းကျူးကဆက်၍....

'ပြီးတော့ ဆရာကြီးစူးဝူးနဲ့ စန်းရယ် အရက်ဆိုင်ရှင် စန်းရယ်တို့ပဲ။ ကျွန်တော်လိုက်ရှာနေတဲ့အသက် (၅၀) ပတ်ဝန်းကျင်နဲ့ ခန္ဓာကိုယ်အချိုးအစားတွေဟာ အဲဒီလူတွေနဲ့ ဆင်တူနေတယ် ဟဲ့ချီ'

ဟဲ့ချီက အရက်တခွက်ကိုမော့သောက်လိုက်ပြီး....

'ဒါဆို ခင်ဗျားရဲ့စကားအဓိပ္ပာယ်က'

ဖုကျန်းကျူးက ဟဲ့ချီ၏စကားကိုဖြတ်၍ မေးလိုက်သည်။

'ဒါပေမယ့် အဲဒီလူသုံးယောက်လဲ လုံးဝမဖြစ်နိုင်ဘူး။ ဒါကြောင့် နောက်ထပ်တယောက်ပဲ ကျန်တော့တယ်'

'အဲဒီလူက ဘယ်သူလဲ'

'ဒါပေမယ့် အဲဒီလူကို ကျွန်တော့်အနေနဲ့ မတွေ့ချင်သေးဘူး။ ပြောလဲမပြောချင်သေးဘူး'

ဟဲ့ချီသည် မကျေမနပ်နှင့် မေးလိုက်၏။

'ဖုကျန်းကျူး ခင်ဗျား ပြောချင်တာကို ပွင့်ပွင့်လင်းလင်းပြောပါ'



'ကျွန်တော်ပြောလိုက်လို့ရှိယင် ခင်ဗျားဒေါသထွက်မှာ စိုးလို့ပါ။ ဒါပေမယ့် ခင်ဗျားသိချင်ယင်တော့ ကျွန်တော် ပြောပြပါ့မယ်'

ဖုကျန်းကျူးသည် ခေတ္တမျှငြိမ်နေပြီးမှ....

'အဲဒီလူဟာ စွမ်းလုံခိုမြို့က ကုန်စုံဆိုင်ပိုင်ရှင်ဖြစ်တဲ့ ဝူးအမျိုးအနွယ်ထဲက လူတယောက်ပဲ'

ဟဲ့ချီသည် တရှိန်လုံးမတတ်ဖြစ်သွားပြီး....

'ဝူးရှိန်ကွေးဟုတ်လား'

ဖုကျန်းကျူးက တည်ငြိမ်စွာဖြင့်....

ဟဲ့ချီသည် ဖုကျန်းကျူးစကားကို လုံးဝလက်မခံပဲ ဒေါသတကြီးဖြင့် ပြန်လည်ပြောဆိုလေသည်။

'ဒီမှာ ကျန်းကျူး....ခင်ဗျားပြောတဲ့ လူတွေဟာ ကျုပ်တို့စွမ်းလုံခိုမြို့က လူကြီးလူကောင်းတွေ ဖြစ်တယ်။ အဲဒီအထဲမှာ ဝူးရှိန်ကွေးဟာ အရေးပါတဲ့ပုဂ္ဂိုလ်ဖြစ်တယ်။ ဘာဖြင့်လို့လဲဆိုတော့ သူဟာ ကျုပ်တို့စွမ်းလုံခိုမြို့ရဲ့ ဘုရင်တဆူလို ဖြစ်နေတယ်။ သူ့ကိုထိယင် စွမ်းလုံခို မြို့သူမြို့သားတွေက ငြိမ်ခံနေမှာ မဟုတ်ဘူး။ ခင်ဗျား ကျုပ်ပြောတာကို သေသေချာချာ နားထောင်ပါ။ ခင်ဗျားအနေနဲ့ လူသတ်သမားကို ဖမ်းချင်တယ်ဆိုယင် တိတ်တိတ်ကလေးလုပ်ပါ။ ခင်ဗျားထင်တာတွေလျှောက်မလုပ်ပါနဲ့။ ပါးစပ်ကလဲ တွေ့ကရာလျှောက်မပြောပါနဲ့'

ဟဲ့ချီ၏စကားကို ဖုကျန်းကျူးက အေးဆေးစွာနားထောင်နေသည်။

'ဖူကျန်းကျူး....အခု ခင်ဗျားက ကျုပ်ကို အရက်တိုက်တာကို နောက်နေ့ကျယင် ကျုပ်ခင်ဗျားကိုပြန်ပြီး အရက်တိုက်မယ်'

ဟဲ့ချီသည် ပြောပြောဆိုဆို လှည့်၍ ထွက်ခွာသွားလေတော့သည်။

ဖုကျန်းကျူးသည် ပြုံး၍ ဟဲ့ချီ၏ကျောပြင်ကိုသာငေးကြည့်ယင်း ကျန်ရစ်ခဲ့သည်။

ဟဲ့ချီတယောက် သူ၏မြင်ကွင်းမှ ပျောက်သွားသော အခါမှ ဖုကျန်းကျူးသည် အပေါ်ထပ်သို့တက်လာခဲ့လေသည်။

ဖုကျန်းကျူးသည် သူ၏အခန်းထဲသို့ ပြန်လည် ရောက်ရှိလာသည်။ သူ၏နောက်မှ ရှောင်ကျွတ်ဖေ့က ကပ်၍ လိုက်ပါလာလေသည်။

ရှောင်ကျွတ်ဖေ့က ဖုကျန်းကျူးအပါးသို့ကပ်၍....

'ဖုကျန်းကျူး....ဟဲ့ချီ ဒီလောက် ဒေါသထွက်သွားအောင် ရှင်ဘယ်လိုလုပ်လိုက်သလဲဟင်'

ဖုကျန်းကျူးသည် အဖြေမပေးသေးပဲ ပြတင်းပေါက်အနားသို့လျှောက်၍သွားပြီး အောက်ဘက်သို့ငုံ့၍ကြည့်လိုက်၏။

ဟဲ့ချီသည် လမ်းထောင့်ချိုးတနေရာသို့ ကွေ့၍ ဝင်သွားသည်ကိုတွေ့လိုက်ရ၏။ ဟဲ့ချီပျောက်ကွယ်သွားတော့မှ ဖုကျန်းကျူးသည် ရှောင်ကျွတ်ဖေ့ဘက်သို့ လှည့်ပြီး ပြောလိုက်လေသည်။

'ကျွန်တော်က ဝူးရှိန်ကွေးအကြောင်းကို ပြောလိုက်လို့ပါ'

ရှောင်ကျွတ်ဖေ့က မော့၍ကြည့်လိုက်ပြီး....

'ဘာများပြောလိုက်လို့လဲ'



ဖုကျန်းကျူးက အေးစက်စွာဖြင့်....

'ဩော်....ကျွန်တော်ရှာနေတဲ့လူသတ်သမားဟာ ဝူးရှိန်ကွေးဖြစ်နိုင်တယ်လို့ ပြောလိုက်မိလို့ပဲ'

ရှောင်ကျွတ်ဖေ့သည် သူ၏စကားကြောင့်ထိတ်လန့်တုန်လှုပ်သွားပြီး တံခါးပေါက်များကို လိုက်၍ ပိတ်လိုက် လေသည်။

ထို့နောက် ဖုကျန်းကျူးအား လေသံတိုးတိုးဖြင့်....

'ဖုကျန်းကျူး ရှင်လုပ်စရာရှိတာတွေကိုရှင့်စိတ်ထဲမှာပဲထားထားပါ။ ဒီလိုပေါက်ကရတွေလျှောက်မပြောပါနဲ့။ ရှင်ပြောတာတွေကိုသာကြားသွားယင် စွမ်းလုံးခို့မြို့သူ မြို့သားတွေရဲ့လက်ချက်နဲ့ ရှင်သေသွားမှာသေချာတယ်'

'ကျွန်တော် ဒါတွေကိုဂရုမစိုက်ပါဘူး။ ကဲ....ကျွန်တော်သွားစရာရှိသေးလို့ သွားလိုက်ပါဦးမယ်'

ဖုကျန်းကျူးသည် သူ၏အခန်းထဲမှ လှည့်၍ ထွက်ခွာသွားလေတော့သည်။

* * *

(၂)

သူ၏ခြေလှမ်းများသည် တုံဆေးဆိုင်သို့ဦးတည်လျက်။

ဖုကျန်းကျူးသည် တုံဆေးဆိုင်အနီးသို့ ရောက်သောအခါတွင် စွန်စန်းကလှမ်း၍ မြင်လိုက်လေသည်။

ထို့ကြောင့် သူ၏သမီးဖြစ်သူ တုံရှီးကျူကို မျက်ရိပ်ပြလိုက်၏။ တုံရှီးကျူသည် နောက်ဖေးသို့ ဝင်ရောက် ပျောက်ကွယ်သွားလေသည်။

ထိုစဉ်မှာပင် ဖုကျန်းကျူးသည် ဆိုင်ထဲသို့ ဝင်ရောက်လာပြီဖြစ်၏။ တုံစွန်စန်းသည် ဣန္ဒြေမပျက်ပဲ ဈေးသည်ပုံစံနှင့်ပင်မေးလိုက်သည်။

'ဘာများ သုံးဆောင်ချင်လို့ပါလဲ'

ဖုကျန်းကျူးက တုံစွန်စန်းအားလှည့်မကြည့်ပဲနှင့်....

'ဆေးလက်ဖက်ရည်ကြမ်း နှစ်ခွက်ပေးပါ'

တုံစွန်စန်း ကိုယ်တိုင်ပင် ဆေးလက်ဖက်ရည်ကြမ်းနှစ်ခွက်ကို လာ၍ချပေးလေသည်။ ဖုကျန်းကျူးသည် ပထမခွက်ကို လျင်မြန်စွာ သောက်ချလိုက်၏။ ထို့နောက် ဒုတိယခွက်ကိုဖြည်းညင်းစွာ အရသာခံ၍ သောက်နေလေသည်။

တုံစွန်စန်းသည် အဝတ်စုတ်ဖြင့် စားပွဲခုံများကို သုတ်၍နေ၏။

ဖုကျန်းကျူးသည် ဆိုင်ထဲကို မသိမသာ ကြည့်လိုက်သည်။ ဆိုင်ထဲ၌ လူရှင်းနေသည်။

ထိုအခါကျမှ ဖုကျန်းကျူးက တုံစွန်စန်းဘက် လှည့်ပြီး စကားစလိုက်လေသည်။

'ကျွန်တော့်ကို တွေ့ချင်တယ်ဆိုလို့ လာခဲ့တာပါ တုံစွန်စန်း၊ ညနေပိုင်း ကျွန်တော် ကိစ္စရှိလို့ အခုလို မနက်ပိုင်း လာခဲ့ရတာပဲ'

တုံစွန်စန်းက လေသံတိုးတိုးဖြင့်....

'ခင်ဗျားက ဘယ်သူမို့လို့လဲ'



ဖုကျန်းကျူးက မဲ့ပြုံး ပြုံးလိုက်ပြီး

'ဖုကျန်းကျူး ဆိုယင် သိမှာပေါ့'

တုံစွန်စန်းသည် အံ့အားသင့်သွားလေသည်။

'ဖုကျန်းကျူး ဟုတ်လား'

ဖုကျန်းကျူးနှင့် ညနေပိုင်း၌ တွေ့ဆုံရန် ချိန်းထားသော်လည်း ဖုကျန်းကျူးသည် နံနက်စောစော ရောက်ရှိလာပြီဖြစ်သည်။

ဖုကျန်းကျူးက တုံစွန်စန်းကို စိုက်၍ကြည့်လိုက်ယင်း....

'တုံစွန်စန်း ကျွန်တော့်ကို ပြောစရာရှိတယ်ဆိုတာ ပြောနိုင်ပါတယ်'

တုံစွန်စန်းသည် ထိုင်ခုံတခုံ၌ ဝင်ထိုင်လိုက်၏။ သူ၏မျက်နှာသည် အထူးပင် လေးနက်တည်ကြည်လွန်းလှပေသည်။

ဖုကျန်းကျူး၊ ခင်ဗျား ဒီ စွမ်းလုံခိုမြို့မှာ လူသတ်သမားတယောက်ကို ရှာဖို့ လာတယ်ဆိုတာ ဟုတ်ရဲ့လား'

'ဟုတ်ပါတယ်'

တုံစွန်စန်းသည် ခါးကို အနည်းငယ်ကိုင်း၍....

'အဲဒီ လူသတ်သမားဟာ ဘယ်သူလဲဆိုတာ ကျုပ် ကောင်းကောင်း သိတယ်'

ဖုကျန်းကျူးသည် ရင်ခုန်လာမိသည်။ သူသည် စိတ်လှုပ်ရှားသွားသော်လည်း ဘာမှမဖြစ်သလို ဟန်ဆောင်လိုက်ကာ....

'ဟုတ်ကဲ့၊ ပြောပါ'

တုံစွန်စန်းက တလုံးချင်း ပြောလိုက်သည်။

'စွန်း....ဖူး'

တုံစွန်စန်းသည် ထိုစကားကို မနည်း အားယူ၍ပြောလိုက်ရသည်။

ဖုကျန်းကျူးက အားတက်စွာဖြင့်....

'ဒါဖြင့် အဲဒီလူ ဒီမြို့မှာရှိရဲ့လား'

တုံစွန်စန်းက သက်ပြင်း ချလိုက်လေသည်။ ထို့နောက် မျက်လုံးကို ခဏမျှ မှေးမှိတ်ထားလိုက်၏။ ခဏမျှကြာမှ....

'ဒီမြို့မှာ သူနေ မနေတော့ မပြောတတ်ဘူး၊ ဒါပေမယ့် သူနဲ့ ဝူးရှိန်ကွေးတို့ကတော့ အဆက်အသွယ်ရှိတယ်'

ဖုကျန်းကျူးက တုံစွန်စန်းကို ကြည့်လျက်....

'အင်း.... ကျွန်တော်လဲ ဝူးရှိန်ကွေးကို သွားတွေ့မလို့ပဲ။ တွေ့လို့ကော ကောင်းပါ့မလားဗျ'

တုံစွန်စန်းက ချက်ချင်းပင်....

'သွားတွေ့နိုင်ယင် သိပ်ကောင်းတာပေါ့'

ဖုကျန်းကျူး ရင်ထဲ၌ မရှင်းမလင်းသည်များ ကျန်ရှိနေသေး၏။ သူသည် တုံစွန်စန်းကို မသိမသာ အကဲခတ်ကြည့်၍ လိုက်ပြီးမှ....

'တုံစွန်စန်း၊ ခင်ဗျား အဲဒီလူနှစ်ယောက်နဲ့ ဘယ်လိုရန်ငြိုးများ ရှိလို့လဲ'

'ဖုကျန်းကျူး၊ ခင်ဗျား ဘာကိုဆိုလိုချင်တာလဲ၊ ကျုပ် နား မလည်ဘူး'

'ကျွန်တော် ဆိုလိုချင်တာက ခင်ဗျားနဲ့ စွန်းဖူးတို့ ဘယ်လို ပြဿနာများရှိခဲ့ဖူးလို့လဲ'



တုံစွန်စန်းက ထူးဆန်းစွာ ပြုံးလိုက်၏။ သူသည် သက်ပြင်းကို လေးပင်စွာချလိုက်လေသည်။

'မှန်ပါတယ် ဖုကျန်းကျူး။ ကျုပ်ဟာ စောစောက လူနှစ်ယောက်နဲ့ ပြဿနာရှိခဲ့တယ်။ ဒီတော့ ကျုပ်နဲ့ ကျုပ်ရဲ့ သမီး အသက်ရှင်ဖို့အတွက် ဒီလူတွေနဲ့ပတ်သက်ပြီး ခင်ဗျားကို ပြောပြရတာပဲ'

'ဘယ်လိုပြဿနာများဖြစ်ခဲ့လို့လဲ'

'ဒီလိုပါ၊ ကျုပ်ဟာ တခါက စွန်းဖူးအပေါ်မှာ အမှားတခု လုပ်ခဲ့ဖူးတယ်။ အဲဒီတုန်းက သူဟာ ကျုပ်ကို သတ်မယ်လို့ ကြိမ်းဝါးထားတယ်။ တကယ်လို့ သူဟာ ပြောတဲ့အတိုင်းလုပ်မယ်ဆိုယင် ကျုပ်နဲ့ ကျုပ်သမီးနှစ်ယောက်စလုံး ဒုက္ခရောက်မှာ သေချာတယ်။ ဒီတော့ ခင်ဗျား စွန်းဖူးကို မြန်မြန်ရှာတွေ့ပါစေလို့ မျှော်လင့်ပါတယ်'

ဖုကျန်းကျူး ငိုင်၍သွားလေသည်။ သူ့အနေဖြင့် စွန်းဖူးကို ရှာတွေ့ပါက လက်တုံ့ပြန်မည်မှာ သေချာသည်။

သို့မှသာ တုံစွန်စန်းတို့ သားအဖအဖို့ အသက်အန္တရာယ်မှ လွတ်ကင်းနိုင်ပေလိမ့်မည်။ ထို့ကြောင့် တုံစွန်စန်းသည် ဖုကျန်းကျူးအား အကြောင်းစုံ ဖွင့်ပြောလိုက်ခြင်းပင် ဖြစ်သည်။

တုံစွန်စန်းသည် သူ၏အကျိုးကိုကြည့်၍ လုပ်လိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် သူ့ကို အပြစ်တင်၍မရနိုင်ပါ။ တုံစွန်စန်းဘက်ကကြည့်လျှင် သူ့အနေဖြင့် လုပ်သင့်လုပ်ထိုက်သည့်ကိစ္စတခုကို လုပ်ဆောင်လိုက်ခြင်းပင် ဖြစ်၏။

တုံစွန်စန်းက ထပ်မံ ပြောလိုက်ပြန်သည်။

'အခုဆိုယင် စွန်းဖူးဟာ တော်တော်ဆင်းရဲနေတယ်လို့ ပြောသံကြားရတယ်။ ဒါကြောင့် သူ့ကို ဦးရှိန်ကွေးက ထောက်ပံ့နေရတယ်လို့လဲ ပြောကြတယ်'

ဖုကျန်းကျူးက မျက်မှောင်ကြုတ်လိုက်ပြီး....

'ဟာ....ဒါတော့ ဖြစ်နိုင်လိမ့်မယ် မထင်ဘူး။ ဒီလူက သူများတွေဆီက ပစ္စည်းလုတဲ့လူပဲ။ ဒီလောက်တောင်မှ မဆင်းရဲနိုင်ဘူး။ သူ့အနေနဲ့ မသုံးစွဲတတ်လို့ ဆင်းရဲသွားယင်လဲ သူ့ရဲ့အလျင်က အလုပ်ကို ပြန်လုပ်မှာ သေချာတယ်'

တုံစွန်စန်းကမူ ဘာမှ ထပ်မံပြောဆိုခြင်း မပြုတော့ချေ။

ထို့ကြောင့် ဖုကျန်းကျူးသည် ထိုင်ရာမှ ထလိုက်ပြီး....

'ကျွန်တော့်ကို သွားခွင့်ပြုပါဦး'

ဖုကျန်းကျူးသည် တုံဆေးဆိုင်၏ အပြင်ဘက်သို့ တလှမ်းချင်း ထွက်ခွာလာခဲ့သည်။

ဆိုင်ရှေ့ရှိ လမ်းမကြီးအတိုင်း လမ်းလျှောက်ယင်းမှ တုံစွန်စန်း၏ ပြောစကားများကို ပြန်စဉ်းစားနေမိသည်။

*　　*　　*

( ၃ )

ဦးဂေဟာ။

အဖြူရောင်ဝင်စုံနှင့် လူရွယ်တယောက်သည် 'ဦးဂေဟာ' ရှေ့သို့ ရောက်ရှိလာသည်။ သူသည် အေးဆေးစွာဖြင့် မတုန်မလှုပ် ရပ်၍ နေသည်။



ထို့နောက် ဦးဂေဟာတံခါးစောင့်ဖြစ်သူအား ထိုလူရွယ်က စာတစောင် လှမ်းပေးလိုက်၏။

ထိုစာကို ပေးလိုက်သူမှာ ဖုကျန်းကျူးပင်ဖြစ်၏။ ဖုကျန်းကျူးသည် စာရွက်ပေါ်၌ ဦးရှိန်ကွေးနှင့် တွေ့ဆုံရန် ဟူ၍သာ ရေးသားထားလေသည်။

ဦးဂေဟာတံခါးစောင့်က အထဲ ချက်ချင်းဝင်၍အကြောင်းကြားလိုက်လေသည်။

မကြာမီမှာပင် ဦးရှိန်ကွေး၏ သားဖြစ်သူ ဦးဖုန်းက တံခါးဝသို့ လာရောက် ဆီးကြိုသည်။

'ဟော....ဖုကျန်းကျူးပါလား၊ အထဲကိုကြွပါခင်ဗျာ'

ဖုကျန်းကျူးသည် တည်ငြိမ်စွာဖြင့် အထဲသို့ လှမ်းဝင်လိုက်၏။ ထို့နောက်သူသည် ဖုကျန်းကျူးနှင့်အတူ နောက်မှလိုက်ပါသွားလေသည်။

ဦးဖုန်းက ဖုကျန်းကျူးအား ဦးဂေဟာ၏ ခန်းမဆောင်သို့ ခေါ်ဆောင်လာခဲ့လေသည်။ ဦးဖုန်းက နေရာချထားပေးလိုက်ပြီး....

'ဒီမှာထိုင်ပါ....ဖုကျန်းကျူး'

ဖုကျန်းကျူးက ထိုင်ခုံလွတ်တွင် ဝင်ထိုင်လိုက်သည်။ ဦးဖုန်းက ဖုကျန်းကျူးနှင့် မျက်နှာချင်းဆိုင်ထိုင်ခုံ၌ ဝင်ထိုင်လိုက်ပြီး....

'ဖုကျန်းကျူး ကျွန်တော်တို့ဆီကို ဘာကိစ္စနဲ့ လာတာပါလဲ'

'ကျုပ်က ဆရာကြီး ဦးရှိန်ကွေးနှင့် တွေ့ချင်လို့ပါ'

'ကျွန်တော်ရဲ့အဖေက ဧည့်သည်ကို လက်ခံ စကားမပြောနိုင်တာ ကြာပါပြီ'

'ဘာဖြစ်လို့လဲ'

ဦးဖုန်းက သက်ပြင်းတချက်ချလိုက်ကာ....

'ကျွန်တော်အဖေ မကျန်းမမာ ဖြစ်နေပါတယ်'

ဖုန်ကျန်းကျူးက မဲ့ပြုံးပြုံးလိုက်ပြီး....

'ဒီမှာ ဦးဖုန်း ကျုပ်ခင်ဗျားရဲ့ အဖေနဲ့ ပတ်သက်နေတဲ့ကိစ္စ တခုကြောင့် လာရတာပဲ'

ဦးဖုန်းသည် သိသိသာသာ မျက်နှာပျက်သွားလျက်....

'ဖုန်ကျန်းကျူး ခင်ဗျားရဲ့စကားက ကျုပ်တို့ရဲ့ ဦးဂေဟာကို စော်ကားတာနဲ့ တူနေပြီ'

ထိုစဉ်မှာပင် ခန်းမဆောင်ထဲသို့ မိန်းမပျိုတယောက် ဝင်ရောက်လာသည်။ ထိုမိန်းမပျိုသည် ဦးဖုန်း၏ ညီမပင်ဖြစ်သည်။

သို့နှင့် ဦးဖုန်းက ချက်ချင်းပင် လှမ်း၍....

'ညီမလေး ဘာဖြစ်လို့ ဒီနေရာကို လာရတာလဲ'

သို့သော်....ထိုမိန်းမပျိုက ဦးဖုန်းကို လက်ယပ်၍ ခေါ်လိုက်သဖြင့် ဦးဖုန်းသည် သူ၏ ညီမအနီးသို့ လျှောက်သွားလေသည်။ ထိုမိန်းမပျိုက ဦးဖုန်းအား တိုးတိုး ပြောဆိုလိုက်သည်။

'အစ်ကိုလေး... အဖေက ဒီဧည့်သည်ကို လက်ခံတွေ့ဆုံမယ်လို့ ပြောနေတယ်'

ဦးဖုန်းက မယုံကြည်နိုင်စွာဖြင့် အံ့အားသင့်သွား၏။

'နောက်ပြီး....အဖေက ဧည့်သည်နဲ့ စကားပြောနေတုန်း အစ်ကိုလေးနဲ့ ညီမလေးတို့ သူ့အနားမှာ မနေရဘူးတဲ့'

'ကောင်းပြီလေ၊ ဒီလိုဆိုယင် ညီမလေးသွားတော့'



ဦးဖုန်းသည် သူ၏ညီမ ထွက်သွားစေပြီးမှ ဖုန်ကျန်းကျူးရှိရာဘက်သို့ လျှောက်လာပြီး စကားပြောလိုက်သည်။

'ကျုပ်ရဲ့အဖေက ခင်ဗျားကို လက်ခံ တွေ့ဆုံမယ်လို့ ပြောလိုက်တယ်'

ဖုန်ကျန်းကျူးက ပြုံး၍....

'ကျေးဇူးတင်ပါတယ်'

သို့သော်....ဦးဖုန်း၏ မျက်နှာသည် တင်းမာ ခက်ထန်လျှန်းနေ၏။

'ဒါပေမယ့် ခင်ဗျားကိုတော့ ကျုပ် ကြိုပြီး သတိပေးပါရစေ၊ ခင်ဗျားနဲ့ ကျုပ်တို့မိသားစုဟာ ဘာရန်ငြိုးမှ မရှိပါဘူး၊ ဒီတော့ ကျုပ်ရဲ့အဖေကို ဒုက္ခမပေးပါနဲ့၊ တကယ်လို့များ ဒုက္ခပေးခဲ့ယင်တော့ အဖေ့အတွက် ကျုပ်က ဒီအတိုင်း ခေါင်းငုံ့ပြီး ငြိမ်ခံနေမှာ မဟုတ်ဘူး'

ဦးဖုန်းသည် ချက်ချင်းပင် ချာကနဲ လှည့်၍ နောက်ဘက်သို့ ထွက်ခွာသွားလေသည်။

ဧည့်ခန်းထဲ၌ ဖုန်ကျန်းကျူး တယောက်တည်းသာ ကျန်ရစ်ခဲ့သည်။ ဖုန်ကျန်းကျူးသည် ငြိမ်သက်စွာဖြင့် ထိုင်ခုံပေါ်၌ ထိုင်နေလိုက်သည်။

ခေတ္တမျှအကြာတွင် လက်တွန်းလှည်း ကုလားထိုင်ကို ကိုယ်တိုင်တွန်း၍ လူတယောက် အခန်းထဲသို့ ဝင်လာသည်။ ကုလားထိုင်ပေါ်၌ ထိုင်နေသူမှာ အသက်(၅၀) ပတ်ဝန်းကျင်ခန့် ရှိ၏။

ဤမျှ ပူအိုက်သော နွေရာသီဖြစ်သော်လည်း ထိုလူ၏ ခြေနှစ်ဘက်စလုံးပေါ်၌ စောင်တထည်ကို ခြုံ၍ ထားသည်။

ထိုသူ၏ မျက်နှာသည် ဖြူဖပ်ဖြူရော် ဖြစ်နေသော်လည်း မျက်လုံးအစုံမှာ စူးရှ တောက်ပ လွန်းပေသည်။ ထိုသူကား ဝူးရှိန်ကွေးပင်ဖြစ်၏။

ဝူးရှိန်ကွေးသည် ဖုကျန်းကျူးကို အတန်ကြာမျှ စိုက်ကြည့်ပြီးမှ မေးလိုက်လေသည်။

'ကျုပ်ကို တွေ့ချင်တဲ့သူဟာ မင်းလား'

ဖုကျန်းကျူးက ပြန်လည် စိုက်ကြည့်လိုက်ပြီး....

'ဟုတ်ပါတယ်'

'ဒါဖြင့် မင်းနာမည် ဘယ်လို ခေါ်သလဲ'

'ဖုကျန်းကျူးဟုတ်လား၊ ဒါဟာ မင်းရဲ့ နာမည်ရင်းပဲလား'

'ဟုတ်ပါတယ်'

ဝူးရှိန်ကွေးသည် ရှေ့ဘက်သို့ အနည်းငယ်မျှ ထိုင်ခုံကိုတွန်းလိုက်ကာ....

'ဒါဆိုယင် မင်းလာတဲ့ကိစ္စကို ပြောပါ'

ဖုကျန်းကျူးသည် ဝူးရှိန်ကွေးကိုကြည့်ပြီး စာနာသနားစိတ် ဝင်သွားမိလေသည်။ ထို့ကြောင့် သူသည် တစုံတရာကို ဆုံးဖြတ်လျက်....

'အစကတော့ ကျွန်တော် မေးစရာရှိလို့ လာတာပါ၊ ဒါပေမယ့် အခု ကျွန်တော် မမေးချင်တော့ဘူး'

'ဖုကျန်းကျူး မင်း ပြောစရာရှိတာကိုသာ ပွင့်ပွင့်လင်းလင်း ပြောပါ၊ ဘာမှ အားနာစရာ မလိုပါဘူး'

'ဒီလိုဆိုယင်တော့ ကျွန်တော်ပြောပါ့မယ်၊ လွန်ခဲ့တဲ့ အနှစ် နှစ်ဆယ်လောက်တုန်းက၊ ကွမ်းလုံတံတား လမ်းဘေးမှာ နာ



မည်ကြီးတဲ့ သိုင်းသမား ဝူးဖွဲ့ပေါက်ကို ဝူးရှိန်ကွေး သိပါသလား'

'သိပါတယ်'

'ဒါဆို နာမည်ချင်းပဲ ဆင်နေလို့လားမသိဘူး'

ဝူးရှိန်ကွေးက လက်ဝါးကာပြလိုက်ပြီး....

'ဖုကျန်းကျူး မင်း ဘာမှအားနာစရာမလိုဘူး၊ အဲဒီ သိုင်းသမားဟာ ကျုပ်ပဲ'

ဖုကျန်းကျူးက တချက်ပြုံးလိုက်ကာ....

'နောက်ထပ်တယောက် ရှိပါသေးတယ်'

ဝူးရှိန်ကွေးက အံ့အားသင့်သွားဟန်ဖြင့်....

'ဘယ်သူရှိသေးလို့လဲ'

ဖုကျန်းကျူးက ဝူးရှိန်ကွေးကို စူးစိုက်၍ကြည့်လိုက်ပြီး....

'အဲဒီလူကတော့ စွန်းဖူးဖြစ်တယ်၊ သူဟာ ဝူးဖွဲ့ပေါက်နဲ့ သွေးသောက်အစ်ကိုဖြစ်တယ်လို့ သိရတယ်၊ အဲဒါကော ဟုတ်ပါသလား'

'အင်း....ဟုတ်ပါတယ်'

'နောက်ပြီး စွန်းဖူးဟာအခုဆင်းရဲနေပြီး ဝူးဖွဲ့ပေါက်က စောင့်ရှောက်ထားတယ်လို့ သိုင်းလောကသားတွေ ပြောနေကြတယ်၊ ပြီးတော့လည်း စွန်းဖူးရဲ့သိုင်းပညာကို သူ့ထက် ပညာတော်တဲ့ သိုင်းသမားတယောက်က ဖျက်ဆီးပစ်လိုက်တယ်လို့ ဆိုတယ်၊ အဲ့ဒါတွေကော ဟုတ်ပါသလား'

'မဟုတ်ပါဘူး၊ ဒါတွေဟာ မုသားစကားတွေပဲဖြစ်တယ်'

ဖုကျန်းကျူးသည် ထိုင်ရာမှရုတ်တရက်ထလိုက်ကာ....

'ကျွန်တော် သိချင်တာလေးတွေသိရလို့ ဝူးရှိန်ကွေးကို အထူးပဲ ကျေးဇူးတင်ပါတယ်၊ အခုလိုလာပြီးနှောင့်ယှက်မိတာကို ခွင့်လွှတ်ပါ'

ဖုကျန်းကျူးသည် ပြောပြောဆိုဆိုနှင့် ထွက်ခွာသွားမည်ပြုစဉ်မှာ နောက်မှနေ၍ ဝူးရှိန်ကွေးက လှမ်း၍တားလိုက်၏။

'ဖုကျန်းကျူး....ခဏနေပါဦး'

ဖုကျန်းကျူးက ပြန်၍လှည့်လာပြီး....

'ဝူးရှိန်ကွေး ဘာများမှာချင်လို့ပါလဲ'

ဝူးရှိန်ကွေးသည် ဖုကျန်းကျူးကိုငေးမောကြည့်လိုက်ယင်း....

'ကျုပ် မင်းကို တခုပြောချင်တယ်၊ ကျုပ်အနေနဲ့ တသက်လုံး ဘယ်သူ့ကိုမှ အောက်ကျခံတဲ့သူ မဟုတ်ဘူး၊ ဒါပေမယ့် အခုအခြေအနေမှာ မင်းကို ဒူးထောက်တောင်းပန်လို့ရယင် ဒူးထောက်ပြီး တောင်းပန်ချင်ပါတယ်'

ဖုကျန်းကျူးသည် ရုတ်တရက် ကြောင်သွားပြီးမှ....

'ဟာ....အဲဒီလိုတော့ မလုပ်ပါနဲ့ဗျာ၊ ပြောစရာရှိတာကိုသာ ပြောပါ'

ဝူးရှိန်ကွေးသည် တည်ကြည်သော မျက်နှာထားဖြင့်....

'ကျုပ်တို့ရဲ့သွေးကြွေးအတွက်၊ ကျုပ်အသက်ကို ပေးဆပ်ဖို့ အဆင်သင့်ပါပဲ၊ ဒါပေမယ့် ကျုပ်ရဲ့ သားနဲ့သမီးကိုတော့ မထိခိုက် စေချင်ဘူး'

ဖုကျန်းကျူးသည် သက်ပြင်းတချက်ချလိုက်၏။

'ဒါနဲ့ အခုကိစ္စကို ဝူးရှိန်ကွေးရဲ့ သားနဲ့သမီးက သိထားလို့လား'



ဝူးရှိန်ကွေးသည် ချောင်းဟန့်လိုက်ပြီး၊ ကိုယ်ကို အနည်းငယ် ပြန်၍မတ်လိုက်သည်။

'ကျုပ်ရဲ့သား ဝူးဖုန်းကတော့သိတယ်၊ ဒါပေမယ့် သမီးကတော့ ဘာမှမသိပါဘူး'

ဖုကျန်းကျူးသည် ဝူးရှိန်ကွေးကို ကရုဏာသက်စွာဖြင့် လှမ်းကြည့်လိုက်ပြီး....

'ကောင်းပြီလေ၊ သွေးကြွေးဆိုတာ သွေးနဲ့ပဲပြန်ဆပ်ရတာမျိုး ဖြစ်တယ်၊ ဒါပေမယ့် အခုကိစ္စဟာ ဝူးရှိန်ကွေးနဲ့ ဘာမှ မပတ်သက်ပါဘူး၊ စွန်းဖူးနဲ့ အဆက်အသွယ်ရှိတယ်ဆိုလို့ ကျွန်တော် ဝူးရှိန်ကွေးဆီကိုလာပြီး စုံစမ်းရတာပါ၊ ဝူးရှိန်ကွေးကို ကျွန်တော် ဘာမှအနှောင့်အယှက် မပေးပါဘူး'

ဝူးရှိန်ကွေး၏မျက်နှာသည် ချက်ချင်းပင် ကြည်လင်သွား၏။

'ကျေးဇူးကြီးလှပါတယ်....ကွယ်'

ထိုနောက် ဖုကျန်းကျူးသည် ဝူးရှိန်ကွေးကို နှုတ်ဆက်ပြီး ဝူးဂေဟာထဲမှ ထွက်လာခဲ့သည်။

အပြန်လမ်းခရီး၌ အတိတ်ကာလက ကြေကွဲစရာ ဖြစ်ရပ်များကို ဖုကျန်းကျူးပြန်လည်စဉ်းစားမိ၏။ သူ့အနေဖြင့် သူ့မိဘများအတွက် သွေးကြွေးကို ပြန်လည် ပေးဆပ်ရလိမ့်မည်။

လမ်းလျှောက်ယင်းမှ ရေကန်တခုအနီးရောက်ရှိလာရာ၊ စင်းအော် ဘွားဘွား၏ လက်ဖက်ရည်ဆိုင်မှ ရေထမ်းသမားကို တွေ့လိုက်ရလေသည်။

ထို့ကြောင့် ဖုကျန်းကျူးက အော်၍ပြောလိုက်၏။

'အဘိုး၊ ဘာများအကူအညီပေးရဦးမလဲ'

ရေထမ်းသမား ခါးကုန်းကြီးမှာ သူ့ကို လုံးဝ ဂရုမစိုက် လှည့်မကြည့်ပဲနှင့် လေးလံသောရေပုန်းကိုထမ်း၍ ထွက်ခွာသွားလေသည်။

ဖုကျန်းကျူးသည် ကြောင်၍ကျန်ရစ်ခဲ့ရာမှ၊ ရေထမ်းသမား ခါးကုန်းကြီးကို ကျိန်ဆဲနေမိသည်။

'တောက်.... ဒီလောက်တောင် လူမှုရေးနားမလည်တဲ့ လူပဲ'

သို့သော် ဖုကျန်းကျူးသည် တစုံတခုကို ဖြတ်က နဲ့သတိရလိုက်မိ၏။

ရေထမ်းသမား ခါးကုန်းကြီးသည် နားလေးနေသည့်အပြင် လုံးဝစကားမတတ်သည်ကို ယခုမှသတိရလိုက်မိသည်။

ထို့ကြောင့် ဖုကျန်းကျူးသည် သူ၏ပါးစပ်ကို လျင်မြန်စွာ ပိတ်ထားလိုက်လေသည်။

ဖုကျန်ကျူးသည် စိတ်ထဲမှ တွေးတော နှိုင်းယှဉ်နေမိ၏။

ရေထမ်းသမား ခါးကုန်းကြီးနှင့် သိုင်းသမား စွန်ဖူးတို့ကို နှိုင်းယှဉ်နေမိပေသည်။

ခါးကုန်းကြီးသည် ခွန်အားနှင့်ရင်း၍ ဝမ်းရေးအတွက် ရှာဖွေ စားသောက်နေသူ ဖြစ်၏။

သို့သော် စွန်းဖူးလိုလူမျိုးမှာမူ သိုင်းပညာအားကိုးနှင့် လူယက် သတ်ဖြတ်ပြီး မကောင်းမှုမှန်သမျှကို ပြုလုပ်နေသူ ဖြစ်သဖြင့် ထိုသူနှစ်ယောက်ကို မနှိုင်းယှဉ် အပ်လောက်အောင်ပင် ကွာခြားလှပေသည်။

တွေး၍မဆုံးမီမှာပင် ဖုကျန်းကျူးသည် သူ၏တည်းခိုခန်းသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။



ရောက်ရောက်ခြင်းပင် ဖုကျန်းကျူးသည် ခုတင်ပေါ်သို့ တက်၍ လဲလျောင်းလိုက်၏။ သူသည် ထိုကိစ္စနှင့် ပတ်သက်၍ စဉ်းစားလိုစိတ်မရှိတော့ပေ။ ယခုအချိန်တွင် သူ့အဖို့ အနားယူ၍ အကောင်းဆုံးအချိန် ဖြစ်၏။

ထို့ကြောင့် ဖုကျန်းကျူးသည် အိပ်ရာပေါ် ခေါင်းချလိုက်သည်နှင့် ချက်ချင်းပင် အိပ်ပျော်သွားလေတော့သည်။

* * *

(၄)

စင်းအော်ဘွားဘွား၏ လက်ဖက်ရည်ဆိုင်။

စွမ်းလုံခိုမြို့ လမ်းမကြီး၏ ကျောဘက်ရှိလမ်းတွင် ရှိသော လက်ဖက်ရည် ဆိုင်ကလေးသည် ယနေ့ညတွင် လူများပြည့်ကျပ်နေပြန်သည်။

အဘယ့်ကြောင့်ဆိုသော်....

ယနေ့ည ဖုကျန်းကျူးက သူရှာ နေသော သိုင်းသမား အကြောင်းပြောပြရန် ချိန်းဆိုထားခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် စွမ်းလုံခိုမြို့သူမြို့သားများ ရောက်ရှိနေကြခြင်းဖြစ်သည်။

မကြာမီမှာပင် ဖုကျန်းကျူး ရောက်ရှိလာသည်။

သူသည်ရောက်ရှိလာသည်နှင့် လူသတ်သမား အကြောင်းကို ချက်ချင်းပင် ပြောလေတော့သည်။ သူပြောပြသော လူသတ်သမား၏ပုံပြင်ကို နားထောင်နေကြသူများသည် ပုံပြင်ဆုံးသော အခါ ဒေါသထွက်လာကြ၏။

သို့သော် ထိုပုံပြင်ကို နားမထောင်နိုင်သူ တယောက်တည်း သာရှိသည်။ ထိုသူမှာ စင်းအော်ဘွားဘွား၏လက်ဖက်ရည်ဆိုင်မှ ရေထမ်းသမား ခါးကုန်းကြီးပင်ဖြစ်၏။

ထို့အတူ ဖုကျန်းကျူး၏ ပုံပြင်ကို နားမထောင် နိုင်သူ တယောက်လည်း ရှိသေးသည်။ သူသည် လက်ဖက်ရည်ဆိုင်သို့ မသွားပေ။

ထိုသူကား ဝူးဖုန်းပင်ဖြစ်သည်။ ဝူးဖုန်းသည် လှမ်းလျှောက် လာရာမှ လမ်းဘေးတွင်ဆော့ကစားနေသောကလေးတယောက် ကို လှမ်းခေါ်လိုက်သည်။

ထို့နောက် စင်းအော်ဘွားဘွား၏လက်ဖက်ရည်ဆိုင်သို့ သွား ခိုင်းလေသည်။ ခဏအကြာ၌ ထိုချာတိတ်နှင့်အတူ စူးဝူးလိုက်ပါ လာလေသည်။

'သြော်....ကျုပ်က ဘယ်သူများလဲလို့၊ လက်စသတ်တော့ ဝူးဖုန်းကိုး'

'ဟုတ်ပါတယ်'

'ဝူးဖုန်း....ခင်ဗျားဘာဖြစ်လို့ ဖုကျန်းကျူးပြောတဲ့ပုံပြင်ကို လာပြီးနားမထောင်ရတာလဲ'

ဝူးဖုန်းက မဲ့ပြုံးပြုံး၍....

'ကျွန်တော် မသွားချင်လို့ပါ။ ဖုကျန်းကျူးက ဘာပြော သေးလဲ'

'ဖုကျန်းကျူးက သူရှာနေတဲ့လူသတ်သမားဟာ စွမ်းလုံခိုမြို့ မှာ ပုန်းနေတယ်တဲ့။ အဲဒီလူသတ်သမားဖြစ်နိုင်တဲ့လူတွေဟာလဲ စွမ်းလုံခိုမြို့ရဲ့ လူကြီးလူကောင်းတွေထဲက ဖြစ်နေတယ်လို့ ပြော



တယ်။ အဲဒီတော့ မြို့သူမြို့သားတွေ မခံမရပ်နိုင်ဖြစ်လာကြတ ယ် ခင်ဗျားအခုသွားပြီး နားထောင်ပါလား'

'နားထောင်စရာ မလိုတော့ပါဘူးလေ၊ ဖုကျန်းကျူးဟာ ကျွန်တော့်အဖေနဲ့ တွေ့ပြီးပါပြီ'

'ဟုတ်လား....သူတို့ဘာတွေ ပြောကြသေးသလဲ'

ဝူးဖုန်းက သက်ပြင်းတချက် မသိမသာချလိုက်ပြီး စူးဝူးအား အကဲခတ်လိုက်သည်။

'အင်း....ကျွန်တော်ပြောတာကို ခင်ဗျားယုံချင်မှယုံလိမ့်မယ်'

'ဝူးဖုန်း....ခင်ဗျားပြောတာကို ကျုပ်ယုံပါတယ်။ ပြောစရာ ရှိတာကိုသာပြောပါ'

'ကျွန်တော်ရဲ့အဖေဟာ မကျန်းမမာ ဖြစ်နေပါတယ်၊ ဒါ ကြောင့် အခုတလော ဘယ်ဧည့်သည်ကိုမှ လက်ခံတွေ့ဆုံခြင်း မပြု ပါဘူး၊ အဲဒီအချိန်မှာ ဖုကျန်းကျူးဟာ ကျွန်တော့်အဖေကို တွေ့ဖို့ရောက်လာတယ်၊ ကျွန်တော်က ဖုကျန်းကျူးကို ပေးမတွေ့ ဘူး၊ ဒါပေမယ့် ကျွန်တော့်အဖေဟာ ဘာစိတ်ကူး ပေါက်လာ သလဲမသိဘူး၊ ဖုကျန်းကျူးကို လက်ခံတွေ့ဆုံလိုက်တယ်လေ....'

'သြော်....ဟုတ်လား'

'ဟုတ်ပါတယ်၊ ကျွန်တော့်အဖေနဲ့ ဖုကျန်းကျူးတို့ဟာ နှစ် ယောက်တည်း လျှို့ဝှက်စွာ စကားပြောကြတယ်၊ ကျွန်တော်တို့ ကို လုံးဝအသိမပေးဘူး၊ ကျွန်တော်တို့လဲ သူတို့ ဘာတွေပြော သလဲဆိုတာကို ဘာမှမသိလိုက်ရဘူး'

'ဟာ....ဒါဆိုယင်တော့ အံ့သြစရာသိပ်ကောင်းတာပဲ'

ဝူးဖုန်းက လေသံနှိမ့်လိုက်ပြီးပြောလိုက်၏။

'ဟုတ်တယ်ဦးဝူး၊ ခင်ဗျားကိုစကားတခွန်း ထပ်မှာရဦးမယ်၊ ဒီကိစ္စကို အပြင်လူတွေ လုံးဝမသိပါစေနဲ့၊ ကျွန်တော်လဲ ကိစ္စရှိလို့ သွားလိုက်ဦးမယ်'

ပြောပြောဆိုဆို ဝူးဖုန်းသည် ချာကနဲလှည့်ကာ ထွက်သွားလေတော့သည်။

ဝူးဂေဟာသည် ထိုလမ်းမကြီးနှင့်တမိုင်ခန့်ဝေးသည်။ဝူးဖုန်းသည် မြစ်ကမ်းနံဘေးမှ လျှောက်လာ၏။

မြစ်ပြင်ကိုဖြတ်ကျော်တိုက်ခတ်လာသောလေသည်လန်းဆန်းဖွယ် ကောင်းပေသည်။

ထိုစဉ်....

လူရိပ်တခု ရုတ်တရက် ဘွားကနဲပေါ်လာသဖြင့် ဝူးဖုန်းသည် ထိတ်လန့်တကြား ဖြစ်သွား၏။ ထိုလူရိပ်ကပင် သူ့ကို စတင်၍ နှုတ်ဆက်လိုက်သည်။

'ဝူးဖုန်း....ကျုပ် ဟဲ့ချိပါ'

'သြော်....ဟဲ့ချိ ကိုး'

ဝူးဖုန်းမှာ ဟဲ့ချိမှန်း သိလိုက်ရ၍ ထိတ်လန့်မှု ပြေပျောက်သွားရသည်။

ဟဲ့ချိက ဝူးဖုန်းကို ကြည့်ပြီး....

'ဝူးဖုန်း၊ ခင်ဗျားကိစ္စတခုကို သိထားပြီးပြီလား'

'ဘာကိစ္စများပါလိမ့်'

'အဲဒီကိစ္စကိုသိယင် ခင်ဗျား စိတ်ဆိုးမှာ စိုးလို့ပါ'

ဝူးဖုန်းသည် ထိတ်ကနဲ ဖြစ်သွားသော်လည်း ဟန်မပျက်ပဲ ပြန်ပြောလိုက်လေသည်။



'စိတ်မဆိုးပါဘူး ဟဲ့ချိ၊ ပြောနိုင်ပါတယ်'

ထိုအခါကျမှ ဟဲ့ချိက....

'ဖုကျန်းကျူး လိုက်ရှာနေတဲ့ လူသတ်သမားဟာ စွန်းဖူးဖြစ်တယ်။ သူဟာ ခင်ဗျားရဲ့ အဖေနဲ့ ဆက်သွယ်မှုရှိတယ် ဆိုတဲ့ သတင်းပဲ'

ဝူးဖုန်းမှာ ရုတ်တရက် မူးမေ့လဲကျသွားမတတ်ဖြစ်သွားပြီး ဟဲ့ချိကို ကိုင်၍ ထိန်းထားလိုက်ရသည်။ ထို့နောက် တုန်ယင်စွာဖြင့်....

'စွန်ဖူး ဟုတ်လား'

'ဟုတ်တယ်။ စွန်ဖူးဟာ ခင်ဗျားရဲ့ အဖေနဲ့ သွေးသောက်ညီအစ်ကိုဖြစ်တယ်၊ ပြီးတော့ ခင်ဗျား အဖေက စွန်းဖူးကို ထောက်ပံ့နေရတယ်'

ဝူးဖုန်းသည် ပို၍ တုန်လှုပ်သွားကာ....

'ကျွန်တော် သိပါတယ် ဟဲ့ချိ၊ ဒါပေမယ့် ဒီအကြောင်းကို ဘယ်သူကစပြီး သိတာလဲ'

'စွန်းလုံခိုမြို့က တုံဆေးဆိုင်ပိုင်ရှင် တုံစွန်စန်းက စပြီးပြောတာပဲ'

'ဟဲ့ချိ၊ ခင်ဗျားကကော ဘယ်လိုလုပ်ပြီးသိတာလဲ'

ဟဲ့ချိက သဘောကျစွာ ရယ်မောလိုက်ပြီး....

'ဟဲ့ချိဟာ လူကောင်းတယောက် မဟုတ်ပါဘူး၊ တချိန်က သိုင်းလောကထဲမှာ မွေနှောက်ခဲ့တဲ့လူတယောက်ဖြစ်တယ်'

ဝူးဖုန်းသည် ပါးစပ်အဟောင်းသားဖြစ်သွားလျက်....

'သြော်....'

ဟဲ့ချီက ဆက်၍....

'လွန်ခဲ့တဲ့ အနှစ် နှစ်ဆယ်က ကွမ်းလုံတံတားပေါ်မှာ နာမည်ကြီး သိုင်းသမားနှစ်ယောက် ရှိခဲ့ဖူးတယ်။ စွန်းဝူးနဲ့ ဝူးရှိန်ကွေးတို့ပဲ ဖြစ်တယ်။ သူတို့အကြောင်းကို တုံစွန်စန်း တယောက်တည်းပဲသိတယ်။ ဖုကျန်းကျူးဟာ တုံဆေးဆိုင်ကို သွားပြီး တုံစွန်စန်းနဲ့ တွေ့ပြီး ပါပြီ'

'အင်း....ကျွန်တော် သိပါတယ်'

ဟဲ့ချီက တည်ကြည်စွာဖြင့်....

'ဝူးဖုန်း၊ ခင်ဗျား ရွေးချယ်စရာ တလမ်းပဲရှိတော့တယ်'

'ပြောပါဦး'

'အဲဒါကတော့ ဝူးရှိန်ကွေးကိုနားလည်အောင်ပြောပြလိုက်၊ စွန်းဖူးက ဖုကျန်းကျူးကို လှည့်ပတ်ပြီး ခေါ်ထုတ်သွားခိုင်းပါ၊ ဒါမှ ဒီစွမ်းလုံခိုမြို့မှာ ဘာဂယက်မှ မရိုက်နိုင်တော့ဘူး၊ ဒါမှ မဟုတ်ယင်တော့ မလွယ်ဘူး'

ဝူးဖုန်းသည် တစုံတခုကို တွေဝေစဉ်းစားနေရာမှ....

'ဟဲ့ချီ၊ ခင်ဗျား ဆက်မပြောပါနဲ့တော့၊ ခင်ဗျားဟာ ကျွန်တော်တို့ မိသားစုအပေါ်မှာ ဘယ်လို သဘောထားသလဲ ဆိုတာကိုပဲ ကျွန်တော် သိချင်တယ်'

ဟဲ့ချီက ပြုံး၍....

'ဝူးဖုန်း၊ ခင်ဗျားတို့ရဲ့ ဝူးဂေဟာမိသားစု ကျုပ်အပေါ်မှာ ကောင်းခဲ့ပါတယ်၊ ဒါကြောင့် ခင်ဗျားတို့ရဲ့ ကျေးဇူးတွေဟာ ကျုပ်အပေါ်မှာ ရှိနေပါတယ်'

ဝူးဖုန်းက သဘောကျသွားပြီးမှ ထပ်မံ မေးလိုက်ပြန်သည်၊



'ဟဲ့ချီ စောစောက ပြောတဲ့ နည်းလမ်းဟာ ဖုကျန်းကျူးကို ကူညီနေတာလား၊ ဒါမှမဟုတ် ကျွန်တော်တို့ ဝူးဂေဟာမိသားစုကို ကူညီနေတာလား'

ဟဲ့ချီက အေးဆေးစွာပင် ပြောလိုက်သည်။

'ခင်ဗျားရဲ့အဖေဟာ အခုတလော ကုသိုလ်ကောင်းမှုတွေကိုပဲ လုပ်နေတယ်။အဲဒီအချက်က ခင်ဗျားတို့အတွက် အထောက်အပံ့ တခုပဲ။ ကျုပ်အနေနဲ့ ခင်ဗျားကို အကျိုးအကြောင်းပြောပြပြီးသား။ ဒီတော့ ခင်ဗျားဘာသာ ခင်ဗျား ဆုံးဖြတ်ပါ။ ခင်ဗျား အဖေရဲ့ ရည်မှန်းချက်တွေ အလကားဖြစ်သွားမှာစိုးရိမ်မိတယ်၊ ဒါတွေပြောနေရတာဟာ ခင်ဗျားတို့ကို စေတနာထားလို့ပဲ'

ဝူးဖုန်းက တည်ကြည်စွာဖြင့်....

'အင်း....ခင်ဗျားဟာ ကျွန်တော်တို့ မိသားစုအပေါ်မှာသစ္စာရှိသားပဲ။ ဒီတော့ ကျွန်တော်ကလဲ ခင်ဗျားကို မိသားစုတယောက်လို ဆက်ဆံမယ်။ ဒါကြောင့် ကျွန်တော် ခင်ဗျားကို လျှို့ဝှက်ကိစ္စတခု ပြောပြမယ်။ ဒါပေမယ့် အဲဒီအကြောင်းကို ဘယ်သူ့ကိုမှ မပြောပါဘူးဆိုတဲ့ ကတိတော့ ပေးရမယ်'

ဟဲ့ချီသည် ပြုံးရယ်လိုက်ပြီး....

'ကျုပ်ဆီက ဒီလျှို့ဝှက်ချက် ပေါက်ကြားခဲ့ယင် အသေဆိုးနဲ့ သေပါစေ၊ ကဲ ကျေနပ်ပြီလား'

ဝူးဖုန်းသည် ဟဲ့ချီကို ကြည့်၍ စဉ်းစားနေယင်းမှ....

'ဟဲ့ချီ၊ ခင်ဗျားဟာ ကျွန်တော်တို့ရဲ့ စွမ်းလုံခိုမြို့ကို ရောက်လာတာ ဘယ်လောက်ကြာပြီလဲ'

'ခြောက်နှစ်လောက်ရှိရောပေါ့'

'ခင်ဗျား စွမ်းလုံးခိုမှုကို ရောက်ပြီး ကျွန်တော့် အဖေ မကျန်းမမာဖြစ်လာတာပဲ။ အဲဒီကတည်းကစပြီး ကျွန်တော့် အဖေဟာ အိမ်ပြင်ကို လုံးဝမထွက်နိုင်တော့ဘူး။ ညှို့သည် ကိုတောင် လက်ခံမတွေ့ဆုံနိုင်တာကိုကော ခင်ဗျား သတိထား မိရဲ့လား'

ဟဲ့ချိက ခေါင်းညိတ်ပြလိုက်၏။

'ကျုပ် သတိထားပါတယ် ဦးဖုန်း။ ဦးဂေဟာထဲမှာတင် သူ့ကို နှစ်ခါလောက်ပဲ ကျုပ်တွေ့ဖူးပါတယ်။ သူက ဘီးနှစ်လုံး တပ် လက်တွန်းလှည်းကလေးပေါ်မှာ ထိုင်နေတာကို တွေ့ရ တယ်လေ'

ဦးဖုန်းက မချိပြုံး ပြုံးလိုက်ပြီး....

'ဟုတ်တယ် ဟဲ့ချိ။ ဒါနဲ့ ခင်ဗျားထူးခြားချက် တခုကိုကော သတိထားမိရဲ့လား။ လက်တွန်းလှည်းပေါ်မှာ ထိုင်နေတဲ့ ကျွန် တော့်အဖေဟာ သိုးမွေးစောင်အမြဲခြုံထားတယ်ဆိုတာကိုလေ'

ဟဲ့ချိက ထွေထွေထူးထူးမစဉ်းစားပဲ....

'ဩော်....ဦးရှိန်ကွေးဟာ အအေးမိထားလို့များလားမှမသိ တာ....'

ဦးဖုန်းက သူ၏ခေါင်းကို ယမ်းခါပြလိုက်သည်။

'ခင်ဗျားထင်တာမဟုတ်သေးပါဘူး။ ကျွန်တော်ပြောပြမယ် လွန်ခဲ့တဲ့ ငါးနှစ်နွေရာသီရဲ့ ညပိုင်း အချိန်ပေါ့.... ကျွန်တော်တို့ ဟာ ထမင်းစားပြီးခါစပဲရှိသေးတယ်။ အဲဒီအချိန်မှာ ညှို့သည် တယောက်ရောက်လာတယ်။ ညှို့သည်ရဲ့ အသက်ကိုတော့ ခန့်



မှန်းလို့မရဘူး။ ဘာဖြစ်လို့လဲဆိုတော့ ညှို့သည်ဟာ မြက်ဦးထုပ် ဆောင်းထားလို့ပဲ။ ကျွန်တော့် အဖေဟာ ညှို့သည်ကိုမြင်လိုက် တာနဲ့ ထိတ်လန့်သွားတယ်။ ညှို့သည်ဟာ ကျွန်တော့် အဖေနဲ့ ရင်းနှီးပုံရတယ်။ စာကြည့်ခန်းထဲမှာ အရက်သောက်ယင်းသူတို့ နှစ်ယောက် စကားပြောကြတယ်'

ဟဲ့ချိက လက်ဝါးနှစ်ဘက်ကိုပွတ်၍....

'သူထိတ်လန့် သွားတာကတော့ မိတ်ဆွေဟောင်းကို ရုတ် တရက်တွေ့လိုက်ရလို့ ဖြစ်မှာပါ'

ဦးဖုန်းက ဆက်၍ပြောသည်။

'ဒီတုန်းက ကျွန်တော်ဟာငယ်သေးတော့ပြတင်းပေါက်နား ကပ်ပြီး နားထောင်မိတယ်။ ဒါပေမယ့် ဘာမှမကြားရပါဘူး။ ဒါနဲ့ကျွန်တော်လဲ ခြံထဲကို ဆင်းလာခဲ့တယ်'

ဟဲ့ချိက စိတ်ဝင်စားစွာမေးလိုက်သည်။

'နောက်တော့ကော'

ဦးဖုန်းက ဆက်၍ပြောသည်။

'ခြံထဲကိုဆင်းလာတော့ ကျွန်တော်မေ့မေ့ပျောက်ပျောက် ဖြစ်သွားတယ်။ တအောင့်လောက် ကြာတော့ နာနာကျည်း ကျည်းအော်သံကို ကြားလိုက်ရတယ်'

ဟဲ့ချိက မျက်လုံးပြူး၍....

'အင်း....ဘယ်သူ ဘာဖြစ်သွားလို့လဲ'

'ကျွန်တော်လဲ အသံကြားကြားချင်း အိမ်ထဲကို ကမန်း ကတန်းပြေးဝင်သွားတဲ့အခါမှာ ညှို့သည်ကိုမတွေ့ရတော့ဘူး။

ကျွန်တော့်အဖေတယောက်တည်းပဲ သွေးအိုင်ထဲမှာ လဲကျနေတာ တွေ့လိုက်ရတယ်'

'ဪ....ဒါဖြင့် ဒီဥစ္စာသည်ဟာ လူသတ်သမား ဖြစ်နေတာကိုး'

ဦးဖုန်းက ခေါင်းညိတ်လိုက်ပြီးလျှင်....

'အမှန်ပဲ....အဲဒီ ဥစ္စာသည်က ကျွန်တော့်အဖေရဲ့ ပေါင်တချောင်းကို ဖြတ်သွားခဲ့တယ်။ ကျွန်တော်တို့အိမ်က အစောင့်တွေက အဲဒီလူနောက် ပြေးလိုက်မယ် လုပ်တော့ ကျွန်တော့်အဖေက မလိုက်ဖို့တားတယ်။ နောက်တော့ သမားတော်ကြီးတယောက်ကိုပင့်ပြီး ဆေးကုတယ်။ ကျွန်တော့်အဖေဟာ သေရမှာကို ကြောက်တဲ့သူမဟုတ်ပါဘူး။ ဒါပေမယ့် အဲဒီတုန်းက ဖြစ်ခဲ့တဲ့ ကိစ္စကိုတော့ အပြင်ကိုမရောက်စေရဘူးလို့ တင်းတင်းကျပ်ကျပ် သတိပေးထားခဲ့တယ်'

'ဦးဖုန်း....အဲဒီဥစ္စာသည်ဟာ ဘယ်သူလဲ ဆိုတာ ခင်ဗျားရဲ့ အဖေက ပြောမပြဘူးလား။ ဘာဖြစ်လို့ ခင်ဗျားအဖေရဲ့ ခြေ တချောင်းတည်းကို ဖြတ်သွားရတာလဲ'

'ကျွန်တော့်အဖေက လုံးဝမပြောပြခဲ့ဘူး ဟဲ့ချီ။ အင်း....လူ သားတိုင်းဟာ မကောင်းမှု မှန်သမျှ လုံးဝ မလုပ်ပဲ နေယင် အကောင်းဆုံးပဲ။ ဒါမှမဟုတ်ယင်တော့ နောက်ကနေ အရိပ်လို လိုက်ပြီး အနှေးနဲ့အမြန် ဒုက္ခပေးမှာသေချာတယ်'

'ကျွန်တော့်အဖေကတော့ အခုလိုဖြစ်ရတာဟာ သူ့ရဲ့မိုက်မဲ မှုကြောင့် ဖြစ်ရတာလို့ ပြောပါတယ်'

ဟဲ့ချီသည် လေပူတချက် မှုတ်ထုတ်လိုက်လေသည်။



ဖုန်းဖုန်းကပင်ဆက်၍....

'ဟဲ့ချီ....ကျွန်တော့်အဖေဟာ တချိန်က လူဆိုးတယောက် ဖြစ်ခဲ့တယ်။ ဒါပေမယ့် အခုအမြင်မှန်ရလာပြီး ကုသိုလ်ကောင်းမှုတွေကိုပြုလုပ်ခဲ့တယ်။ အဲဒီ နောက်ပိုင်းမှာ ပေါင်တချောင်း အဖြတ်ခံခဲ့ရတယ်။ အခုတခါ ဖုကျန်းကျူးက ကျွန်တော့်အဖေကိုလာပြီးရှာပြန်တယ်။ ကျွန်တော် တော်တော်လေး ထိတ်လန့်သွားတယ်။ ဒါကြောင့်မို့ ဖုကျန်းကျူးကို ဒီမြို့ကနေ နှင်ထုတ်ခိုင်းတာပါ'

ဟဲ့ချီက သူ့ကိုမသိမသာ အကဲခတ်ကြည့်ရှုလိုက်ပြီး....

'ဦးဖုန်း....ပြီးတာတွေကို ထားလိုက်ပါတော့။ ခင်ဗျားရဲ့ အဖေနဲ့ စွန်းဖူးတို့ တိတ်တဆိတ် အဆက်အသွယ် ရှိသလား'

ဦးဖုန်းကခေါင်းယမ်း၍ ပြတ်သားစွာပြောလိုက်၏။

'လုံးဝမရှိပါဘူး ဟဲ့ချီ'

'ခင်ဗျားညာနေတာလား ဦးဖုန်း'

'ကျွန်တော့်အဖေဟာ လုံးဝမလှုပ်ရှားနိုင်တဲ့ ဒုက္ခိတပါ။ ကျွန်တော်ဟာ ကျွန်တော့်အဖေကို အမြဲတန်း သတိထားပါတယ်။ တကယ်လို့များ စွန်းဖူးနဲ့ တိတ်တဆိတ် အဆက်အသွယ်ရှိယင် ကျွန်တော်မသိပဲနေမှာမဟုတ်ဘူး'

ဟဲ့ချီသည် စကားပြန်မပြောနိုင်ပဲ ဦးဖုန်း၏စကားကို အပြန်ပြန် အလှန်လှန် တွေးတောစဉ်းစားနေမိပေသည်။

ထို့ကြောင့် ဦးဖုန်းက စိတ်မသက်သာစွာနှင့်....

'ဟဲ့ချီ....ခင်ဗျားကကျွန်တော်ပြောတာ မယုံလို့လား'

ဟဲ့ချီက လျင်မြန်စွာ ပြန်ဖြေလိုက်သည်။

'ကျုပ်ယုံပါတယ်။ ခက်နေတာက ဖုကျန်းကျူး ယုံလာအောင် ဘယ်လိုပြောရမလဲဆိုတာကို စဉ်းစားနေတာပါ'

'ဖုကျန်းကျူးနဲ့ ကျွန်တော့်အဖေ တိတ်တဆိတ် တွေ့ဆုံဆွေးနွေးပြီးပါပြီ'

'ဝူးဖုန်း....ကျုပ်....ဖုကျန်းကျူးဆီသွားပြီး သေသေချာချာဆွေးနွေးမယ်။ နောက်ပြီးတော့မှ အကျိုးအကြောင်း ခင်ဗျားကိုလာပြီး ပြောပြပါ့မယ်'

'ဟဲ့ချီ....ကျွန်တော့်စိတ်ထဲမှာ စိုးရိမ်နေတယ်။ ကျွန်တော့်အဖေနဲ့စွန်းဖူးတို့ဟာ သွေးသောက် ညီအစ်ကို ဖြစ်လိမ့်မယ်လို့ တခါမှ မတွေးမိခဲ့ဘူး'

'ဝူးဖုန်း လူတိုင်းမှာ အတိတ်ဖြစ်ရပ်တွေကိုယ်စီ ရှိကြတာချည်းပါပဲ။ ကောင်းတာရှိသလို ဆိုးတာတွေလည်း ရှိချင်ရှိလိမ့်မယ်။ ဒါတွေက အကြောင်းမဟုတ်ပါဘူး။ ခင်ဗျားပြန်နိုင်ပါပြီ။ ညဉ့်လည်း အတော်နက်နေပြီ။ မနက်ဖန်မနက် ခင်ဗျားဆီကျုပ်လာခဲ့ပါ့မယ်'

ဝူးဖုန်းသည် စကားပြန်မပြောတော့ပဲ ဆက်၍ ထွက်သွားတော့သည်။ သူ၏ ပုံသဏ္ဍာန်က လေးတွဲ့လွန်းလှပေ၏။

* * *



( ၅ )

ဟဲ့ချီသည် ဝူးဖုန်းနှင့် ခွဲခွာပြီး၊ စင်းအော်ဘွားဘွားဆိုင်သို့ ထွက်လာခဲ့၏။

သို့သော်....ဟဲ့ချီမရောက်ခင်မှာပင် ဖုကျန်းကျူးသည်ဆိုင်ထဲမှ ထွက်ခွာသွားပြီ ဖြစ်၏။

ဖုကျန်းကျူး ပြောသွားသော လူသတ်သမားပုံပြင်သည် တမြို့လုံးကို ဂယက်ရိုက်ခတ်သွားလေပြီ ဖြစ်သည်။ လူတိုင်းကလည်း ထိုလူသတ်သမား မည်သူဖြစ်သည် သိချင်နေကြသည်။ ဖော်ထုတ်လိုကြသည်။

ထိုစဉ်။

ရေထမ်းသမား ခါးကုန်းကြီးသည် ဆိုင်ထဲသို့ ရုတ်တရက် လှမ်းဝင်လာ၏။ ဟဲ့ချီက ထိုခါးကုန်းကြီးကိုကြည့်၍ သဘောကျစွာ ပြုံးလိုက်သည်။ သူ၏ စိတ်ထဲမှလည်း ထို ခါးကုန်းကြီးကို ချီးမွမ်းနေမိသည်။

သူသည် ဒုက္ခိတ တယောက် ဖြစ်သော်လည်း၊ ဘဝကို ကြံ့ကြံ့ခိုင်ခိုင်ဖြင့် ရင်ဆိုင်ကာ ခွန်အားကိုရင်း၍ အလုပ်ကို ကြိုးစား လုပ်ကိုင်နေသူဖြစ်သည်။

ဟဲ့ချီသည် ထိုကဲ့သို့သောလူမျိုးကို အလွန် လေးစားကြည်ညိုစိတ် ဖြစ်မိသည်။

ထိုအခိုက်မှာ လူရိပ်တခုသည် သူ့ရှေ့မှ လှစ်ကနဲ ထွက်ခွာသွားမိ၏။ ဟဲ့ချီက ချက်ချင်းပင် လှည့်ကြည့် လိုက်မိသည်။ ထိုလူက ဟဲ့ချီမမြင်အောင် ရှောင်တိမ်းလိုက်ခြင်းပင် ဖြစ်၏။

သို့သော်....ဟဲ့ချီက လျင်မြန်စွာပိတ်၍ တားလိုက်၏။ ထိုလူသည် တုံ့စွန်စန်းပင်ဖြစ်သည်။

'ဟာ....ဟဲ့ချီပါလား'

တုံ့စွန်စန်းက အမှတ်မထင် တွေ့ရသဖြင့် အံ့အားသင့်ပုံမျိုးဖြင့် နှုတ်ဆက်လိုက်၏။ ထို့နောက် သူကပင်....

'အရက်ဆိုင်ကို သွားကြရအောင်'

ဟဲ့ချီက ခေါင်းယမ်းပြလိုက်သည်။ သို့သော်....သူ၏မျက်နှာသည် အထူးပင် လေးနက်၍ တင်းမာနေပေသည်။

'တုံ့စွန်စန်း ခင်ဗျားကို ကျုပ် ပြောစရာရှိတယ်'

တုံ့စွန်စန်းက ဟဲ့ချီ၏စကားကြောင့်....

'ပြောစရာရှိလို့ ဟုတ်လား'

တုံ့စွန်စန်း၏ မျက်နှာပြင်၌ မည်သည့်အမူအရာမှ မပေါ်လွင်သေးသော်လည်း စိတ်ထဲ၌ ရှုပ်ထွေးနေပုံရသည်။

'အင်းလေ....ပြောစရာရှိယင် ပြောနိုင်ပါတယ်'

ဟဲ့ချီက မဲ့ပြုံးတချက် ပြုံးလိုက်ပြီး....

'ကျုပ်တို့ လမ်းလျှောက်ယင်း စကား ပြောကြမယ်'

'ကောင်းသားပဲ....'

တုံ့စွန်စန်းက သဘောတူလိုက်သည်။

သို့နှင့် သူတို့နှစ်ဦးသည် တိတ်ဆိတ်စွာဖြင့် လမ်းလျှောက်လာကြသည်။ ခဏကြာမှ ဟဲ့ချီက....

'တုံ့စွန်စန်း။ ခင်ဗျားနဲ့ ဝူးရှိန်ကွေးတို့ ဘာရန်ငြိုးရန်စများ ရှိပါသလဲ'

'ဝူးရှိန်ကွေးနဲ့....ဟုတ်လား'



'ဟုတ်ပါတယ်....တုံ့စွန်စန်း။ ဝူးရှိန်ကွေးနဲ့ခင်ဗျား ဘယ်လိုရန်ငြိုးများ ရှိခဲ့ဖူးသလဲလို့ ကျုပ် မေးနေတာပါ'

တုံ့စွန်စန်းက ပျာပျာသလဲဖြစ်ကာ....

'ဟဲ့ချီ ခင်ဗျားစကားက အဓိပ္ပာယ်တမျိုးဖြစ်သွားပြီ။ ဝူးရှိန်ကွေးဟာ ကျုပ်တို့ စွမ်းလုံခိုမြို့ရဲ့ ထင်ရှားတဲ့ လူကြီးလူကောင်းတယောက် ဖြစ်တယ်။ ဒီတော့....သူနဲ့ ကျုပ် ဘယ်လို ရန်ငြိုးရှိနိုင်မှာလဲ။ ခင်ဗျားက ဘယ်လိုအဓိပ္ပာယ်နဲ့ ကျုပ်ကို မေးတာလဲ....ဟဲ့ချီ'

ဟဲ့ချီက သုန်မှုန်သော မျက်နှာထားဖြင့် တုံ့စွန်စန်းအားကြည့်၍....

'ဒါဖြင့်....ခင်ဗျားနဲ့ ဝူးရှိန်ကွေးနဲ့ ရန်ငြိုးမရှိပဲ ပုကျန်းကျူးကို ဘာဖြစ်လို့ ဝူးရှိန်ကွေးအကြောင်း ပြောပြလိုက်ရတာလဲ....'

'ဟဲ့ချီ။ ဒီကိစ္စကို ခင်ဗျားက သိနေတာကိုး'

'ဟုတ်တယ်'

တုံ့စွန်စန်းသည် ချက်ချင်းပင် အဖြေပေးလိုက်သည်။

'ခင်ဗျားသိအောင် ရှင်းပြပါ့မယ်။ ကျုပ်အနေနဲ့ ဒီလိုလုပ်ရတာက စွန်ဖူးကို ရည်ရွယ်တာဖြစ်တယ်။ ဝူးရှိန်ကွေးနဲ့ လုံးဝ မပတ်သက်ပါဘူး'

ဟဲ့ချီက အံ့အားသင့်စွာဖြင့်....

'ဩော်....'

တုံ့စွန်စန်းကပင် ဆက်၍ ပြောလိုက်သည်။

'လွန်ခဲ့တဲ့ နှစ်ပိုင်းတွေတုန်းက ကျုပ်ဟာ သိုင်းလောကထဲမှာ လှုပ်ရှား သွားလာခဲ့ဖူးပါတယ်။ အဲဒီအချိန်မှာ စွန်ဖူးကို ဘယ်နေရာမှ အမှားတခု လုပ်ခဲ့မိသလဲ မပြောတတ်ဘူး။ သူက ကျုပ်ကို တနေ့ကျယင် သတ်ပစ်မယ်လို့ ပြောခဲ့တယ်။ ဒီတော့.... စွန်ဖူးဟာ ထိုက်သင့်တဲ့အပြစ်ဒဏ် ပေးခံရမှာပဲ၊ သူဟာ နောက်ထပ် ဘယ်သူ့ကိုမှ အန္တရာယ် ပေးနိုင်တော့မှာ မဟုတ်ဘူး။ ဒါကြောင့်....ကျုပ်က ဖုကျန်းကျူးကိုခေါ်ပြီး ပြောပြခဲ့တာပေါ့'

ဟဲ့ချီသည် အတန်ကြာ စဉ်းစားလိုက်ပြီးမှ....

'အင်း....ခင်ဗျားပြောတာတော့ ဟုတ်ပါပြီ။ ဒါပေမယ့်.... ဒီကိစ္စထဲမှာ ဝူးရှိန်ကွေးလဲ ပတ်သက်နေတယ်။ ဒီတော့ ဝူးဖုန်းနဲ့ သူ့ညီမလေးတို့ပါ သိက္ခာ ကျနိုင်တယ်ဆိုတာကို ခင်ဗျား စဉ်းစားမိရဲ့လား။ ခင်ဗျားကိုယ် ခင်ဗျားတော့ သိတတ်တယ်။ တဘက်လူကိုတော့ လုံးဝ ဂရုမစိုက်ဘူးပေါ့ ဟုတ်လား'

တုံစွန်စန်းက မဲ့ပြုံးတချက် ပြုံးလိုက်ယင်း....

'ဟဲ့ချီ။ ခင်ဗျားမသိတာတွေ အများရှိ ရှိပါသေးတယ်'

'ဘာကိစ္စလဲ'

'ဒီလိုပါ။ ဝူးရှိန်ကွေးနဲ့ စွန်ဖူးတို့ဟာ တိတ်တဆိတ် ဆက်သွယ်နေကြတယ်'

ဟဲ့ချီက အေးစက်မာကျောသော လေသံဖြင့်....

'ခင်ဗျားမှာ သေချာတဲ့ အထောက်အထား ရှိလို့လား'

တုံစွန်စန်းက ရှင်းပြလိုက်သည်။



ဟဲ့ချီ။ ခင်ဗျား အသက်ငယ်ပါသေးတယ်။ ကျုပ် ပြောပြတာ နားထောင်ပါဦး။ ပြီးခဲ့တဲ့အဖြစ်အပျက်တွေကို ခင်ဗျား ဘယ်လိုနည်းနဲ့မှ သိနိုင်မှာမဟုတ်ဘူး။ ဒါပေမယ့်.... ကျုပ်ကတော့ ခိုင်ခိုင်လုံလုံ သိထားတယ်။ လွန်ခဲ့တဲ့ အနှစ် နှစ်ဆယ်လောက်က ကွမ်းလုံတံတားလမ်းပေါ်က လူဆိုးဟာ ဝူးရှိန်ကွေး ဖြစ်တယ်။ သူ့ရဲ့ သွေးသောက်ညီအစ်ကိုကတော့ စွန်းဖူးပဲ'

ဟဲ့ချီက လက်ကာပြလိုက်ပြီး....

'တုံစွန်စန်း။ ခင်ဗျား....ဟိုတုန်းကကိစ္စတွေကို ထပ်မပြောပါနဲ့တော့။ အခုအခြေအနေနဲ့ အခုကိစ္စကိုသာ ပြောပါ'

တုံစွန်စန်းက ခေါင်းတချက်ညိတ်လိုက်ကာ....

'ပြီးခဲ့တဲ့ကိစ္စကို မပြောလို့မဖြစ်ဘူး ဟဲ့ချီ။ ဝူးရှိန်ကွေးဟာ အဲဒီနောက်ပိုင်း စွမ်းလုံခိုမြို့မှာ အခြေချနေထိုင်ခဲ့တယ်။ အဲ.... လွန်ခဲ့တဲ့ငါးနှစ်လောက်က စွန်းဖူးဟာ ဒီကိုရောက်လာခဲ့တယ်။ စွန်းဖူးက ဝူးရှိန်ကွေးဆီက ငွေ အ မြောက် အ မြားကို ခြိမ်းခြောက်ပြီး တောင်းတယ်။ ဝူးရှိန်ကွေးမှာ ပေးစရာငွေမရှိလို့ ငြင်းလိုက်တယ်။ အဲဒါနဲ့ စွန်းဖူးကဒေါသထွက်ပြီး ပေါင်တချောင်းကို ဖြတ်ပစ်လိုက်တယ်။ ပြီးတော့မှ.... ဝူးရှိန်ကွေးကို အခုမပေးနိုင်ပေမယ့် ကိစ္စမရှိဘူး။ တလကို ငွေဒင်္ဂါးတစ်ရာ အမြဲပေးရမယ်။ မပေးယင် စွန်းဖူးက ဝူးရှိန်ကွေးရဲ့သားနဲ့သမီးကို သတ်ပစ်မယ်လို့ ပြောထားခဲ့တယ်'

ဟဲ့ချီသည် တုန်လှုပ်သွားလေသည်။ တုံစွန်စန်းပြောသည်မှာ ယုတ္တိရှိသည်ကို သူသိလိုက်လေသည်။ ထို့ကြောင့် တုံစွန်စန်းကို ထပ်၍မေးလိုက်သည်။

'တုံစွန်စန်း။ ဒီသတင်းကို ခင်ဗျား ဘယ်လိုလုပ်ကြားတာလဲ။ ဘယ်နေရာက ကြားခဲ့တာလဲ....'

တုံစွန်စန်းက သဘောကျစွာ ပြုံးရယ်လိုက်ပြီး....

'ကျုပ်ရဲ့ဆေးဆိုင်မှာ ဆေးလက်ဖက်ရည်ကြမ်းလဲ ရောင်းတော့၊ သောက်တဲ့လူစုံတယ်။ ဟိုလူကတခွန်းပြော၊ ဒီလူကတခွန်းပြောနဲ့ နောက်ဆုံး ပြည့်ပြည့်စုံစုံ သိလာရတာပေါ့'

ဟဲ့ချို ခေါင်းငုံ့၍စဉ်းစားနေသည်။ ဝူးရှိန်ကျေး၏ ပေါင်ကို အဖြတ်ခံရသည့်ကိစ္စသည်၊ မည်သူမှမသိရှိကြသေးပါ။ ဤကဲ့သို့ဆိုလျှင် တုံစွန်စန်းပြောသည်မှာ မဖြစ်နိုင်သေးပေ။

တုံစွန်စန်းပြောသလို သူ၏လက်ဖက်ရည်ကြမ်းဆိုင်မှ ကြားသိရသည်ဆိုသည်ကို ဟဲ့ချိမယုံကြည်ပါ။ ထိုသို့ဆိုလျှင် ဤကိစ္စသည် စွန်းဖူးကိုယ်တိုင် ပြောခြင်းသာ ဖြစ်မည်ဟု စဉ်းစားမိသည်။

'ဟဲ့ချိ။ ခင်ဗျားအနေနဲ့ သူများရဲ့ကိစ္စကို ဝင်ပြီး မစွက်ဖက်သင့်ပါဘူး'

'ခင်ဗျား....ဘာကိုဆိုလိုတာလဲ'

တုံစွန်စန်းက ဟဲ့ချိကိုကြည့်လိုက်ယင်း....

'ဝူးရှိန်ကျေးဟာ စွမ်းလုံးချိုမြို့မှာ အခြေချနေထိုင်ခဲ့တာ ကြာပြီပဲ။ သူဟာ စွမ်းလုံးချိုမြို့အတွက် အစစအရာရာ ကူညီခဲ့တယ်။ ကုသိုလ်ကောင်းမှုတွေကိုလဲ လုပ်ကိုင်ခဲ့တယ်။ ဒါနဲ့တောင် ဝူးရှိန်ကျေးဟာ စွန်းဖူးရဲ့လက်ချက်နဲ့ ပေါင်တချောင်း ပြတ်သွားရတယ်။ ဒါပေမယ့်....ဝူးရှိန်ကျေးက စွန်းဖူးကိုဆက်ပြီးထောက်ပံ့နေတယ်။ ဒါဟာ ဘာအတွက်ကြောင့်လဲ။ ဝူးဂေဟာထဲမှာ



စွန်းဖူးရှိနေလို့ပဲပေါ့။ ဒါမှမဟုတ်ယင် ဝူးရှိန်ကျေးက စွန်းဖူးအပေါ် ဘာတွေများ လုပ်ထားခဲ့မိလို့လဲမပြောတတ်ဘူး။ ဒါကို ခင်ဗျားအနေနဲ့ ဘာလို့ဝင်စွက်ဖက်ရမှာလဲ'

ဟဲ့ချိသည် တုံစွန်းစန်းအား မော့၍ကြည့်လိုက်ပြီးမှ....

'သူတပါးပြောတဲ့ ကောလဟာလတွေက ခင်ဗျား ယုံနေသလား'

'ယုံတာပေါ့....'

'ကျုပ်ကတော့ မဖြစ်နိုင်တာမို့လို့ မယုံကြည်နိုင်ဘူး'

တုံစွန်စန်းက ခေါင်းယမ်းခါလိုက်ပြီး၊ တင်းမာစွာဖြင့်....

'အင်း....ခင်ဗျား မယုံလဲမယုံနဲ့ပေါ့။ ဘာပဲဖြစ်ဖြစ် စွန်းဖူးကို လွယ်လွယ်ကူကူဆက်ဆံလို့ရမှာ မဟုတ်ဘူး။ စကားပုံတောင်ရှိသေးတာပဲ။ ရေကျယင် ကျောက်တုံးပေါ်လာနိုင်မယ်တဲ့။ ဒီတော့....ကျုပ်တို့ စောင့်ကြည့်ကြတာပေါ့'

'တုံစွန်စန်း၊ ခင်ဗျားကို ကျုပ်တခုပြောချင်ပါတယ်'

'ပြောနိုင်ပါတယ်'

'ခင်ဗျားအနေနဲ့ ဖုကျန်းကျူးကို ထပ်ပြီးမဆက်သွယ်ပါနဲ့'

'သူက စပြီးဆက်သွယ်လာယင်ကော....'

ဟဲ့ချိက မဲ့ပြုံးပြုံးလိုက်ယင်း

'ခင်ဗျားက ရှောင်နေလိုက်ပါ....'

တုံစွန်စန်းက အံကြိတ်လိုက်ပြီး....

'ကျုပ်....ခင်ဗျားပြောသလိုဖြစ်အောင် **ကြိုးစားပါ့မယ်**'

ဟဲ့ချိသည် တုံစွန်စန်းရှေ့မှ လျင်မြန်စွာထွက်ခွာလာခဲ့သည်။ သူ့တွင် လုပ်စရာကိုင်စရာများ ရှိနေသေးသည်။



အပိုင်း [လေး]



တန်ဖိုးကြီးကြီး ပေးဆပ်ပါ

✲

( ၁ )

ဟဲ့ချီသည် ဖုကျန်းကျူးနှင့် တွေ့ဆုံဆွေးနွေးရန် ကိစ္စရှိနေပေသည်။

သို့သော်ဟဲ့ချီသည် တုံစန်း တည်းခိုခန်းသို့မသွားသေးပဲ၊ ဝူးဂေဟာသို့သာ အလျင်သွားရောက်ခဲ့လေသည်။

ဟဲ့ချီသည် ဝူးဖုန်းနှင့်တွေ့ဆုံ၍ အကျိုးအကြောင်းပြောပြပြီးနောက် ဝူးရှိန်ကွေးနှင့် တွေ့ဆုံချင်သည်ဟု တောင်းဆိုလိုက်လေသည်။

ဝူးဖုန်းကလည်း ချက်ချင်းပင်....

'ဟဲ့ချီ ဒီလိုဆိုယင် ကျွန်တော့်ရဲ့အဖေကို ကျွန်တော် မေးကြည့်လိုက်ဦးမယ်'

ဟဲ့ချီက အချိန်ကုန်မခံနိုင်သဖြင့် ခပ်မြန်မြန်ပင်ပြောလိုက်၏။

'ဦးဖုန်း.... ကျုပ်မှာ အရေးကြီးတဲ့ကိစ္စတခု ရှိနေသေးတယ်။ ခင်ဗျားရဲ့အဖေ ဦးရှိန်ကွေးနဲ့ အမြန်တွေ့ရမှ ဖြစ်လိမ့်မယ်'

ဦးဖုန်းသည် ခေါင်းတချက်ညိတ်လိုက်ပြီး....

'ကောင်းပြီ။ ကျွန်တော်ကြိုးစားပေးပါမယ်'

မည်သူ့ကိုမျှ တွေ့ဆုံခြင်းမရှိသော ဦးရှိန်ကွေးသည် ဟဲ့ချီကို လက်ခံတွေ့ဆုံလေသည်။

ထိုနေရာသည် ဦးရှိန်ကွေး၏အိပ်ခန်းဖြစ်ပြီး၊ ဦးဖုန်းကိုမူ အိပ်ခန်း၏ အပြင်ဘက်ရှိ စောင့်ကြပ်ကြည့်ရှုနေရန် ဦးရှိန်ကွေးက မှာကြားထားသည်။

ဦးရှိန်ကွေးသည် သူထိုင်နေကျ ဘီးတပ်လှည်းကုလားထိုင်ပေါ်၌ ထိုင်နေပြီး၊ သူ၏ခန္ဓာကိုယ် အောက်ပိုင်းကို စောင်ဖြင့်ဖုံးအုပ်ထား၏။ သို့သော် ဖုံးထားသောစောင်၏ အောက်ခြေတွင် ခြေထောက်တချောင်း ပြတ်မပြတ်ကိုမူ ဟဲ့ချီ မမြင်နိုင်ပါ။

ဦးရှိန်ကွေးသည် ဟဲ့ချီကို စိုက်ကြည့်ပြီး မေးလိုက်လေသည်။

'မင်းနာမည်....ဟဲ့ချီလား'

ဟဲ့ချီက ပြုံး၍....

'ဟုတ်ပါတယ်'

ဦးရှိန်ကွေးက သူ့ကို မျက်တောင်မခတ်ကြည့်ပြီးမှ....

'ကျုပ်က မင်းကို နှစ်ခါသုံးခါလောက် တွေ့ဖူးပါတယ်၊ ဦးဖုန်းတို့ မောင်နှမပြောလို့ မင်းဟာ လူကောင်းတယောက်လို့ ကျုပ်သိထားတယ်'

ဦးရှိန်ကွေးက ဆက်၍ပြောသည်။



'ဟဲ့ချီ မင်းရဲ့အသက်က မငယ်တော့ဘူး မင်းဟာ စွမ်းလုံခိုမြို့ကို လေလွင့်ပြီး ရောက်လာတာမဟုတ်လား၊ ပြီးတော့....သူများဆီမှာ အလုပ်လုပ်တယ်၊ ဒီအလုပ်မျိုးကို မင်း မလုပ်သင့်ဘူး၊ ဒီအလုပ်လုပ်နေတာ မင်းမှာ အကြောင်းတော့ ရှိရမယ်

ဟဲ့ချီက ဦးရှိန်ကွေး၏စကားကို ဂရုမစိုက်ပဲ....

'ဦးရှိန်ကွေး အခု ကျုပ်လာတာဟာ ခင်ဗျားအတွက်လာခဲ့တာပါ'

ဦးရှိန်ကွေးက မျက်ခုံးပင့်လိုက်ပြီး....

'ကျုပ်က ဘာများဖြစ်နေလို့လဲ'

ဟဲ့ချီက တည်ကြည်စွာဖြင့်....

'ခင်ဗျားရဲ့ ခြေထောက်တဘက်'

ဦးရှိန်ကွေး၏ မျက်နှာသည် ဒေါသကြောင့် ပို့ရဲလာပြီး....

'ကျုပ်ရဲ့ ခြေထောက်တဘက် ဟုတ်လား။ ဟဲ့ချီ မင်းကို ကျုပ် နှင်ထုတ်ပစ်အောင် မင်း ပြောနေတာလား'

ဟဲ့ချီက အေးဆေးစွာဖြင့်....

'ဦးရှိန်ကွေး ခင်ဗျားကျုပ်ကိုသာ နှင်ထုတ်လို့ ရပါလိမ့်မယ်၊ ဒါပေမယ့် ဖုကျန်းကျူးကိုတော့ နှင်ထုတ်လို့ ရမှာမဟုတ်ဘူး၊ ပြီးတော့ စွမ်းလုံခိုမြို့ပေါ်က ကောလာဟလသတင်းတွေပျောက်သွားအောင် လုပ်လို့လဲ ရမှာမဟုတ်ပါဘူးလေ'

ဦးရှိန်ကွေးသည် ဟဲ့ချီ၏စကားကြောင့် ရုတ်တရက် ငြိမ်သက်သွားပြီးမှ မေးလိုက်သည်။

ဟဲ့ချီက တလုံးချင်း ပြောလိုက်သည်။

'ခင်ဗျားရဲ့ ခြေထောက်တဘက်နဲ့ စွန်ဖူးရဲ့ အကြောင်းတွေပေါ့'

ဝူးရှိန်ကွေး မျက်နှာ ကွက်ကနဲ ပျက်သွား၏။ သူ၏ပုံစံသည် စောစောကနှင့် လုံးဝ မတူတော့ပါ၊ တိုက်ပွဲတွင် ရှုံးနိမ့်သွားသော ကြက်ဖကြီးတကောင်၏ပုံနှင့် လွန်စွာတူနေသည်။

'ဟဲ့ချိ ပြီးတော့ကော မင်းဘာတွေ ကြားခဲ့သေးသလဲ'

ဟဲ့ချိသည် ဝူးရှိန်ကွေးကို မသိမသာ အကဲခတ်လိုက်ပြီး....

'ကျုပ် စောစောက ပြောတဲ့အတိုင်းပဲ၊ ခင်ဗျားရဲ့ ခြေတချောင်းရယ်၊ စွန်ဖူးရယ်ဟာ တခုနဲ့တခု ဆက်သွယ်မှု ရှိနေပါတယ်'

ဝူးရှိန်ကွေးက မသိမသာ ခေါင်းငုံ့လိုက်တာ....

'ကျုပ်ရဲ့ ခြေထောက်နဲ့ပတ်သက်လို့ ဟုတ်လား၊ အင်း.... ကျုပ်လည်း အသက်ကြီးလှပြီ၊ ခြေထောက်တွေကတော့ထုံကျဉ်နေတာပဲ၊ တခါတလေဆိုယင် ဘယ်လိုဖြစ်မှန်းကို မသိပါဘူး။ ကျုပ်နဲ့စွန်ဖူး မပတ်သက်ပါဘူး'

ဟဲ့ချိက ပြုံး၍

'ဝူးရှိန်ကွေး ခင်ဗျားကို စကားတခွန်းပြောဖို့ ကျန်ပါသေးတယ်၊ ခင်ဗျားခြေတဘက်ကို စွန်ဖူးက ဖြတ်သွားတယ်လို့ လူတွေက ပြောနေကြပါလား'

ဝူးရှိန်ကွေးသည် သူ၏ ဦးခေါင်းကို ခါယမ်းလိုက်ပြီ မချိပြုံး ပြုံး လိုက်လေသည်။



'စကားတွေဟာ လုံးဝမမှန်ပါဘူး၊ မင်း ဒီကိုလာတာ ဒီစကားတွေ ပြောရအောင် လာတာလား၊ ဘာအဓိပ္ပာယ်နဲ့ ဒီစကားကို ပြောရတာလဲ'

'ကျုပ် ဒီစကားတွေကို မယုံကြည်လို့ပဲ'

'ဒါဆိုယင်လဲ ပြီးတာပဲပေါ့'

'ဒါပေမယ့် ကျုပ်အနေနဲ့ တခုခုကိုတော့ တိတိကျကျ သိချင်ပါတယ်'

'ဘာကို သိချင်တာလဲ....ဟဲ့ချိ'

ဟဲ့ချိက အတန်ငယ် တုံ့ဆိုင်းနေပြီးမှ ပြောလိုက်လေသည်။

'ဝူးရှိန်ကွေးရဲ့ ခြေဘောက်ကို ကျုပ် ကြည့်ပါရစေ၊ ဒါကြောင့်မို့လို့ ခင်ဗျားရဲ့စောင်တို့ ကျေးဇူးပြုပြီး လှန်လိုက်ပါ'

ထိုသို့ ဝူးရှိန်ကွေးကို ပြောလိုက်မိခြင်းသည် ဟဲ့ချိ၏ မဟာအမှားပင်ဖြစ်၏။

ဝူးရှိန်ကွေးသည် ဒေါသ ထွက်လာကာ အော်ဟစ်လိုက်၏။

'ဟဲ့ချိ....မင်း မြန်မြန်ထွက်သွားပါ၊ စွမ်းလုံခို့မြို့ကပါ တခါတည်း ထွက်သွားပါ၊ မင်းကို ကျုပ် နောက်ထပ် မတွေ့ရပါစေနဲ့'

ဟဲ့ချိက ထိတ်လန့်တုန်လှုပ်စွာဖြင့်....

'ဝူးရှိန်ကွေး ခင်ဗျားကို ကျုပ် ဒုက္ခပေးမလို့ မဟုတ်ပါဘူး'

ဝူးရှိန်ကွေးက ဒေါသ တကြီးဖြင့် အော်ငေါက်လိုက်၏။

'ဟဲ့ချိ မင်းမကြားဘူးလား အခုထွက်သွားစမ်း'

ဟဲ့ချီသည် ခေါင်းမာလွန်းသူ ဖြစ်သည်။ သူသည် ပင့်သက် တချက်ရှိုက်လိုက်ပြီး အသံကို နှိမ့်၍ ပြောလိုက်သည်။

'ဝူးရှိန်းကွေးစိတ်ကို အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် ထားပါ ကျုပ်အနေနဲ့ အဖြစ်အပျက်မှန်သမျှကို သေသေချာချာ သိမှ ကူညီနိုင်မှာမို့ပဲ ဒါကြောင့်မို့ ခင်ဗျားရဲ့ ခြေထောက် ကို ကြည့်ပါရစေ'

ဟဲ့ချီသည် တဘက်သား၏ စိတ်သဘောထားကို မစောင့် အကဲမခတ်တတ်သဖြင့် ပို၍ ဆိုးရွားသော အမှားမျိုးကို ထပ်မံ ပြုလိုက်မိပြန်သည်။

ထို့ကြောင့် ဝူးရှိန်ကွေးသည် မျက်လုံးအစုံကို ပြူးထွက် မတတ် အော်ဟစ်လိုက်လေသည်။

'ဟဲ့ချီ မင်း အခုချက်ချင်း ထွက်သွားစမ်း'

သို့သော် ဟဲ့ချီသည် လုံးဝ ဂရုမစိုက်ပါ။

'ဝူးရှိန်ကွေး ခင်ဗျားကိုတော့ သိပ်အားနာပါတယ်။ ဒါပေ မယ့် ခင်ဗျားရဲ့ ခြေထောက်ကို ကျုပ်ကြည့်ရမှဖြစ်မယ်'

ဟဲ့ချီသည် မဟာအမှားကြီးတခုကို ထပ်မံ ကျူးလွန်လိုက် ပြန်လေသည်။

ဟဲ့ချီသည် ပြောပြီးသည်နှင့် ရုတ်တရက် ဝူးရှိန်ကွေး၏ပေါင် ပေါ်တွင် အုပ်ထားသော စောင်ကို ဆွဲ၍လှန်လိုက်သည်။

ဟဲ့ချီ၏လှုပ်ရှားမှုသည် လွန်စွာမြန်ဆန်လှသည်။ ဝူးရှိန်ကွေး သည် သူ၏လျှို့ဝှက်ချက်ကို ဆက်လက်ဖုံးကွယ်ထား၍ မရနိုင် တော့မှန်း ဟဲ့ချီက တွက်ဆလိုက်လေသည်။



သို့သော် ဟဲ့ချီ၏အထင်မှာ ဆန့်ကျင်ဘက် ဖြစ်သွားသည်။ ဟဲ့ချီ၏လက်သည် ဝူးရှိန်ကွေး၏ စောင်ကို ထိမိစဉ်မှာပင် ဝူးရှိန် ကွေး၏ညာလက်က ဟဲ့ချီ၏ ဗယ်ဘက်ရင်အုံကို ရိုက်ထုတ်မိလျက် သား ဖြစ်သွားသည်။

ဝူးရှိန်ကွေးလက်မှာ ပိန်လှီလွန်းလှသော်လည်း ဟဲ့ချီအတွက် မှာမူ သံပြားတပြားနှင့် ပြင်းထန်စွာ အရိုက်ခံလိုက်ရသကဲ့သို့ ဖြစ်သွားပြီး နောက်ဘက်သို့ လွင့်စဉ်သွားလေသည်။

ဟဲ့ချီသည် နောက်ဘက်ရှိ နံရံနှင့် တိုက်မိပြီး လဲကျကာ ငြိမ် သက်သွားပေတော့သည်။

ဝူးရှိန်ကွေးသည် သူ၏ညာဘက်လက်ကို မယုံကြည်နိုင်စွာဖြင့် ငုံ့၍စူးစိုက်ကြည့်နေမိသည်။

ကြံ့ခိုင်တောင့်တင်းသော လူရွယ်တယောက်ကို သူ၏ပိန်လှီ သော လက်တဘက်က အန္တရာယ်ပြုနိုင်ခဲ့ပြီဖြစ်သည်။

'ဖေဖေ....ဖေဖေ....'

ဝူးဖုန်းနှင့် ဝူးကဲ့တို့ မောင်နှမသည် အိပ်ခန်းထဲသို့ ပြေးဝင် လာကြ၏။

သူတို့သည် အခန်းထဲမှ မြင်ကွင်းကိုမြင်ရလျှင်ပင် ငေး ကြောင်၍သွားကြရလေသည်။

ဝူးရှိန်ကွေးသည် အားယူ၍စကားပြောလိုက်သည်။

'လူကလေးဝူးဖုန်း၊ ဟဲ့ချီရဲ့အခြေအနေကို ကြည့်လိုက်စမ်း ပါဦး'

ဦးဖုန်းသည် လျင်မြန်စွာဖြင့် ဟဲ့ချီ၏ကိုယ်လုံးကို ပက်လက်လှန်လိုက်ပြီး ကြည့်လိုက်သည်။

ဟဲ့ချီ၏ မျက်နှာသည် ဖြူဖပ်ဖြူရော် ဖြစ်နေပြီး နှုတ်ခမ်းထောင့်မှ သွေးများ စီးဆင်းကျနေပေသည်။

ဦးဖုန်းက တုန်လှုပ်ချောက်ချားသွားပြီး....

'ဖေဖေ....သူ့ကို သတ်လိုက်တာလား'

ဦးရှိန်ကွေးက တုန်တုန်ယင်ယင်ဖြင့်....

'ဟဲ့ချီရဲ့ရင်ဘတ်ကို စမ်းကြည့်လိုက်ပါဦး'

ဦးဖုန်းက ဟဲ့ချီ၏ရင်ဘတ်ကို စမ်းကြည့်လိုက်ယင်း....

'သူ့ရဲ့ရင်က ခုန်နေသေးတယ်'

ဦးရှိန်ကွေးသည် သက်ပြင်းတချက်ချလိုက်သည်။

'သူ့ကို သမားတော်ကြီးဆီပို့လိုက်၊ နောက်ကိုမှတ်ထားစမ်း ဦးဖုန်း၊ ဒီနေ့ကစပြီး ဟဲ့ချီကို ငါတို့ရဲ့အိမ်ထဲကို လုံးဝ မဝင်စေနဲ့'

ဦးဖုန်းသည် ခေါင်းညိတ်ပြလိုက်၏။ သူသည် မိဘကိုရိုသေလေးစားသူဖြစ်သဖြင့် အကျိုးအကြောင်းကိုပင် မေးမြန်းခြင်းမပြုတော့ပဲ သူ၏ဖခင် မှာကြားသည့်အတိုင်း လုပ်ဆောင်လိုက်လေသည်။

ညဥ့်အတော်နက်နေပေပြီ။

သို့သော် လူသွား လမ်းမကြီးပေါ်၌ လူများ သွားလာလှုပ်ရှားနေဆဲပင် ဖြစ်လေသည်။

* * *



(၂)

ဟဲ့ချီသည် ခုတင်ပေါ်၌ ငြိမ်သက်စွာ လဲလျောင်းနေပေသည်။

နှစ်နာရီခန့်ကြာမြင့်သည့်တိုင်အောင် ဟဲ့ချီသည် လုံးဝ လှုပ်ရှားခြင်း မရှိသေးပါ။

သူ၏နှလုံးခုန်မှုမှာမှန်ကန်သော်လည်း သတိမရရှိသေးပေ။

သမားတော်ကြီး၏ မျက်လုံးအစုံသည် ဟဲ့ချီကို သေချာစွာကြည့်ရှုနေသည်။ သမားတော်ကြီး၏ဘေးမှ ရပ်ကြည့်နေသူများမှာ ဖုကျန်းကျူးနှင့် ဦးကဲ့တို့ပင် ဖြစ်၏။

သူတို့သည် ဤနေရာ၌ ရောက်ရှိနေသည်မှာ ကြာပြီဖြစ်သော်လည်း စကားတခွန်းမျှ မပြောကြသေးပါ။ ဦးကဲ့သည် သဌေးသမီးဖြစ်၍ မာနကြီးသောကြောင့်လည်း မဟုတ်ပေ။

ဖုကျန်းကျူးသည် တချိန်လုံးလိုလိုပင် သမားတော်ကြီး လုပ်ကိုင်ဆောင်ရွက်ပုံတို့ကို ကြည့်နေသောကြောင့်ပင် ဖြစ်သည်။

သမားတော်ကြီးက ဆေးမြစ်များကို ကြေမွသွားအောင် ထုထောင်းပြီး ဟဲ့ချီ၏ ဒဏ်ရာပေါ်၌ ကပ်၍ထားလိုက်သည်။

ဟဲ့ချီ၏ ပါးစပ်ထဲသို့ အနီရောင်ဆေးလုံးတလုံးကို ထိုးထည့်လိုက်၏။ ဤဆေးလုံးသည် တတိယမြောက် ဆေးလုံးပင် ဖြစ်သည်။

သမားတော်ကြီးသည် လေပူတချက်ကို ဖူးကနဲ မှုတ်ထုတ်လိုက်၏။ ထို့နောက် သူ၏လက်နှစ်ဘက်ကို ဇလုံတဲရှိ ရေနှင့်ဆေးကြောလိုက်သည်။ သူ၏တာဝန်ပြီးဆုံးသွားပြီဖြစ်သည်။

ဖုကျန်းကျူးသည် ဘာမှမပြောပဲ ငြိမ်သက်နေရာမှ ဝင်၍ မေးမြန်းလိုက်၏။

'သမားတော်ကြီးခင်ဗျား ဟဲ့ချိရဲ့ အခြေအနေ ဘယ်လို ရှိပါသလဲ'

သမားတော်ကြီးသည် ဖုကျန်းကျူးဘက်သို့လှည့်၍....

'အင်း....တိတိကျကျ ကုသနိုင်တဲ့ နည်းလမ်း သိပ်မမြင်ဘူး'

ဖုကျန်းကျူးက မျက်မှောင်ကုပ်လိုက်ကာ....

'သမားတော်ကြီး ပြောစကားအရဆိုယင် ဟဲ့ချိရဲ့ဒဏ်ရာက ပြင်းထန်ပြီး သေနိုင်လို့လား'

သမားတော်ကြီးက ခေါင်းယမ်းခါပြလိုက်ပြီး....

'သေတော့မသေနိုင်ပါဘူး၊ ဒါပေမယ့် နဂိုအတိုင်း ပြန်ကောင်းလာလိမ့်မယ်လို့တော့ ကျုပ်အနေနဲ့ ကတိမပေးနိုင်ဘူး'

ဖုကျန်းကျူးသည် ဟဲ့ချိကို သေချာစွာ ကြည့်ရှုလိုက်ယင်း

'သမားတော်ကြီးကို အထင်သေးလို့တော့ မဟုတ်ပါဘူး၊ ဒါပေမယ့်'

သမားတော်ကြီးက အေးဆေးသော အမူအရာဖြင့်....

'လူကလေး....မင်းပြောချင်တာကို ပွင့်ပွင့်လင်းလင်း ရဲရဲတင်းတင်း ပြောနိုင်ပါတယ်'

ဖုကျန်းကျူးကပြုံး၍....

'သမားတော်ကြီးတို့ရဲ့ အမြင်မှာ ဒဏ်ရာ ဘယ်နှစ်မျိုးလောက် ရှိပါသလဲ'



သမားတော်ကြီးသည် ဖုကျန်းကျူး၏ အမေး ကြောင့် အံ့အားသင့်သွားပေသည်။

'ဟာ....သူ့ရဲ့ဒဏ်ရာတွေက အများကြီးပဲပေါ့'

'ကျွန်တော်တို့အတွက် ဆိုယင်တော့ ဒဏ်ရာဟာ နှစ်မျိုးနှစ်စားတည်းပဲ ရှိပါတယ်'

'နှစ်မျိုးတည်းရှိတယ်၊ ဟုတ်ရဲ့လား'

ဖုကျန်းကျူးက သမားတော်ကြီးအား ရှင်းပြလိုက်သည်။

'ဟုတ်ပါတယ် သမားတော်ကြီး....။ ဒဏ်ရာ တမျိုးက အကြောင်းအမျိုးမျိုးကြောင့်ရရှိတဲ့ ဒဏ်ရာပါ။ နောက် ဒဏ်ရာတမျိုးကတော့ သိုင်းသမားတယောက်ရဲ့ တိုက်ခိုက်မှုကို ခံလိုက်ရလို့ ရတဲ့ ဒဏ်ရာမျိုးဖြစ်ပါတယ်။ သိုင်းအဖွဲ့တွေ အများအပြားရှိသလို သိုင်းပညာကလဲ အမျိုးမျိုးရှိနေပါတယ်။ ဒါကြောင့် မို့လို့ ဒီဒဏ်ရာမျိုးကို သမားတော်ကြီး အနေနဲ့....'

ဖုကျန်းကျူးက စကားကို တပိုင်းတစနှင့် ရပ်လိုက်ရ၏။ သမားတော်ကြီးက ကြားဖြတ်၍ ဝင်ပြောလိုက်လေသည်။

'လူလေး....မင်းပြောတာ မှန်ပါတယ်။ ကျုပ်ကို အားနာနေစရာလုံးဝမလိုပါဘူး။ ဒီဒဏ်ရာကိုပျောက်ကင်းသွားအောင် ကျုပ် ကုသမပေးနိုင်ဘူး။ ဟဲ့ချိရဲ့ ခန္ဓာကိုယ်အတွင်းပိုင်းမှာ ရှိတဲ့ အစိတ်အပိုင်းတွေဟာ ပုံမှန်အတိုင်းမဟုတ်တော့ဘူး။ သွေးလည်ပတ်မှုကလဲ နှေးကွေးနေတယ်။ ဒီနေရာမှာခု တခြားလူဆိုယင် အသက်ရှင်နိုင်တော့မှာ မဟုတ်ဘူး'

ဖုကျန်းကျူးက အေးဆေးသော အမူအရာဖြင့်....

'သမားတော်ကြီးရဲ့ ဆေးပညာက မြင့်မားပါပေတယ်။ ဒါပေမယ့် ဟဲ့ချီ ရတဲ့ ဒဏ်ရာနဲ့ပတ်သက်ပြီး ပြောရမယ်ဆိုယင်တော့ တခြားလူကမှ သမားတော်ကြီးထက် ပိုပြီး ထိထိရောက်ရောက် ကုသနိုင်ပါလိမ့်မယ်။ လူတယောက်တည်းပဲ။ သူ့ကို နဂိုအတိုင်း ပြန်ဖြစ်အောင် ကုသနိုင်လိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ်'

'ဘယ်သူများပါလိမ့်'

'ဟဲ့ချီကို တိုက်ခိုက်တဲ့လူပဲပေါ့'

သမားတော်ကြီးသည် ဝူးကျဲဘက်သို့ မသိမသာ လှမ်းကြည့်လိုက်၏။

ဝူးကျဲ အသက်မှာ ၁၈ နှစ်ခန့်ရှိပြီ ဖြစ်သည်။ သူမသည် အထူးပင် တည်ငြိမ်လွန်းလှသည်။သူမသည် ရှေ့သို့ ခြေနှစ်လှမ်းခန့် တိုး၍ ဖုကျန်းကျူးကို စိုက်ကြည့်ပြီး ပြောလိုက်၏။

'ဖုကျန်းကျူး၊ ကျွန်မဟာ ဝူးရှိန်ကွေးရဲ့ သမီး ဝူးကျဲ ဖြစ်ပါတယ်'

ဖုကျန်းကျူးက သူမကို ကြည့်လိုက်ပြီး....

'ဟုတ်ကဲ့....ကျွန်တော် သိပါတယ်'

'ဟဲ့ချီ ရတဲ့ ဒဏ်ရာဟာ ကျွန်မအဖေရဲ့ လက်ဝါးရိုက်ချက်ကြောင့် ရရှိသွားတဲ့ ဒဏ်ရာပဲ'

'ဩော်....ဟုတ်လား'



သူ့အနေဖြင့် ဤကိစ္စကို ကြိုတင်သိရှိထားသူလိုဖြစ်နေသည်။ ဝူးကျဲက သူ့ကိုလှည့်ကြည့်လိုက်ကာ....

'ရှင် ဆိုလိုတာက ကျွန်မရဲ့ အဖေကပဲ ဟဲ့ချီရဲ့ ဒဏ်ရာကို ကုသပေးရမယ်ပေါ့'

ဖုကျန်းကျူးက ခေါင်းညိတ်ပြလိုက်ပြီး....

'ဟုတ်ပါတယ်။ ဒါမှ ဟဲ့ချီရဲ့ ဒဏ်ရာဟာ ပျောက်ကင်းသွားနိုင်ပါလိမ့်မယ်'

ဝူးကျဲ စိတ်ပျက်လက်ပျက်ဟန်ဖြင့် ညည်းတွားလိုက်သည်။

'ရှင် ပြောသလို လုံးဝမဖြစ်နိုင်ဘူး'

'ဘာဖြစ်လို့လဲ'

'ဒီကိစ္စကိုတော့ ကျွန်မအနေနဲ့ မဖြစ်နိုင်ဘူးဆိုတာကိုပဲ ပြောပါရစေ'

ဖုကျန်းကျူးသည် ဝူးကျဲကို အေးစက်စွာ စိုက်ကြည့်လိုက်ပြီးမှ....

'ခင်ဗျားရဲ့အဖေဟာ သူ့ရဲ့အမှားကို မပြင်နိုင်တော့ဘူးလား›

ဝူးကျဲသည် ဖုကျန်းကျူးအား ခပ်ငေးငေးလေး ကြည့်ပြီးမှ ရှင်းပြလိုက်လေသည်။

'ဟဲ့ချီဟာ ကျွန်မအဖေ ဒေါသထွက်အောင် လုပ်ခဲ့လို့ သူ ဒီလိုခံလိုက်ရတာပေါ့။ ဟဲ့ချီ မနေ့နေ့တုန်းမှာ ကျွန်မအဖေက ကျွန်မကို မှာလိုက်တယ်။ ငွေဘယ်လောက်ကုန်ကုန် ဟဲ့ချီရဲ့

ဒဏ်ရာကို ပျောက်အောင်ကုပေးရမယ်တဲ့။ နောက်ပြီး ကျွန်မ အဖေက ဟဲ့ချိုကို ထပ်ပြီး မတွေ့ချင်တော့ဘူးလို့လဲ ပြောတယ်။ အဖေဟာ စိတ်ဓာတ် အင်မတန်ခက်ထန်မာကြောတယ်ရှင့်။ ဒါဆို ဒါပဲ။ ဒါကြောင့် အဖေက ဆေးကုသဖို့ဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး ရှင်'

ဖုကျန်းကျူးက မျက်မှောင်တချက်ကြုတ်၍....

'ခင်ဗျားရဲ့ အစ်ကိုကကော ဘယ်မှာလဲ'

ဝူးကျဲက မျက်နှာချ၍ ပြန်ဖြေလိုက်၏။

'အစ်ကိုက အိမ်မှာ အဖေ့ကို စောင့်ရှောက်ဖို့ ကျန်နေရစ်ခဲ့ပါတယ်။ အဖေက ဒေါသထွက်လို့ရှိယင် တကိုယ်လုံး နုံးချိသွားလေ့ရှိတယ်'

ဖုကျန်းကျူးက မယုံကြည်နိုင်စွာဖြင့် တအံ့တဩ ပြောလိုက်မိသည်။

'တကိုယ်လုံး ချိနဲ့သွားတယ် ဟုတ်လား'

ထို့နောက် ဖုကျန်းကျူးက သူမကို အကဲခတ်သလို ကြည့်လိုက်ပြီး အေးစက်စွာ ဆက်ပြောလိုက်၏။

'မကျန်းမမာဖြစ်နေတဲ့ ခင်ဗျားရဲ့ အဖေက အခုလို ဒဏ်ရာရအောင် လုပ်နိုင်တယ်ဆိုတာကတော့ တော်တော်မယုံကြည်နိုင်စရာ ကောင်းတာပဲ'

ဝူးကျဲ မျက်နှာ ကွက်ကနဲ ပျက်သွားပြီး မျက်လုံးအိမ်ထဲ၌ မျက်ရည်များ ရစ်ဝဲလာသည်။



'ဖုကျန်းကျူး၊ ရှင့်ကို ကျွန်မ အမှန်အတိုင်း ပြောပြနေတာပါ ရှင်'

ဖုကျန်းကျူးက မကျေနပ်သော အသွင်ဖြင့်....

'ဝူးကျဲ၊ အမှန်ဆိုယင် ခင်ဗျားကို ကျွန်တော် ဒီလိုတင်းတင်းမာမာ မပြောသင့်ပါဘူး၊ ဒါပေမယ့် ခင်ဗျားဟာ ဟဲ့ချိုကို ဒဏ်ရာရအောင် ကိုယ်တိုင်မလုပ်ပေမယ့် ဒဏ်ရာပိုရအောင်လုပ်သလို ဖြစ်နေတယ်'

ဝူးကျဲက အားယူ၍ တလုံးချင်းပြောလိုက်သည်။

'ရှင် ထင်သလို မဟုတ်ပါဘူး။ ဒါပေမယ့် ရှင် ကျွန်မကို ပြောချင်တာ ပြောနိုင်ပါတယ်'

ဝူးကျဲ၏ စကားကြောင့် ဖုကျန်းကျူး ရုတ်တရက် ကြောင်သွားသည်။ ထိုစဉ် သမားတော်ကြီးက ကြားဝင်၍ ပြန်ဖြေစကားပြောလိုက်၏။

'ဖုကျန်းကျူး ဒီက လုံမလေး ဝူးကျဲကို ခွင့်လွှတ်လိုက်ပါကွယ်'

ဖုကျန်းကျူးက ဝူးကျဲကို စိုက်ကြည့်နေရာမှ....

'သမားတော်ကြီး၊ ဝူးကျဲဟာ ကလေးမဟုတ်တော့ဘူး၊ သူ အကုန်လုံး သိနေပါတယ်'

ဝူးကျဲက မဲ့ပြုံး ပြုံးလိုက်ပြီး ခေါင်းကို မော့၍ ပြန်ပြောလိုက်၏။

'ရှင် ပြောတာ မမှားပါဘူး'

ဖုကျန်းကျူးက တည်ငြိမ်စွာဖြင့်....

'ဝူးကဲ့....ခင်ဗျားကို ကျုပ် မေးရဦးမယ်။ ဒီစွမ်းလုံခြုံမှုမှာ တရားဥပဒေရှိသလား မရှိဘူးလားဆိုတာ သိပါရစေ'

ဝူးကဲ့က မသိမသာ ပြုံးလိုက်ပြီး....

'ရှိတာပေါ့ရှင့်'

'ဒါဆိုယင် ခင်ဗျားရဲ့အဖေဟာ ဥပဒေနဲ့ဆုံးဖြတ်မှုကို ခံယူရမှာပေါ့'

'ဟုတ်ပါတယ်'

ဖုကျန်းကျူးသည် ကျေနပ်သလိုရှိသွားပေသည်။

'တရားဥပဒေရှိလျက်သားနဲ့ သူက လူတယောက်ကို ခုလို ဒဏ်ရာရအောင် ဘာဖြစ်လို့ တိုက်ခိုက်ရတာလဲ'

ဝူးကဲ့က သဘောကျစွာပြုံးရယ်လိုက်၏။ ဖုကျန်းကျူးကို စူးစူးရဲရဲ ပြန်ကြည့်လိုက်ပြီးမှ ဖြေလိုက်သည်။

'ကျွန်မ ပြောပြီးပြီပဲ။ ကျွန်မရဲ့အဖေ ဒေါသထွက်အောင် ဟဲ့ချီက လုပ်တယ်။ ဒါကြောင့်မို့ ဟဲ့ချီဟာ အဖေရဲ့လက်ချက်နဲ့ ဒဏ်ရာရသွားတယ်။ တကယ်လို့များ ဟဲ့ချီ သေသွားခဲ့လို့ရှိယင် ကျွန်မရဲ့အဖေက အလျော်ပေးလိမ့်မယ်။ အခု အခြေအနေမှာတော့ ဟဲ့ချီရဲ့ဒဏ်ရာကိုတတ်နိုင်သရွေ့ကုသပေးမှာပဲ။ ဒါပေမယ့်....ဒီကိစ္စနဲ့ပတ်သက်တဲ့ အဆိုး အကောင်း မှန်သမျှကို ဟဲ့ချီကပဲ လုပ်ပိုင်ခွင့်ရှိပါတယ်'

ဖုကျန်းကျူးသည် သူမ၏စကားကြောင့် ရုတ်တရက် ငိုင်သွားမိ၏။ ဝူးကဲ့သည် သတ္တိရှိသော မိန်းကလေးဖြစ်သည်ဟု စိတ်ထဲမှ ကျိတ်၍ချီးမွမ်းမိလေသည်။



သူမ၏ဖခင်ဘက်မှ ချက်ကျ ပိုင်နိုင်စွာ ဝင်ရောက်၍ ဖြေရှင်းချက် ပေးနေခြင်းပင်ဖြစ်သည်။

သမားတော်ကြီးသည် ကြားထဲမှဝင်၍....

'ဝူးကဲ့.... လုံမလေးရဲ့စကား မှားသွားပြီထင်တယ်။ ဖုကျန်းကျူးဟာ ဟဲ့ချီအတွက်ပြောနေတာဖြစ်တယ်။ ဒါ့ထက် ပိုပြီး ပြောရယင်၊ လုံမလေးရဲ့အဖေ ဝူးရှိန်ကွေး ကောင်းဖို့အတွက် ဖြစ်တယ်ဆိုတာ နားလည်သဘောပေါက်ဖို့ လိုတယ်....'

ဝူးကဲ့က ခေါင်းငုံ့၍....

'ကျွန်မ....ကျွန်မ နားလည်ပါတယ်ရှင်။ ဒါပေမယ့် ကျွန်မအဖေက ဟဲ့ချီကို လုံးဝမတွေ့ချင်ဘူးလို့ ပြောပြီးပြီပဲ'

သမားတော်ကြီးက စကားဆုံးနေပြီဖြစ်သော်လည်း ကြံ့ခိုင်စား၍ ပြောလိုက်သေးသည်။

'ဒါကတော့.... ဝူးရှိန်ကွေး ဒေါသထွက်နေတုန်း ပြောတဲ့စကားဖြစ်မှာပေါ့ကွယ်'

ဝူးကဲ့က ခေါင်းကိုယမ်းခါလိုက်ပြီး....

'မဟုတ်ပါဘူး။ ကျွန်မရဲ့အဖေဟာ အဲဒီစကားပြောတဲ့အချိန်မှာ တည်တည်ငြိမ်ငြိမ်ပဲ ရှိနေပါတယ်။ ဟဲ့ချီရဲ့ဒဏ်ရာကိုတောင် စိုးရိမ်မကင်း ဖြစ်နေသေးတယ်'

ဝူးကဲ့၏မျက်လုံးအစုံသည် ရှေ့သို့သာ တည့်တည့်မတ်မတ် စိုက်ကြည့်နေသည်။ သူမ၏ဖခင် ဆုံးဖြတ်ချက်လုံးဝပြောင်းလဲမည် မဟုတ်သည်ကို သူမအနေဖြင့်သိရှိနေသည်။

ထို့ကြောင့်....သူမသည် အားတင်း၍ စကားတခွန်း ထပ်မံ ပြောလိုက်၏။

'သမားတော်ကြီး....။ ဟဲ့ချီရဲ့ဒဏ်ရာကိုသာ ကြိုးစားပြီး ကုသပေးပါရှင်....'

ဖုကျန်းကျူးသည် ဝူးကဲ့ကို လုံးဝစကားမပြောတော့ပဲ ချာကနဲ လှည့်၍ထွက်သွားလေသည်။ ဝူးကဲ့သည် ဖုကျန်းကျူးကို ရှေ့မှတား၍ မေးလိုက်သည်။

'ရှင်....ဘယ်ကိုသွားမလို့လဲ'

ဖုကျန်းကျူးသည် မကြားချင်ယောင်ဆောင်ကာ ဝူးကဲ့ကို ရှောင်တိမ်း၍ ထွက်ခွာသွားလေသည်။

*　　*　　*

(၃)

ညဉ့်နက်သန်းခေါင်အချိန် ဖြစ်သည်။

လမ်းမကြီးပေါ်၌ ငြိမ်သက်တိတ်ဆိတ်နေ၏။ လူသူ အသွားအလာ လုံးဝမရှိတော့သောအချိန်ပင် ဖြစ်၏။

ဖုကျန်းကျူး၏ခြေလှမ်းများသည် ပေါ့ပါးသွက်လက်လှန်းလှပေသည်။ လမ်းမပေါ်၌ ဖုကျန်းကျူးဖိနပ်သံက ဆူညံစွာ ထွက်ပေါ်နေသည်။

ဝူးကဲ့သည် သူ၏နောက်မှအမီလိုက်လာပြီး မေးလိုက်ပြန်သည်။



'ဖုကျန်းကျူး။ ရှင်....ဘယ်ကိုသွားမလို့လဲ'

ဖုကျန်းကျူးကမဖြေပဲ သူမကို စိုက်၍ကြည့်နေပေသည်။

'ဖုကျန်းကျူး။ ကျွန်မရဲ့အဖေဟာ ချိနဲ့နေပါတယ်။ စိတ်ဓာတ်လဲ အလွန်ကျဆင်းနေတယ်။ ဒါကြောင့်မို့လို့ သူ့ကို သွားပြီး အနှောင့်အယှက်မပေးပါနဲ့'

ဖုကျန်းကျူးက လုံးဝတုံ့ပြန်ပြောဆိုခြင်းမရှိပါ။ ဝူးကဲ့က ထပ်မံ၍ပြောဆိုလိုက်ပြန်သည်။

'ဖုကျန်းကျူး....။ တကယ်လို့များ စွမ်းလုံခို့မြို့ကနေ ရှင်ထွက်သွားပါလို့ ပန်ကြားခဲ့ယင် လက်ခံနိုင်ပါ့မလား။ ဒါမှမဟုတ်ယင် ကျွန်မက ဘယ်လိုရှင်းပြမှ၊ လက်ခံမှာလဲ....'

ဖုကျန်းကျူးသည် ဝူးကဲ့ကိုသာ အကဲခတ်ကြည့်ရှုနေသည်။ သူ့အနေဖြင့် ဝူးကဲ့၏စိတ်ဓာတ် မည်သို့မည်ပုံရှိသည်ကို သိရှိချင်နေပေသည်။

ဝူးကဲ့သည် ဖုကျန်းကျူးက မထုံတက်တေးပြုလုပ်နေသဖြင့် ပို၍မကျေမနပ်ဖြစ်လာ၏။

ထို့ကြောင့်....ဖုကျန်းကျူးကို ခနဲ့စကား ပြောဆိုလိုက်လေသည်။

'ဟင်း....ရှင်က လူသတ်သမားကိုဖမ်းဖို့ ကျွန်မတို့မြို့ကို လာတယ်လို့သာ ပြောတယ်။ ရှင်လဲ လူကောင်းတယောက် မဟုတ်နိုင်ပါဘူး။ လူသတ်တမားက ဓားတွေလှံတွေကိုင်ပြီး လူတွေကို နှိပ်စက်တယ်။ ဒါပေမယ့်....ရှင်ကတော့ ပညာရှိနည်းနဲ့ နှိပ်

စက်တယ်။ ရှင်ဟာ....ကျွန်မတို့မိသားစုရဲ့ ငြိမ်းချမ်းသာယာမှုကို ဖျက်ဆီးတယ်။ ပြီးတော့ စွမ်းလုံခိုမြို့သူမြို့သားတွေရဲ့ အေးချမ်း သာယာမှုကိုပါ ဖျက်ဆီးမယ့်လူပဲ’

ဖုကျန်းကျူးက အမူအရာလုံးဝမပျက်ပဲ၊ သူမကိုသာ စိုက်၍ ကြည့်နေလေသည်။

ဝူးကဲ့က မခံမရပ်နိုင်သော လေသံမျိုးဖြင့်....

‘ရှင်....ကျွန်မကို ဒီလိုအကြည့်မျိုးနဲ့ မကြည့်ပါနဲ့။ ရှင် လိုချင်တာကိုသာ ပြောပါ....’

ဖုကျန်းကျူးက လုံးဝတုံ့ပြန်ခြင်း၊ ပြောဆိုခြင်း မရှိသေး။

‘ဟင်း....ရှင်မပြောလဲ ကျွန်မသိပါတယ်။ ရှင်....တည်းခိုခန်းကို ပြန်ရောက်တာနဲ့ ရှောင်ကျွတ်ဖေ့က ရှင့်ရဲ့အခန်းထဲကို ဝင်လိုက်လာတာပဲ မဟုတ်လား။ ဒီမှာ ဖုကျန်းကျူး....ရှင့်အနေနဲ့ မိုးမလင်းခင် စွမ်းလုံခိုမြို့ကနေ ထွက်သွားမယ်ဆိုယင် ကျွန်မ ရှင်နဲ့အတူ တည်းခိုခန်းကိုလိုက်ခဲ့မယ်....’

ဖုကျန်းကျူး တကိုယ်လုံး အေးစက် တောင့်တင်းသွားပေသည်။ဝူးကဲ့အားအံ့ဩစွာနှင့်ကြည့်ယင်းမှ အော်ဟစ်လိုက်သည်။

‘ဝူကဲ့း ခင်ဗျားရဲ့ပါးစပ်ကို ပိတ်ထားလိုက်စမ်း’

ဝူးကဲ့က မခိုးမခန့်ရယ်မောလိုက်ပြီး....

‘ခုမှ ရှင်က ဟန်ဆောင်မနေပါနဲ့ရှင်။ ရှင့်ပါးစပ်က ထုတ်မပြောပေမယ့်၊ ရှင့်စိတ်ထဲမှာ ဘာစဉ်းစားနေတယ်ဆိုတာ ကျွန်မသိပါတယ်။ ဒီတော့ ကျွန်မတောင်မှ ဒီကိစ္စကိုဂရုမစိုက်တာ ရှင်က ဘာဖြစ်လို့ ဂရုစိုက်နေရမှာလဲ....’



ဖုကျန်းကျူးသည် သူ၏စိတ်ကိုချုပ်တည်းပြီး ထပ်မံ အော်ဟစ်လိုက်၏။

‘ဝူးကဲ့။ ခင်ဗျားရဲ့ပါးစပ်ကို ပိတ်ထားလိုက်စမ်း’

ဖုကျန်းကျူး၏ တင်းမာခက်ထန်သော လေသံကြောင့် ဝူးကဲ့သည် ထိတ်လန့်တုန်လှုပ်သွားပြီး နောက်ဘက်သို့ ခြေလှမ်း အနည်းငယ်မျှ ဆုတ်မိသွားလေသည်။

ဖုကျန်းကျူးသည် နူးညံ့သိမ်မွေ့စွာဖြင့် ကြိုးစား၍ ပြောလိုက်လေသည်။

‘ဝူးကဲ့၊ မိဘကို ရိုသေတဲ့ ခင်ဗျားရဲ့စိတ်ဓာတ်ကို ချီးမွမ်းပါတယ်။ဒါပေမယ့် ခင်ဗျားရဲ့လုပ်ပုံတွေက မဟုတ်သေးပါဘူး။ ဒီတော့ ခင်ဗျား တရေးတမောလောက် ပြန်အိပ်လိုက်။ခင်ဗျားရဲ့ အဖေကို ကျုပ် အနှောင့်အယှက် လုံးဝမပေးပါဘူး’

ဝူးကဲ့ လွန်စွာ အံ့ဩသွားလေသည်။ သူမ၏ ပါးစပ်ကလေးသည် ပွင့်ဟသွားပြီးမှ မယုံကြည်နိုင်စွာဖြင့်....

‘ရှင်....ရှင် တကယ်ပြောနေတာလားဟင်’

ဖုကျန်းကျူးဟာ ခေါင်းညိတ်ပြလိုက်ပြီး....

‘ဝူးကဲ့၊ ဖုကျန်းကျူးဟာ စကားကို တခွန်းပဲ ပြောတတ်တယ်’

ဝူးကဲ့သည် ဝမ်းနည်းစွာဖြင့် သူမ၏ မျက်နှာကို လက်ဝါးဖြင့်အုပ်၍ ငိုလိုက်လေသည်။

‘ကျွန်မ ရှင့်ကို အထင်သေးမိတာ ခွင့်လွှတ်ပါရှင်။ ရှင့်ကို ကျွန်မ ကျေးဇူးတင်ပါတယ်’

ဝူးကဲ့ ရှိက်ငိုနေစဉ်မှာပင် ဖုကျန်းကျူးသည် သူမအနားမှ တိတ်တဆိတ် ထွက်ခွာသွားပြီး ဖြစ်လေသည်။

ဖုကျန်းကျူးသည် တည်းခိုခန်းသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။

သူသည် အဝတ်အစားများပင် မလဲတော့ပဲ ခုတင်ပေါ်သို့ လှဲချလိုက်၏။ သူ၏စိတ်သည် ရှုပ်ထွေးနေသည်။ ဖုကျန်းကျူးသည် သေချာစွာ စဉ်းစားနေမိသည်။

သူ၏လုပ်ဆောင်ချက်များ မှားယွင်းနေပြီလားဟု ဆန်းစစ်မိ၏။

သို့သော် သူ၏လုပ်ဆောင်ချက်များသည် လူအများကို ဒုက္ခပေးသလို ဖြစ်နေသည်ကိုမူ သူ ကောင်းစွာ သိရှိနေပေသည်။

ဝူးရှိန်ကွေးသည် တချိန်က သူ၏မိုက်ပြစ်ကို ယခုအချိန်၌ ပေးဆပ်နေရပြီ ဖြစ်သည်။

ဝူးရှိန်ကွေး၏ သားနှင့်သမီးတို့ကို မြင်ယောင်လာသည်။ ထို့ပြင် မျက်ရည်စများနှင့် ဝူးကဲ့ကို သတိရလာမိ၏။

ယခုအချိန်တွင် ဖုကျန်းကျူး စွန်းဖူးကို သူ့အနေဖြင့် လက်တုံ့ပြန်ရမှ ဖြစ်ပေလိမ့်မည်။

'ကျွ ....'

အခန်းတံခါး တွန်းဖွင့်သံ ကြားလိုက်ရ၏။ ရှောင်ကျွတ်ဖေ့သည် အခန်းထဲသို့ ဝင်ရောက်လာလေသည်။

ရှောင်ကျွတ်ဖေ့သည် မီးလည်းမထွန်း၊စကားလည်းမပြောပဲနှင့် ဖုကျန်းကျူး၏ ခုတင်နံဘေးတွင် ဝင်ထိုင်လိုက်၏။



သူမသည် ဖုကျန်းကျူး၏လက်ကို ဖြည်းညင်းစွာ ဆုပ်ကိုင်လိုက်ပြီး....

'ဖုကျန်းကျူး ဟဲ့ချိဒဏ်ရာရသွားလို့ ရှင် စိတ်မကောင်းဖြစ်နေသလားဟင်....'

ဖုကျန်းကျူးက ထိုအမေးနှင့် လုံးဝ မဆိုင်သော အဖြေတခုကို ပေးလိုက်လေသည်။

'ဟဲ့ချိက လူကောင်းတယောက်ပါ'

'ကျွန်မကကော....'

'ခင်ဗျားလဲ လူကောင်းပါပဲ'

ရှောင်ကျွတ်ဖေ့သည် သဘောကျစွာ ပြုံးရယ်လိုက်ကာ....

'ဒါဖြင့် ရှင်ကော....

ဖုကျန်းကျူးက အေးစက်သောလေသံဖြင့် ပြန်ဖြေလိုက်၏။

'ကျွန်တော်လား....ကျွန်တော်က စိတ်ဆင်းရဲ၊ လူဆင်းရဲဖြစ်ပြီး ဒုက္ခခံနေရတဲ့ လူတယောက် ဖြစ်နေတယ်'

ရှောင်ကျွတ်ဖေ့သည် တိုးညင်းသောလေသံဖြင့် ပြောလိုက်သည်။

'ရှင့်မှာ ကြင်နာစိတ်တော့ ရှိသားပဲ။ ရှင်ဟာ စွန်းဖူးကိုတွေ့အောင်ရှာပြီး လက်တုံ့ပြန်မှာမို့ စွမ်းလုံခို မြို့သူ မြို့သားတွေဟာ အဲဒီကိစ္စအတွက်နဲ့ စိတ်မချမ်းမသာ ဖြစ်နေကြတယ်။ ဒီတော့ မြို့သူမြို့သားတွေကို ငဲ့ကွက်ပြီး ရှင့်ရဲ့ လက်တုံ့ပြန်ဖို့ အကြံအစည်ကို ဖျက်လိုက်ပါလားရှင်'

ဖုကျန်းကျူးသည် ခုတင်ပေါ်မှ 'ဝုန်း'ကနဲ ထ၍ ထိုင်လိုက်ပြီး....

'မဖြစ်ဘူး၊ လုံးဝကို မဖြစ်ဘူး။ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး'
ရှောင်ကျွတ်ဖေ့က သူ့ကို မသိမသာ ကြည့်လိုက်ယင်း....
'ဩော်....ဒီလိုဆို ရှင့်ကို ကျွန်မထင်တာ မှားသွားပြီပေါ့'
ဖုကျန်းကျူးက အေးစက်သောလေသံဖြင့်....
'ဟုတ်တယ် ရှောင်ကျွတ်ဖေ့၊ ခင်ဗျားထင်တာ မှားသွားပြီ၊ ကျုပ်ရဲ့မိဘအပေါ်မှာ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့တဲ့ လူကို ခွင့်လွှတ်လို့ မဖြစ်ဘူး။ သွေးကြွေးကို ပေးဆပ်ရမှ ဖြစ်မယ်'
ရှောင်ကျွတ်ဖေ့က တချက် ရယ်သွမ်းသွေးလိုက်ပြီး....
'ဖုကျန်းကျူး၊ ဒါပေမယ့် ကျွန်မထင်တာ တခုကတော့ လုံးဝ မမှားနိုင်ပါဘူးရှင်'
ဖုကျန်းကျူးက အံ့ဩစွာဖြင့်....
'ဘာများပါလိမ့်....'
ရှောင်ကျွတ်ဖေ့က ခပ်နွဲ့နွဲ့လေသံဖြင့် ပြောလိုက်သည်။
'တကယ်လို့များ ကျွန်မက ရှင့်ရဲ့ဘေးမှာ အိပ်လိုက်လို့ရှိယင် ရှင့်အနေနဲ့ ကျွန်မကို နှင်မထုတ်ပါဘူးနော်'
ပြောပြောဆိုဆိုပင် သူမသည် အိပ်ယာပေါ်တွင် လှဲအိပ်ချ လိုက်လေသည်။
ညဥ့်အမှောင်သည် ပို၍မှောင်လာနေပေပြီ။
အမှောင်ထုအတွင်း၌မူ လှုပ်ရှားမှု တစုံတရာ မရှိပဲ ငြိမ် သက်သွားလေတော့သည်။

* * *



( ၄ )

ဟဲ့ချီ၏ ဒဏ်ရာရရှိမှုကို ဖုံးကွယ်၍မရသော်လည်း မည်သို့ မည်ပုံ ဒဏ်ရာရရှိသည်ကိုမူ ဖုံးကွယ်၍ ရပေသည်။
ထိုအကြောင်းခြင်းရာ အပြည့်အစုံကို သမားတော်ကြီးနှင့် ဖုကျန်းကျူးတို့ကသာ မပြောပါက မည်သူမျှ သိရှိကြမည် မဟုတ်။
သို့သော် စွမ်းလုံခိုမြို့ မြို့သူမြို့သားများသည် ထိုအကြောင်း ကို သိရှိသွားပြီဖြစ်၏။ ထိုသတင်းသည် မည်သို့ ပျံ့နှံ့သွားသည်ကို လုံးဝမသိလိုက်ကြရပေ။ ဖုကျန်းကျူး လိုက်ရှာနေသော လူ သတ်သမားမှာ ဝူးရှိန်ကွေးဖြစ်မည်ဟုပင် သံသယ ဖြစ်နေကြ လေသည်။

ထိုထက်ပို၍ ထူးဆန်းသော အချက်တခုမှာ ဟဲ့ချီကို မည်သူမျှ မသနားကြသော်လည်း ဝူးရှိန်ကွေးကိုမူ သနားနေကြပေသည်။
အဘယ့်ကြောင့်ဆိုသော် ဟဲ့ချီက ဝူးရှိန်ကွေးကို အတင်း အကျပ် အနှောင့်အယှက် ပေးနေသည်ဟု ထင်မြင်ကြသော ကြောင့်ပင် ဖြစ်၏။

ညနေခင်းအချိန် ဖြစ်သည်။
စင်အော်ဘွားဘွား၏ လက်ဖက်ရည်ဆိုင်၌ လူများ ပြည့်ကျပ် နေသည်။ လူတချို့သည် သူတို့၏ လုပ်ငန်းများကိုပစ်၍ လာ ရောက်ကြခြင်းဖြစ်လေသည်။

သူတို့သည် တယောက်တခွန်း ထင်ရာမြင်ရာ ပြောဆိုနေကြသည်။ သို့သော် သူတို့သည် စူးဝူး၏စကားကို ငြိမ်၍နားထောင်လိုက်ကြရပေသည်။

စူးဝူးက တည်ကြည်စွာဖြင့် ပြောလိုက်၏။

'အင်း.... ကျုပ်တို့မြို့မှာ ဝူးရှိန်ကွေးဟာ နံပါတ်တစ် လူကောင်းတယောက် ဖြစ်ပါတယ်။ ဝူးရှိန်ကွေးဟာ ဒေါသထွက်ပြီး ဟဲ့ချိကို ရန်မူလိုက်တာဟာ လူသတ်သမားကြောင့်ပဲဖြစ်တယ်။ ဒါကြောင့် ဒုက္ခပေးနေတဲ့ အဲဒီ လူသတ်သမားကို ကျုပ်တို့အားလုံး တညီတညွတ်တည်း ဖော်ထုတ်ကြဖို့ လိုနေပြီ။ ဒါမှ ကျုပ်တို့ရဲ့ စွမ်းလုံခိုမြို့ဟာ အေးချမ်း သာယာသွားမှာပဲ'

ထိုစဉ်မှာပင် လက်ဖက်ရည်ဆိုင်ထဲသို့ လူတယောက် ထပ်မံရောက်ရှိလာလေသည်။ ထိုသူသည် တံဆေးဆိုင်ပိုင်ရှင် တုံစွန်စန်းပင် ဖြစ်၏။

'ဆရာကြီး စူးဝူးခင်ဗျား၊ ကျွန်တော့်ကို စကားပြောခွင့်ပြုပါ၊ အခုကိစ္စဟာ လူ သတ် သ မား ကြောင့် ဖြစ်ပါတယ်။ ဒါပေမယ့် စဉ်းစားစရာကောင်းတာက ဟဲ့ချိက ဝူးရှိန်ကွေးကို ဘာဖြစ်လို့ သွားပြီး တွေ့ဆုံရသလဲဆိုတာပဲ'

စူးဝူး၏မျက်လုံးသည် မှုန်မှိုင်း၍သွားပေသည်။

'အင်း.... ခင်ဗျားပြောချင်တာက ဆရာကြီးဝူးရှိန်ကွေးဟာ ဖုကျန်းကျူး လိုက်ရှာနေတဲ့ လူသတ်သမားလို့ ဆိုလိုတာ မဟုတ်လား'

တုံစွန်စန်းက ခေါင်းယမ်း၍ ကျယ်လောင်စွာ အော်ပြောလိုက်ပြန်သည်။



'ဝူးရှိန်ကွေးဟာ လူသတ်သမားတော့ မဟုတ်ပါဘူး။ ဒါပေမယ့် အဆက်အသွယ်ရှိတယ်လို့ ထင်ပါတယ်'

စူးဝူးသည် လက်ဖက်ရည်ဆိုင်ထဲသို့ အကဲခတ်၍ ဝေ့ကြည့်လိုက်၏။ အားလုံးသည် ငြိမ်သက်စွာ နားစွင့်နေကြလေသည်။

'တုံစွန်စန်း၊ အခု လူအားလုံး ဒီမှာရှိနေတယ်၊ ခင်ဗျားပြောတဲ့စကား ရှင်းသွားအောင် လုပ်လိုက်ကြရအောင်'

တုံစွန်စန်း၏ ပုံသဏ္ဌာန်မှာ အထူးပင် တည်ငြိမ်လှန်းလှပေသည်။ တုံစွန်စန်းက လူအားလုံးကိုကြည့်ပြီး ပြောလိုက်သည်။

'စွမ်းလုံခိုမြို့ရဲ့လူ ကိုးပုံ ဆယ်ပုံဟာ တခြား မြို့ရွာကနေလာပြီး အခြေချနေထိုင်သူတွေ ဖြစ်ကြတယ်။ ဒီတော့ လူတယောက် နောက်ကြောင်းကို ဘယ်သူကမျှ သိနိုင်မှာ မဟုတ်ဘူး။ ဒါကြောင့် ဒီမှာရှိတဲ့ မြို့သူမြို့သားတွေကို ကျုပ် မေးပါရစေ၊ ဆရာကြီးဝူးရှိန်ကွေးဟာ တချိန်က ဘာတွေ လုပ်ခဲ့တယ်ဆိုတာ သိကြရဲ့လား'

လက်ဖက်ရည်ဆိုင်ခန်းတွင်း၌ တိတ်ဆိတ်၍သွားလေသည်။ မည်သူကမှ တုံစွန်စန်း၏ အမေးကို အဖြေမပေးနိုင်ကြပါ။

တုံစွန်စန်းသည် သဘောကျစွာပြုံး၍ ဆက်ပြောလိုက်လေသည်။

'ဟဲ့ချိဟာ သိုင်းသမားတယောက် ဖြစ်တယ်။ တချိန်က သူဟာ ကျုပ်တို့ရဲ့မြို့ကို လာနှောင့်ယှက်တဲ့ လူတွေကို ရှင်းလင်းပစ်ခဲ့တယ်။ ဒါကြောင့်မို့လို့ စွမ်းလုံခိုမြို့က သူ့ကို လူစွမ်းကောင်း ဟဲ့ချိလို့ သတ်မှတ်ထားကြတယ် မဟုတ်လား'

ဆိုင်ထဲရှိ လူတိုင်းလိုလိုပင် တုံစွန်စန်း၏စကားကို ခေါင်းညိတ်၍ ထောက်ခံလိုက်ကြလေသည်။ တုံစွန်စန်းသည် ပို၍တက်ကြွလာသည်။

'အခုကြည့်၊ ဆရာကြီးဝူရှိန်ကွေးက ဟဲ့ချိကို ဒဏ်ရာရအောင် တိုက်ခိုက်လိုက်တယ်ဆိုတော့ ဝူးရှိန်ကွေးဟာ ဟဲ့ချိထက်ပိုပြီး သိုင်းပညာတော်လို့ပဲ ဖြစ်မှာပေါ့၊ ဝူးရှိန်ကွေးဟာ နေမကောင်းဘူးဆိုပြီး ငါးနှစ်လောက် အိမ်ထဲမှာ ဘာဖြစ်လို့ ပုန်းနေရတာလဲ။ ဒီလိုမကျန်းမမာဖြစ်နေတဲ့လူက ဟဲ့ချိလို လူမျိုးကို ဒဏ်ရာရအောင် တိုက်ခိုက်လိုက်တယ်ဆိုတာက တော်တော်လေး စဉ်းစားစရာကောင်းတဲ့ အချက်ပဲ'

စူးဝူးသည် တုံစွန်စန်း၏စကားကို လုံးဝ မချေပနိုင်ပါ။ သူကိုယ်တိုင်လည်း စိတ်ထဲ၌ သံသယစိတ်များ ဖြစ်ပေါ်လာခဲ့သည်။

သို့သော် သူ့အနေဖြင့် စကားမပြော၍မဖြစ်ပါ။ ထို့ကြောင့် တုံစွန်စန်းဘက်သို့ လှည့်၍....

'တုံစွန်စန်း၊ ကျုပ်တို့ မိတ်ဆွေဖြစ်တာ ငါးနှစ်ကျော်နေပြီ။ ဒီတော့ ခင်ဗျားရဲ့စိတ်ဓာတ်ကို ကျုပ် ကောင်းကောင်းကြီး သိပါတယ်။ ခင်ဗျားဟာ သူတပါးရဲ့ ကိစ္စကို ဘယ်တော့မှ မစွက်ဖက်ဖူးပါဘူး။ အခုမှ ဘာဖြစ်လို့ ဝင်ပြီး စွက်ဖက်နေရတာလဲ။ ဒါကြောင့် ခင်ဗျားရင်ထဲမှာ ရှိတာကို ဘာမှဖုံးကွယ်မနေပါနဲ့၊ အားလုံးကို ပြောပြလိုက်ပါ'



စူးဝူးသည် ကိစ္စအမျိုးမျိုးကို ကြုံတွေ့ဖူးသူ ဖြစ်သဖြင့် လက်ရှောင်လိုက်ပြီး သူကိုယ်တိုင် မပြောပဲ တုံစွန်စန်းကို ပြောခိုင်းခြင်းပင် ဖြစ်လေသည်။

ထို့ကြောင့် တုံစွန်စန်းသည် မလွဲမရှောင်သာတော့ပဲ အဖြစ်စုံကို ပြောပြလိုက်ရ၏။

ဝူးရှိန်ကွေးနှင့် စွန်းဖူးတို့ အဆက်အစပ်ရှိပုံကို ပြောပြလိုက်ခြင်းပင် ဖြစ်၏။

တုံစွန်စန်း ပြောသမျှကို လူတိုင်း ယုံကြည်ကြသော်လည်း စိတ်ထဲ၌ မတင်မကျ ဖြစ်နေကြသည်။

အဘယ့်ကြောင့် ဆိုသော် ဝူးရှိန်ကွေးသည် ယခုအချိန်၌ လူကောင်းတယောက် ဖြစ်နေသောကြောင့်ပင် ဖြစ်၏။

ထို့ကြောင့် နောက်ဆုံး၌ စွန်းဖူးကို တွေ့အောင်ရှာရန် ဆုံးဖြတ်ချက်ချလိုက်ကြလေသည်။ စွန်းဖူးကို ရှာ၍ တွေ့လျှင် ဖုကျန်းကျူး၏ကိစ္စ ပြီးပြတ်သွားပေလိမ့်မည်။

ထို့နောက် တယောက်တခွန်း ငြင်းခုန်နေကြပြန်တော့သည်။

* * *

(၅)

ထိုအချိန်တွင် ဖုကျန်းကျူးသည် ဟဲ့ချိ၏ဒဏ်ရာကို သွားရောက် ကြည့်ရှုနေချိန်ပင် ဖြစ်၏။

ဟဲ့ချိသည် သတိမရသေးပါ။ သို့သော်....အသက်ကိုမူ မှန်

မှုန်ရှူနေပေသည်။ ထိုအခြေအနေကိုကြည့်၍ ယခုထက် ပို၍ အခြေအနေမဆိုးနိုင်တော့ဟု ဆုံးဖြတ်နိုင်လေသည်။

သမားတော်ကြီး ခန်းက ဖုကျန်းကျူးကို အံ့သြစွာ မေးလိုက်၏။

'လူကလေး။ မင်းက ဟဲ့ချီကို ဘာဖြစ်လို့ ဒီလောက်တောင် စိတ်ဝင်စားနေရတာလဲ....'

'သူက သတ္တိရှိတဲ့လူတယောက် ဖြစ်နေလို့ပါ....'

'ဒီအကြောင်းတခုတင်ပဲလား....'

ဖုကျန်းကျူးက မဲ့ပြုံးတချက်ပြုံးလိုက်ယင်း....

'ဒီအကြောင်းတခုနဲ့တင် မပြည့်စုံသေးဘူးလား....'

သမားတော်ကြီးခန်းက ပြုံးရယ်လိုက်ယင်း....

'ကျုပ်က သူများတွေပြောတာကို ကြားခဲ့ရတယ်။ မင်းက ဝူးရှိန်ကွေးနဲ့ စွန်းဖူးတို့ဟာ တိတ်တဆိတ် ဆက်သွယ်နေတယ်လို့ ထင်နေတယ်မဟုတ်လား'

ဖုကျန်းကျူးက ခေါင်းညိတ်၍....

'ဟုတ်ပါတယ်....'

သမားတော်ကြီး ခန်းက ခေါင်းတညိတ်ညိတ်ဖြင့် နေပြီးမှ သက်ပြင်းတချက်ချလိုက်သည်။

'အင်း....လူတယောက်ကို ထိခိုက်စေဖို့က လွယ်ပါတယ်။ ဒဏ်ရာရတဲ့လူဟာ ပြန်ကောင်းလာဖို့ကတော့ ခဲယဉ်းတယ်။ နောက်ဆိုယင် အရာရာကိုစဉ်းစားပြီးမှလုပ်လို့ ကျုပ်တောင်းပန်ပါရစေ'

ဖုကျန်းကျူးသည် ဟဲ့ချီကိုငုံ့ကြည့်နေရာမှ....



'ကျွန်တော်သိပါတယ်....'

ထို့နောက် ဟဲ့ချီ၏နဖူးပြင်ကို ဖုကျန်းကျူးကစမ်းလိုက်ပြီး....

'သူ့ဒဏ်ရာအခြေအနေက ဘယ်လိုနေပါသေးသလဲ....'

သမားတော်ကြီးက အေးဆေးသော လေသံဖြင့်....

'သိပ်ပြီး၊ မဆိုးလှပါဘူး'

ဖုကျန်းကျူးက ဟဲ့ချီကိုထပ်မံကြည့်၍....

'သူ လုံးဝ သတိမရသေးဘူး။ စိတ်ပူစရာတော့ ကောင်းနေပြီ'

သမားတော်ကြီး ခန်းသည် ဖုကျန်းကျူးကိုကြည့်၍ တစုံတခုပြောရန် စဉ်းစားနေပေသည်။ သူ့အနေဖြင့် ဖုကျန်းကျူးကို မပြောလျှင်မဖြစ်မှန်းသိ၍ ကြိုးစားပြီး ပြောလိုက်ရလေသည်။

'တကယ်လို့ သုံးရက်အတွင်း သတိရမလာယင်တော့ ဟဲ့ချီ သေဆုံးသွားမှာဖြစ်တယ်။ ဒါပေမယ့် ဒီစကားကို ကျုပ် ဘယ်သူ့ကိုမှ မပြောပြခဲ့ဘူး။ ဒီတော့....မင်းကလည်း ဘယ်သူ့ကိုမှ မပြောပါနဲ့'

ဖုကျန်းကျူးသည် ဝမ်းနည်းစွာ ခေါင်းညိတ်ပြလိုက်လေသည်။

ထိုအချိန်တွင် ဝူးကျဲရောက်လာ၏။ သူမ၏လက်ထဲတွင် စားသောက်စရာများ ပါလာလေသည်။ သူမသည် ဖုကျန်းကျူး၏ အကြည့်ကို ရင်မဆိုင်ပဲ၊ လွှဲဖယ်လိုက်ပြီး သမားတော်ကြီး ခန်းကို လှမ်း၍ ပြောလိုက်လေသည်။

'ဟဲ့ချို ဒီနေ့ညနေလောက်ဆိုယင်တော့ စားစရာနည်းနည်း လောက် စားလို့ရ....

သူမ၏စကားသည် တဝက်တပျက်နှင့် ရပ်တန့်သွားသည်။ အဘယ့်ကြောင့်ဆိုသော် သမားတော်ကြီး၏ မျက်နှာထားမှာ သူမပြောဆိုသလို မဖြစ်နိုင်ကြောင်း ပေါ်လွင်ထင်ရှားနေ၍ပင် ဖြစ်၏။

ဝူးကဲ့သည် အထူးပင်တုန်လှုပ်၍သွားသည် သူမသည် ငြိမ် သက်စွာ လဲလျောင်းနေသော ဟဲ့ချိုကိုကြည့်ပြီး စိတ်မကောင်း စွာ ခံစားနေရပေသည်။

ဖုကျန်းကျူးသည် အပြင်ပန်း၌ မည်သို့မှထူးခြားခြင်း မရှိ သော်လည်း အတွင်းစိတ်ထဲ၌မူ လှုပ်ရှားနေသည်။

ဖုကျန်းကျူ၏ရင်ထဲ၌ မေးခွန်းများပြည့်လျှံ၍ နေသည်။ ဝူးကဲ့ကိုကြည့်၍ စဉ်းစားနေမိသည်။

ဝူးကဲ့သည် နူးညံ့သောလေသံဖြင့် မေးလိုက်လေသည်။

'သမားတော်ကြီး....။ ဟဲ့ချိုသတိပြန်မရသေးဘူးလားဟင်'

သမားတော်ကြီးခန်းသည် ခေါင်းကိုခါလိုက်ပြီးမှ သူမ စိတ်ကျေနပ်စေရန် ပြန်ပြောလိုက်သည်။

'ဟဲ့ချိုရဲ့အခြေအနေက မနေ့ကထက်စာယင် ဒီနေ့ အတော် ကောင်းလာပါပြီ....လုံမလေး'

ဝူးကဲ့က မယုံကြည်ဟန်ဖြင့်....

'တကယ်ပြောတာလား'

သူမ၏မျက်လုံးအစုံသည် ဖုကျန်းကျူးထံ ရောက်ရှိသွား၏။ ဖုကျန်းကျူးက ပို၍ သိရှိလိမ့်မည်ဟု သူမယုံကြည်မိသည်။



ဖုကျန်းကျူးသည် ခေါင်းညိတ်၍ပြလိုက်ရသည်။ သူသည် သူမကို လိမ်ညာလိုက်ရသဖြင့် စိတ်မကောင်းပေ။

သို့သော်....သူမစိတ်မကောင်းဖြစ်မည်ကို သူ့အနေဖြင့် လုံးဝ မလိုလား။

ဝူးကဲ့သည် သက်ပြင်းကိုတိတ်တခိုးချလိုက်သည်။ ထို့နောက် ဖုကျန်းကျူးအနားသို့ လျှောက်၍ သွားလေသည်။ သူမတွင် ပြောစရာစကားများ ရှိနေပေလိမ့်မည်။

သူမသည် သမားတော်ကြီးခန်းကို မသိမသာ ပြန်၍ လှည့် ကြည့်လိုက်သည်။

သမားတော်ကြီးခန်းသည် အလိုက်သိစွာနှင့် အခန်းထဲမှ ရှောင်ထွက်သွားလေသည်။

ဝူးကဲ့သည် သူမ၏လက်နှစ်ဘက်ဖြင့် ဖုကျန်းကျူး၏အင်္ကျီစ ကို ကိုင်၍....

'ဖုကျန်းကျူး။ မနေ့က ကျွန်မရူးသလိုဖြစ်သွားမိတယ်'

'ဝူးကဲ့....။ ပြီးခဲ့တာတွေကို မေ့ပစ်လိုက်ပါ'

'မဟုတ်ဘူး....။ လူတယောက်ဟာ ပြီးခဲ့တာတွေကို ကောင်း သည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ မေ့လို့မရနိုင်ဘူး'

ဖုကျန်းကျူးက သူမကိုငုံ့ကြည့်လိုက်ပြီး....

'ဝူးကဲ့....။ ခင်ဗျား ညကတညလုံး ကောင်းကောင်း မအိပ် ခဲ့ရဘူးနဲ့တူတယ်'

ဝူးကဲ့က လေသံတိုးတိုးဖြင့် ပြောလိုက်လေသည်။

မနေ့ညက ကျွန်မအစ်ကိုနဲ့ ကျွန်မအဖေတို့ ညလုံးပေါက် ထိုင်ပြီးစကားပြောနေကြတယ်။ သူတို့ကိုကြည့်ပြီး ကျွန်မ ဆိုး

ဖြတ်ချက် ချလိုက်တယ်။ ကျွန်မအဖေဟာ ကုသိုလ်ကောင်းမှုတွေ အများကြီးလုပ်ခဲ့လို့ မြို့သူမြို့သားတွေက လေးစား ချစ်ခင်ကြတယ်။ ဒါပေမယ့်....တချိန်က သူဟာ မကောင်းမှုတွေ လုပ်ခဲ့ယင်၊ အဲဒီပြစ်မှုအတွက် အပြစ်ဒဏ်ကို ပြန်ခံရလိမ့်မယ်။ ဒါကြောင့် အဖေ့ကိုတော့ ကာကွယ်မှု မပေးတော့ပါဘူး။ ဒါနဲ့ ဖုကျန်းကျူး ကျွန်မတို့မှာ စိတ်ကူးတခုရှိနေတယ်’

ဝူးကဲ့၏ပုံသဏ္ဌာန်မှာ ရိုးသား၍ သနားစရာကောင်းလှပေသည်။ လွန်ခဲ့သောညကပင် သူမ၏စိတ်ဓာတ်သည် အကြီးအကျယ် ပြောင်းလဲသွားခဲ့ပြီဖြစ်၏။

ဖုကျန်းကျူးသည် လှုပ်ရှားနေသောစိတ်ကို ထိန်းချုပ်ပြီး၊ တည်ငြိမ်စွာနှင့် မေးလိုက်၏။

‘ခင်ဗျားတို့မောင်နှမက ဘာတွေများ စိတ်ကူးထားလို့လဲ’

‘စွန်းဖူးကို အမြန်ဆုံး ဖော်ထုတ်ဖို့ ကျွန်မတို့က ကူညီပါမယ်’

‘ဟာ....ဒါတော့ မဖြစ်ဘူးထင်တယ်။ ဒီကိစ္စက ခင်ဗျားတို့ကိစ္စမှ မဟုတ်ပဲ’

ဖုကျန်းကျူးသည် စိတ်ထဲ၌ ရှုပ်ထွေးသွားရလေသည်။

‘ဒါနဲ့ ခင်ဗျားအဖေရဲ့ အခြေအနေကကော ဘယ်လိုနေသေးသလဲ’

ဝူးကဲ့၏ မျက်နှာကလေးသည် ညှိုး၍သွားသည်။

‘ကျွန်မရဲ့အဖေဟာ မနေ့ကတညလုံး မအိပ်ဘူး။ ဘာမှလဲ မစားဘူး။ ဟဲ့ချီအခြေအနေကိုပဲ ခဏခဏမေးနေတယ်’

ဖုကျန်းကျူးက သူမကိုကြည့်၍....



‘ဒါနဲ့ ခင်ဗျား ဘယ်လိုဖြေလိုက်သလဲ’

ဝူးကဲ့သည် သူမ၏ဆံပင်များကို သပ်ရပ်အောင် ပွတ်သပ်လိုက်ပြီးမှ....

‘ကျွန်မလဲ အဖေ့ကို ညာပြီး ပြောလိုက်ရတယ်။ သမားတော်ကြီးခန်းရဲ့ ကုသမှုကြောင့် ဟဲ့ချီ ဒဏ်ရာ သက်သာသွားပါပြီလို့။ ဒီတော့မှ ကျွန်မအဖေလဲ စိတ်သက်သာရာ ရသွားတယ်။ လူတယောက်ဟာ အမှားတခုကို ပြုလုပ်ခဲ့မိယင် တန်ဖိုးကြီးမားစွာ ပြန်လည် ပေးဆပ်ရလိမ့်မယ် ဆိုတာကို ကျွန်မ သဘောပေါက်လာမိတယ်....’

ဖုကျန်းကျူးသည် ခေါင်းညိတ်ပြလိုက်လေသည်။ သူ ကြားဖူးသော စကားတခုရှိသည်။

စိတ်ညစ်ခြင်းသည် လူကိုပိုမို၍ ရင့်ကျက်စေသည်။

ထိုစကားသည် အမှန်ပင် ဖြစ်ကြောင်း သူ့အနေဖြင့် တဖြည်းဖြည်း သဘောပေါက်လာပြီဖြစ်၏။

ဖုကျန်းကျူးသည် ဝူးကဲ့ စိတ်မချမ်းမသာ ဖြစ်မည်ကို လုံးဝ မလိုလားပါ။ ထို့ကြောင့် သူသည် သူ့စကားကို လွှဲ၍ပြောဆိုလိုက်သည်။

‘ဝူးကဲ့၊ ခင်ဗျားနဲ့ ခင်ဗျားရဲ့အစ်ကိုက စွန်းဖူးကို ဖော်ထုတ်ပေးမယ်လို့ပြောတယ်။ ဒီကိစ္စဟာ ခင်ဗျားတို့ကိစ္စ မဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်တော့်အတွက် ခင်ဗျားတို့က သဲလွန်စ တစုံတခုတော့ ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်’

ဝူးကျဲသည် ဖုကျန်းကျူး၏စကားကြောင့် ငေးငိုင်၍သွားသည်။ သူမသည် စွန်းဖူးနှင့်ပတ်သက်သော ကိစ္စများကို ရေရေရာရာ မသိပါ။

သို့သော် သူမ၌ ညွှန်စရာ အချက်တခုတော့ ရှိနေသည်။ ထို့ကြောင့် သူမက သက်ပြင်းချကာ ပြောလိုက်ရလေသည်။

'ဖုကျန်းကျူး စွမ်းလုံခိုမြို့မှာ လူတယောက်ရှိတယ်။ အဲဒီလူဟာ စွန်းဖူးဘယ်မှာရှိတယ်ဆိုတာကိုကျွန်မတို့ထက် ပိုသိတယ်'

ဖုကျန်းကျူးက အားတက်စွာဖြင့်....

'ဟုတ်လား ဒါဖြင့် အဲဒီလူဟာ ဘယ်သူလဲ'

'တုံဆေးဆိုင်က တုံစွန်စန်းပါ'

'ဝူးကျဲ၊ ခင်ဗျားကဘာဖြစ်လို့ ဒီလိုပြောနိုင်ရတာလဲ....'

ဝူးကျဲက၊ ကျေနပ်စွာပြုံးရယ်လိုက်သည်။

'တုံရှီးကျူက ကျွန်မကိုပြောပြလို့ပေါ့ရှင်....

ဖုကျန်းကျူးငိုင်၍သွားပြီးမှ....

'တုံရှီးကျူဟုတ်လား။ သူက တုံစွန်စန်းရဲ့ တဦးတည်းသောသမီး မဟုတ်လား....'

'ဟုတ်ပါတယ်....'

'ဒါဖြင့် တုံရှီးကျူက ဘယ်လိုပြောလိုလဲ....'

ဝူးကျဲက အေးဆေးစွာ ရှင်းပြလိုက်လေသည်။

'ဟိုးတညက သူ့အဖေတာ သူ့ကိုတိုးတိုးလေးမှာထားတယ် စွန်းဖူးဟာ စားသောက်ဆိုင်တန်းမှာရှိတယ်တဲ့။ ဒါကြောင့်မို့လို့ တုံရှီးကျူကို အပြင်လုံးဝမထွက်ခိုင်းဘူးတဲ့။ တံခါးကို



သေသေချာချာပိတ်ခိုင်းထားတယ်။ ဘာဖြစ်လိုလည်းဆိုတော့ တုံစွန်စန်းဟာ စွန်းဖူးနဲ့ ရန်စရှိခဲ့ဘူးတယ်လို့ ပြောတယ်....'

ဖုကျန်းကျူးက မျက်မှောင်တချက်ကြုတ်လိုက်ပြီး....

'တုံရှီးကျူက ခင်ဗျားကိုဘယ်တုန်းက ပြောတာလဲ'

ဝူးကျဲက လျင်မြန်စွာ ပြန်ဖြေလိုက်၏။

'ဒီနေ့မနက်ပဲပြောခဲ့တယ်။ မနက်က သူတို့ရဲ့ဆေးဆိုင်မှာ ကျွန်မ အဖေအတွက် စိတ်တည်ငြိမ်စေတဲ့ ဆေးတမျိုးသွားဝယ်ယင်း တုံရှီးကျူက ကျွန်မကို ပြောပြလိုက်တာပဲ'

ဖုကျန်းကျူးသည် ခဏမျှစဉ်းစားနေမိပေသည်။ ထို့နောက် ဝူးကျဲကိုကြည့်လိုက်ပြီး....

'ဝူးကျဲ....။ ခင်ဗျားရဲ့အဖေ ဝူးရှိန်ကွေးနဲ့ တုံစွန်စန်းတို့ ရန်ငြိုး ရှိခဲ့ဘူးသလား....'

ဝူးကျဲက ခေါင်းယမ်း၍....

'မရှိပါဘူး ရှင်....'

'ကောင်းပြီ။ ဒီလိုဆိုယင် ခင်ဗျားပြန်ပေတော့။ ဒါနဲ့ စောစောကစကားတွေကို ဘယ်သူ့ကိုမှ မပြောနဲ့နော်'

'စိတ်ချပါရှင်....'

ဖုကျန်းကျူးသည် ချက်ချင်းပင် ထွက်သွားလေသည်။ ဝူးကျဲသည် သူ၏ နောက်ကျောပြင်ကိုသာ ငေးစိုက်ကြည့်ယင်း ကျန်ရစ်ခဲ့သည်။

* * *



အပိုင်း [ ငါး ]



## လျှာပေါ်ကကြက်ခြေခတ်

❊

## ( ၁ )

တုံ့ဆေးဆိုင်....။

ဆိုင်ထဲ၌ လူရှင်း၍ နေသည်။ ဆေးဆိုင်ထဲသို့ ဖုကျန်းကျူး ဝင်ရောက်လာသောအခါ ဆိုင်ထဲ၌ တုံ့ရှီးကျူးသာရှိသည်။

သူမသည် ဖုကျန်းကျူးကို အေးစက်စွာလှမ်း၍ ကြည့်နေသည်။ တုံ့စွန်စန်းက သူ၏ သမီးဖြစ်သူကို တစုံတခုမှာကြားထားသည်မှာ သေချာလှသည်။

သူမကငင် စတင်၍ မေးလိုက်၏။

'ဆေး လက်ဖက်ရည်ကြမ်းသောက်မလို့လား'

ဖုကျန်းကျူးက ခေါင်းယမ်းပြလိုက်ပြီး....

'တုံ့စွန်စန်းရှိသလား....'

သူမက သူ့ကို စူးစူးစိုက်စိုက်ကြည့်၍....

'နောက်ဘက်မှာ အိပ်နေပါတယ်....'

ကျန်းကျူးက မဲ့ပြုံးတချက်ပြုံးလိုက်ကာ....

'ဘယ်အချိန်ရှိနေပြီလဲ။ အိပ်ရာက အခုထိ မနိုးသေးဘူးလား။ မနေ့ညကတညလုံး အိပ်မပျော်ဘူးနဲ့တူတယ်....'

ဖုကျန်းကျူးသည် ပြောပြောဆိုဆို နောက်ဘက်သို့လှမ်းဝင်၍ သွားလေတော့သည်။

တုံရှီးကျူးကလှမ်း၍ တားဆီးလိုက်သည်။

'အို....ရှင်က၊ နောက်ဘက်ကိုဘာသွားလုပ်မလို့လဲ'

'အရေးကြီးတဲ့ကိစ္စရှိလို့ပါ....'

'ကိစ္စရှိယင် သူများရဲ့အိမ်ထဲကို အရမ်းဝင်လို့ မရဘူးရှင့်၊ ဒီကနေစောင့် ကျွန်မသွားခေါ်ပေးမယ်'

တုံစွန်စန်းသည် အမှန်တကယ်ပင် အိပ်ပျော်၍ နေခဲ့သည်။ တုံစွန်စန်းထွက်လာသောအခါ သူ၏ မျက်လုံးအစုံသည် နီရဲ၍နေသည်။

ဖုကျန်းကျူးက အံ့သြစွာဖြင့် မေးလိုက်သည်။

'တုံ့စွန်စန်း ခင်ဗျားမနေ့ညက အိပ်မပျော်ဘူးလား တုံစွန်စန်းက မချိပြုံးပြုံးလိုက်ပြီး....

'အင်း....ခင်ဗျားကို ကျုပ်လိမ်မပြောချင်ပါဘူး၊ ကျုပ်ဘယ်လိုလုပ်ပြီး စိတ်ချလက်ချအိပ်လို့ရမှာလဲ ဒါနဲ့ ဟဲ့ချိရဲ့ အခြေအနေကော ဘယ်လိုနေသေးသလဲ'

ဖုကျန်းကျူးက မျက်နှာမပျက်အောင်မနည်းသတိထားလိုက်ပြီးမှ....

'တော်တော်လေးကောင်းသွားပါပြီ'

ဖုကျန်းကျူးသည် ဟဲ့ချိနှင့်ပတ်သက်၍ မပြောချင်ပေ သူလာသည်မှာ အခြားကိစ္စတခုရှိ၍ပင် မဟုတ်ပါလော....



ထို့ကြောင့် သူက ချက်ချင်းပင် မေးမြန်းလိုက်လေသည်။

'တုံစွန်စန်းက....စွန်းဖူးဒီမြို့မှာ ပုန်းနေတယ်လို့ ခင်ဗျားအတိအကျပြောနိုင်ရဲ့လား'

တုံစွန်စန်းက ငိုင်တွေ့တွေ့ဖြင့်....

'အင်း....'

'တုံစွန်စန်း အခုနေများ စွန်းဖူးခင်ဗျားရှေ့ကို ရောက်လာယင် ခင်ဗျားသူ့ကို မှတ်မိပါ့မလား'

'အင်း....အနှစ်နှစ်ဆယ်လောက်ရှိသွားပြီဆိုတော့ လူတွေရဲ့ရုပ်သဏ္ဍာန်ပြောင်းလဲသွားနိုင်တယ်၊ အရမ်းပြောင်းလဲသွားယင်တော့ မှတ်မိမယ်မထင်ဘူး'

'ခင်ဗျားအနေနဲ့ ဒီမြို့မှာ စွန်းဖူးရှိနေတယ်လို့ ဘာကြောင့်ပြောနိုင်ရတာလဲ'

တုံစွန်စန်းသည် ချက်ချင်း စကားမပြောနိုင်ပါ။ ခဏမျှစဉ်းစားပြီးမှ ပြောလိုက်လေသည်။

'ဖုကျန်းကျူး... ကျုပ်ခင်ဗျားကို ပစ္စည်းတခုပြပါ့မယ်'

ပြောပြောဆိုဆိုပင် တုံစွန်စန်းက သူ၏ အိတ်ထဲမှ စာရွက်တရွက်ကိုထုတ်၍ ပြလိုက်လေသည်။

ဖုကျန်းကျူးက ယူ၍ကြည့်လိုက်သည်။

စာရွက်ပေါ်၌ လျှာတခုပုံကိုရေးဆွဲထားပြီး ထိုလျှာပေါ်၌ ကြက်ခြေခတ်တခုကို ရေးခြစ်ထားလေသည်။

'ဖုကျန်းကျူး....အဲဒီအဓိပ္ပာယ်ကို ခင်ဗျားနားလည်သလား'

ဖုကျန်းကျူးက စာရွက်ကိုစိုက်ကြည့်လိုက်ယင်း....

'ခင်ဗျားကို စကားသိပ်များများမပြောနဲ့လို့ဆိုလိုတာမဟုတ်လား....'

'မှန်ပါတယ်'

'ဒါဟာ စွန်းဖူးရဲ့သတိပေးချက်လို့ ခင်ဗျားဘယ်လိုလုပ်ပြီးသိသလဲ'

'သူကလွဲယင် ဘယ်သူမှမဖြစ်နိုင်ဘူး'

'ဒီစာရွက်ကို ဘယ်အချိန်က ဘယ်မှာတွေ့တာလဲ'

တုံစွန်စန်းက စဉ်းစားဟန်ပြုပြီးမှ....

'အင်း....မနေ့ညက ရတာပါပဲ၊ ကျုပ်ရဲ့ခေါင်းအုံးအောက်က တွေ့ရတာပါ'

ဖုကျန်းကျူးသည် မျက်မှောင်ကုတ်လျက်....

'တုံစွန်စန်း....လွန်ခဲ့တဲ့ညက ခင်ဗျားရဲ့ သမီးကို ခင်ဗျားတံခါးသေသေချာချာပိတ်ဖို့ မှာထားတယ်မဟုတ်လား၊ ဒါနဲ့ ဒီစာရွက်က ဘယ်လိုလုပ်ပြီး ရောက်လာရတာလဲ'

တုံစွန်စန်းက လက်ဝါးကာ၍....

'ဖုကျန်းကျူး....ကျုပ်ပြောတာနားထောင်ပါဦး၊ စွန်းဖူးဟာ ဒီမြို့မှာပုန်းအောင်းနေတယ်လို့ ကျုပ်ထင်တယ်၊ နောက်ပြီး အခုလို စာရွက်ကိုရတော့ စွန်းဖူး ဒီမြို့မှာရှိတာပိုပြီး သေချာသွားတာပေါ့'

ဖုကျန်းကျူးသည် ဆက်မမေးတော့ပဲ အခြားမေးခွန်းတခုကိုမေးလိုက်သည်။

'တုံစွန်စန်း....ဝူးရှိန်ကွေးက ဟဲ့ချိကိုဒဏ်ရာရအောင် လုပ်လိုက်တာကို ခင်ဗျားဘယ်လိုထင်သလဲ'



တုံစွန်စန်းက အေးဆေးသော အမူအရာနှင့် ပြောလိုက်၏။

'ကျုပ်ထင်တာတော့ ဝူးရှိန်ကွေးက ဒေါ်သအလျောက်နဲ့ ဟဲ့ချိကို လုပ်လိုက်တာလို့ ထင်တာပဲ'

ဖုကျန်းကျူး ကောက်ကာငင်ကာ ထပ်မံမေးလိုက်ပြန်သည်။

'ဒေါသအလျောက်ဟုတ်လား တုံစွန်စန်း'

တုံစွန်စန်းက ပြုံးလိုက်လေသည်။

'ဖုကျန်းကျူး....ခင်ဗျားဟာ လူပါးပဲ၊ ဟဲ့ချိဟာ ရိုးသားတယ်၊ လိမ်ညာပြီးပြောဆိုတတ်တဲ့လူမဟုတ်ဘူး၊ ဒီတော့ သူဟာ ဝူးရှိန်ကွေးမကြိုက်တဲ့စကား သွားပြောမိတာမျိုးဖြစ်ပါလိမ့်မယ်'

တုံစွန်စန်းသည် ခဏရပ်နားလိုက်ပြီးမှ ဆက်၍ပြောလိုက်၏။

'ဖုကျန်းကျူး....ဝူးရှိန်ကွေးဟာ တချိန်ကမကောင်းမှုပြုလုပ်ခဲ့တာအမှန်ပဲ၊ ဒါပေမယ့် အခုအချိန်မှာ ကုသိုလ်ကောင်းမှုတွေလုပ်နေတယ်၊ ဒါကလဲ သူ့ရဲ့အပြစ်တွေကို ဖုံးကွယ်နိုင်ဖို့နဲ့ သူ့ရဲ့သားနဲ့သမီးအတွက် အကာအကွယ်ပေးဖို့ဖြစ်တယ်၊ ဒါတွေကိုထားလိုက်ပါလေ၊ ကျုပ် ဥပမာတခု ပေးမယ်၊ ပင်လယ်ရေကြောင်းကို ပြောင်းလဲပစ်လို့မရပါဘူး၊ ဒီလိုပဲ လူ့ရဲ့စိတ်ဓာတ်ကိုလဲ ပြောင်းလဲပစ်လို့ရမှာမဟုတ်ဘူး၊ လူသတ်သမားဟာလူသတ်သမားပဲဖြစ်တယ်၊ သူတို့ရဲ့ ရက်စက်တဲ့စိတ်ထားကို ပြောင်းလဲပစ်နိုင်မှာမဟုတ်ဘူး'

တုံစွန်စန်း၏စကားမှာ မှန်ကန်လှပေသည်။ သို့သော် ဝူးရှိန်ကွေးကိုထိခိုက်အောင် ပြောဆိုနေသည်မှာ ပို၍ထင်ရှားနေသည်။

'ဖုကျန်းကျူး....ခင်ဗျားကိုကျုပ် တကယ်ပဲ နားမလည်နိုင်အောင်ဖြစ်ရတယ်'

ဖုကျန်းကျူးက ခပ်ယဲ့ယဲ့ပြုံး၍....

'ဘာဖြစ်လို့လဲ'

တုံစွန်စန်းက အေးစက်စွာပြုံးလိုက်ပြီး....

'ခင်ဗျားဟာ ဝူးရှိန်ကွေးအပေါ်မှာ အားနာ နေတယ်လို့ ထင်တယ်'

'ဒါဖြင့် ကျွန်တော်ဘယ်လိုလုပ်ရမှာလဲ'

'ဝူးရှိန်ကွေးကို စွန်းဖူးဘယ်မှရှိတယ်ဆိုတာကို ပြောပြခိုင်းပါ လား....'

ဖုကျန်းကျူးက သူ၏ပစုံးကိုတွန့်လိုက်ပြီး....

'ဘာအထောက်အထားများရှိလို့လဲ'

တုံစွန်စန်းက မကျေမနပ်ဟန်ဖြင့်....

'ဟဲ့ချီ ဒဏ်ရာရတော့ ခင်ဗျားဘာဖြစ်လို့ ဝူးရှိန်ကွေးကို အပြစ်မတင်ရတာလဲ'

ဖုကျန်းကျူးက မဲ့ပြုံးပြုံးလိုက်ကာ....

'ကျွန်တော်နဲ့မဆိုင်ပါဘူး၊ တကယ်လို့ဟဲ့ချီ သေသွားယင် တရားဥပဒေက သူ့ကိုအရေးယူမှာပါ၊ ဟဲ့ချီဒဏ်ရာ ပျောက် သွားယင် သူကဝူးရှိန်ကွေးဆီသွားပြီး စာရင်းရှင်းမှာ သေချာ တယ်....'

'အင်း....ရက်စက်တယ်ဆိုတဲ့စကားလုံးပဲ သုံးရတော့မှာပေါ့'

'ခင်ဗျားကကျွန်တော့်ကို ရက်စက်တဲ့လူလို့ ဆိုလိုတာလား'

တုံစွန်စန်းက ပျာပျာသလဲလက်ကာလိုက်ယင်း....

'ခင်ဗျားကိုပြောတာမဟုတ်ပါဘူး၊ ဒါပေမယ့် ရက်စက်တဲ့ လူကိုတော့ ပြန်ပြီးရက်စက်မှဖြစ်လိမ့်မယ်'



ဖုကျန်းကျူးသည် တုံစွန်စန်းစကားပြောပုံကို သိပ်သဘော မတွေ့ပါ။

တုံစွန်စန်းသည် ဝူးရှိန်ကွေးနှင့်ရန်ငြိုးမရှိသော်လည်း တုံစွန် စန်းသည် သူ့ကိုအသုံးချ၍ ဝူးရှိန်ကွေးကို လုပ်ကြံစေချင်သည် မှာ ထင်ရှားပေါ်လွင်၍နေသည်။

ထို့ကြောင့် ဖုကျန်းကျူးက....

'ကောင်းပြီ၊ ကျွန်တော့်ကိုသွားခွင့်ပြုပါဦး'

တုံစွန်စန်း ခပ်ပြုံးပြုံးအမူအရာဖြင့်ကြည့်၍....

'ဖုကျန်းကျူးက ကျုပ်စကားကိုမယုံလို့လား'

ဖုကျန်းကျူးက အေးစက်စွာပြုံးလိုက်ပြီး....

'တုံစွန်စန်း....ရက်စက်ရမယ့်အချိန်ရောက်ယင် ရက်စက်ရမှာ ပေါ့၊ အဲဒီအချိန်ကျမှ ခင်ဗျားနားလည်ပါလိမ့်မယ်'

'ဖုကျန်းကျူး....စွန်းဖူးအပြင်ထွက်လာအောင် ခင်ဗျားမှာ လုပ်နိုင်တဲ့အစွမ်းရှိရဲ့လား'

'ရှိတာပေါ့'

တုံစွန်စန်းက အားမာန်အပြည့်နှင့် တင်းမာစွာ ပြန်ပြော လိုက်သည်။

'မဖြစ်နိုင်ဘူးလို့ထင်တယ်'

ဖုကျန်းကျူးသည် ချာကနဲလှည့်ကာ ထွက်သွားမည် ပြုစဉ် မှာပင် တုံစွန်စန်း၏ ထူးဆန်းသောစကားက သူ့ကို ဆွဲဆောင် လိုက်လေသည်။

'တုံစွန်စန်း....ခင်ဗျားရဲ့ စကားက ဘာအဓိပ္ပာယ်နဲ့ ပြော တာလဲ'

ဖုကျန်းကျူးက တုံစွန်စန်းကို စိုက်၍ ကြည့်လိုက်လေသည်။ အကယ်၍ တုံစွန်စန်းသာ အကင်းပါးသူ ဖြစ်ပါက သူ့စကား က ထိုနေရာတွင်ပင် ရပ်နားထားရမည် ဖြစ်သည်။

တုံစွန်စန်းသည် ထိုအခြေအနေကို လုံးဝ နားမလည်ပါ။ သို့သော် သူ့တွင် အခြားအကြံအစည် တစုံတရာရှိ၍ပင်လော မပြောတတ်ချေ။

တုံစွန်စန်းသည် အေးဆေးသော အမူအရာဖြင့်....

'ဖုကျန်းကျူး....ခင်ဗျား အတော်ညံ့သေးတာပဲ'

ဖုကျန်းကျူးက သဘောကျစွာ ပြုံး၍....

'ဩော်....ဒါဆို ကျေးဇူးပြုပြီး ပြောပါဦး'

တုံစွန်စန်းက မဲ့ပြုံးပြုံးလိုက်ပြီး....

'ခင်ဗျား အနေနဲ့ ဝူးရှိန်ကွေးကို အသုံးချပြီး စွန်းဖူးကို မဖော်ထုတ်နိုင်ယင် ခင်ဗျားရဲ့သွေးကြောကို ပြန်ပြီး ဆပ်နိုင်မှာ မဟုတ်ဘူး။ ဒီလိုမှ မဆပ်နိုင်ယင် ခင်ဗျားဟာ စွမ်းလုံခို့မြို့မှာပဲ သေဆုံးသွားရမှာ ဖြစ်တယ်'

ဖုကျန်းကျူး၏ မျက်နှာမှာ ပြောင်းလဲသွားသည်။ တုံစွန်စန်းမှာ အူ့စကားမှားသွားကြောင်းသိလိုက်ပြီး ကမန်းကတန်း ပြောလိုက်သည်။

'ဖုကျန်းကျူး....အခုတော့ ခင်ဗျားအနေနဲ့ ကျုပ်ရဲ့စကား ကို နားဝင်မှာ မဟုတ်သေးဘူး။ ဒါပေမယ့် ကောင်းတဲ့ဆေးက အဝင်ခါးပြီး ရောဂါပျောက်အောင် ကုနိုင်ပါတယ်'

ဖုကျန်းကျူးက မျက်မှောင်ကြုတ်လိုက်ပြီးမှ....

'တုံစွန်စန်း.... ခင်ဗျား ပြောစကားတွေက နောက်ဆုံး



ဒီနေရာပဲ ပြန်ရောက်လာတာပဲ။ ခင်ဗျား ဘာဖြစ်လို့ ဝူးရှိန်ကွေး ကို သွားပြီး နှောင့်ယှက်ဖို့ ပြောနေရတာလဲ'

တုံစွန်စန်းက အေးဆေးသော အမူအရာဖြင့်....

'စွန်းဖူးကို အမြန်ဆုံး ဖော်ထုတ်နိုင်အောင် ပြောနေတာပါ'

ဖုကျန်းကျူးက သူ့ကို အကဲခတ်သလို ကြည့်လိုက်ကာ....

'ဝူးရှိန်ကွေးကို အတင်းအကျပ် ပြောခိုင်းယင် စွန်းဖူးကို ရှာ လို့ တွေ့နိုင်ပါ့မလား'

'မမှားနိုင်ပါဘူး'

'တကယ်လို့များ စွန်းဖူးကို ရှာလို့ မတွေ့ယင်ကော....'

တုံစွန်စန်းက ပြုံး၍....

'ဒါဆိုယင်တော့ ဟား ဟား ဟား.... ခင်ဗျားရဲ့ အစွမ်းကို စောင့်ကြည့်ရမှာပေါ့လေ'

'တုံစွန်စန်း....ခင်ဗျား ကျွန်တော့်ရဲ့ အစွမ်းကို ကြည့်ချင်လို့ လား'

'ဖုကျန်းကျူး....ခင်ဗျားဟာ လူတော်တယောက် ဖြစ်တယ်။ ဒါပေမယ့် စိတ်ဓာတ်ကတော့ ပျော့ညံ့တယ်လို့ ထင်တယ်'

'ခင်ဗျားထင်တာ မှားသွားပါပြီ'

တုံစွန်စန်းက မျက်မှောင်ကြုတ်လိုက်ယင်း....

'မှားသွားပြီ ဟုတ်လား၊ ကျုပ် လူတယောက်ကို ခန့်မှန်း ယင် ဘယ်တော့မှ မလွဲဘူး'

ဖုကျန်းကျူးသည် အေးစက်စွာ ပြုံးလိုက်၏။

'ကျွန်တော့်ရဲ့ မိသားစုကို စွန်းဖူး သတ်ပြီးတဲ့နောက်ပိုင်းက

စပြီး ကျွန်တော်ဟာ ပျော့ညံ့တဲ့စိတ် မရှိတော့ပါဘူး၊ ကျွန်တော်ဟာ ပိုပြီး ရက်စက်တဲ့သူသာ ဖြစ်ချင်ဖြစ်နိုင်တယ်'

သို့သော် တုံ့စွန်စန်းကမူ ပြောလက်စ စကားကိုသာ ထပ်၍ ပြောလိုက်ပြန်သည်။

'ဒါပေမယ့် ခင်ဗျားက ဝူးရှိန်ကွေးအပေါ် ညှာလွန်းပါတယ်'

'တုံ့စွန်စန်း....ကျွန်တော် ထပ်ပြီး မေးပါရစေဦး၊ ခင်ဗျားနဲ့ ဝူးရှိန်ကွေးတို့ ဘယ်လို ရန်ငြိုးများ ရှိခဲ့ဖူးသလဲ'

'မရှိပါဘူး'

ဖုကျန်းကျူးသည် ရုတ်တရက် လက်ဖြင့် တုံ့စွန်စန်း၏ ဗယ်ဘက် ပခုံးကို လှမ်း၍ လျှပ်စစ်သံမဏိ ကဏန်းလက်မသိုင်းကွက်သုံးကာ ဖမ်းချုပ်လိုက်၏။

တုံ့စွန်စန်းမှာ လှုပ်ရှားခြင်း လုံးဝမပြုနိုင်တော့ပေ။ ထို့ကြောင့် တုံ့စွန်စန်းက ထိတ်လန့်တုန်လှုပ်စွာဖြင့်....

'ဖုကျန်းကျူး....ခင်ဗျား....ခင်ဗျား....'

ဖုကျန်းကျူးက ခက်ထန်စွာ မေးမြန်းလိုက်၏။

'တုံ့စွန်စန်း....ခင်ဗျားနဲ့ ဝူးရှိန်ကွေးတို့ ရန်ငြိုးရှိခဲ့တယ် ဆိုယင်တော့ ဝူးရှိန်ကွေးကို အတင်းအကျပ်မေးပြီး စွန်းဖူးကို ဖော်ထုတ်ဖို့က ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် အခု ခင်ဗျားနဲ့ ဝူးရှိန်ကွေး ရန်ငြိုးမရှိပဲ ဒီလိုလုပ်တာကိုတော့ ကျွန်တော် လုံးဝ နားမလည်ဘူး'



'ဖုကျန်းကျူး....ကျုပ် ခင်ဗျားကို ပြောပြီးပါပြီ။ စွန်ဖူးဟာ ကျုပ်ကို သတ်ပစ်မယ်လို့ ခြိမ်းခြောက်ခဲ့ဖူးတယ်။ ဒါကြောင့် သူ့ကိုကြောက်လို့ ဒီလို....'

'ဒီမှာ တုံ့စွန်စန်း....ကျွန်တော့်ကို ဒီလိုလာပြီး ညာလို့မရဘူး။ တကယ်လို့ စွန်ဖူးက ခင်ဗျားကို ပြောခဲ့တာ မှန်ယင် အစောကြီးကတည်းက ခင်ဗျားကို လာပြီး လုပ်ကြံပြီးသွားပြီ။ ပြောစမ်းပါဦး၊ ခင်ဗျား ဘာသဘောနဲ့ ကျွန်တော့်ကို ဝူးရှိန်ကွေးနဲ့ ထိပ်တိုက်တွေ့အောင် ရင်ဆိုင်ခိုင်းရတာလဲ'

တုံ့စွန်စန်းက ဖုကျန်းကျူးကို ခေါင်းငဲ့ကြည့်လိုက်ပြီး....

'ခင်ဗျား ထင်တာ မှားနေတယ်'

ဖုကျန်းကျူးက မဲ့ပြုံးတချက်ပြုံးလိုက်လေသည်။

'တုံ့စွန်စန်း....ကျွန်တော် တွေးထားတာ တခုရှိသေးတယ်။ စွန်းဖူးနဲ့ တိတ်တဆိတ် ဆက်သွယ်သူဟာ ခင်ဗျားပဲ ဖြစ်ရမယ်။ ဝူးရှိန်ကွေး လုံးဝမဖြစ်နိုင်ဘူး'

တုံ့စွန်စန်းက ခါးသည်းစွာ ရှုန်းကန်လိုက်ပြီး....

'ဒါ....ဒါကတော့ ကျုပ်ကို မတရားစွပ်စွဲတာပဲ'

ဖုကျန်းကျူးသည် တုံ့စွန်စန်း၏ပခုံးကို တင်းကျပ်စွာ တိုး၍ ဆုပ်ကိုင်လိုက်ပြီး....

'တုံ့စွန်စန်း....ခင်ဗျား ကျွန်တော့်ကို ထပ်ပြီး ညာမနေပါနဲ့တော့။ ဒီစာရွက်က စွန်းဖူး ဒီမှာလှာချတာကော ဟုတ်ရဲ့လား'

တုံ့စွန်စန်းသည် မျက်နှာကွက်ကနဲ ပျက်သွားကာ....

'ဟုတ်ပါတယ်၊ သူက စာမတတ်ဘူး။ ဒါကြောင့် ပုံဆွဲပြီး လာထားသွားတာပဲ'

ဖုကျန်းကျူးက မဲ့ပြုံးတချက် ထပ်မံပြုံးလိုက်ပြီး....

'သိုင်းလောကမှာ လူတယောက်ကို သတိပေးယင် ဒီလို မလုပ်တတ်ကြပါဘူး။ ပြီးတော့ အခုစာရွက်ကလဲ ခင်ဗျားရဲ့ ဆေးဆိုင်က စာရွက်ပဲ မဟုတ်လား'

တုံစွန်စန်းက ခေါင်းကို ယမ်းခါ၍....

'ဒီပုံကို ကျုပ်ရဲ့ ဆေးဆိုင်က စာရွက်ယူပြီး ဆွဲသလားမှ မသိတာ'

ဖုကျန်းကျူးသည် သဘောကျစွာ ရယ်မောလိုက်၏။

'တုံစွန်စန်း....ခင်ဗျားဆက်ပြီး ညာမနေပါနဲ့တော့။ ခင်ဗျား ပြောတဲ့စကားတိုင်းမှာ ဟာကွက်တွေ ပေါ်နေတယ်။ ကဲ.... စွန်းဖူးဘယ်မှာလဲ ပြောစမ်း'

တုံစွန်စန်းက ခေါင်းယမ်းခါ၍....

'ကျွန်တော် တကယ့်ကိုမသိပါဘူး၊

ဖုကျန်းကျူးသည် တုံစွန်စန်း၏ဖယ်ဘက်ပခုံးကိုအားအနည်း ငယ်စိုက်၍ ထပ်မံညှစ်လိုက်လေသည်။ တုံစွန်စန်း၏မျက်နှာသည် နာကျင်သဖြင့် ရှုံ့မဲ့၍နေသည်။ ချွေးသီး ချွေးပေါက်များပင် ကျ၍လာသည်။

'တုံစွန်စန်း....ခင်ဗျား နောက်ထပ် မသိဘူးလို့ပြောယင် ခင်ဗျားရဲ့ပခုံးရိုးတချောင်းလုံး ကြေမွသွားလိမ့်မယ်'

ထိုစဉ်မှာပင်....

'လွှတ်လိုက်စမ်း'



ရှတ်တရက် မိန်းကလေးတယောက်၏ အော်သံ ပေါ်ထွက် လာပြီး တဆက်တည်းမှာပင် မာကြောသော တုတ်ချောင်းက ဖုကျန်းကျူး၏ကျောပြင်ပေါ်သို့ ကျ၍လာသည်။

ဖုကျန်းကျူးသည် ရုတ်တရက်မို့ တုတ်ရိုက်ချက် ထိမိသွား သည်။ ထို့ကြောင့် တုံစွန်စန်းကို ဖမ်းထားသော ညာလက်ကို လွှတ်လိုက်ပြီး နောက်ဘက်သို့လှည့်ကြည့်လိုက်၏။

သစ်သားတုတ်ချောင်းကိုကိုင်၍ ရပ်ပြီး သူ့ကို ကြည့်နေသူ မှာ တုံရှီးကျူပင် ဖြစ်လေသည်။

တုံစွန်စန်းက စိုးရိမ်စွာဖြင့်....

'တုံရှီးကျူ....အရမ်းမလုပ်နဲ့'

တုံရှီးကျူသည် သူမဖခင်၏စကားကိုပင် လုံးဝ ဂရုမစိုက်ပဲ ဖုကျန်းကျူးကိုကြည့်၍ ပြောလိုက်လေသည်။

'ရှင်....ကျွန်မအဖေကို အန္တရာယ်ပေးယင်တော့ ရှင့်ကိုကျွန်မ အသေသတ်ပစ်မယ်'

ဖုကျန်းကျူးသည် ရုတ်တရက် ကြောင်၍သွားသည်။ တုံရှီး ကျူ၏ ရဲတင်းမှုကို သဘောကျသွားမိလေသည်။

'တုံရှီးကျူ....ခင်ဗျားရဲ့အဖေကို အန္တရာယ်ပေးဖို့ဆန္ဒ ကျွန် တော့်မှာ မရှိပါဘူး'

ဖုကျန်းကျူးက ငြင်သာစွာပြောလိုက်ခြင်းဖြစ်၏။ သို့သော် တုံရှီးကျူက မျက်နှာထားတင်းမာစွာဖြင့်....

'ရှင်....ကျွန်မအဖေကိုဖမ်းချုပ်ပြီးမေးနေတာကို ကျွန်မကိုယ် တိုင် မြင်နေရသားပဲ၊ ရှင်ဘာငြင်းချင်သေးသလဲ'

ဖုကျန်းကျူးက မသိမသာပြုံးလိုက်ပြီး....

'ဝမ်းနည်းပါတယ်၊ ကျွန်တော် ဆန္ဒစောပြီး လုပ်လိုက်မိတာပါ'

တုံ့ရှိးကျူက မကျေမနပ်ဟန်ဖြင့် ပြောလိုက်၏။

'ရှင်ဒီနေရာက မြန်မြန်ထွက်သွားပါ'

ဖုကျန်းကျူးသည် ဘာမှမပြောတော့ပဲ တုံ့ဆေးဆိုင်ထဲမှ ထွက်သွားလေတော့သည်။

တုံ့စွန်စန်း၏ မျက်လုံးအိမ်ထဲမှ မျက်ရည်များ စီးကျ၍နေသည်။ စိတ်လှုပ်ရှား၍ပင်လော၊ ရှက်သွား၍ပင်လော မပြောတတ်ချေ။

တုံ့ရှိးကျူသည် သူမဖခင်၏ ရင်ခွင်ထဲသို့ တိုးဝင်လိုက်လေသည်။ သူမ၏မိခင်မှာ ငယ်စဉ်ကတည်းကပင် ကွယ်လွန် ခဲ့ပြီဖြစ်သည်။

တုံ့ရှိးကျူက သူမ၏ဖခင်ကို ခပ်တိုးတိုးမေးလိုက်၏။

'ဖေဖေ....ဘာဖြစ်ကြတာလဲဟင်'

တုံ့စွန်စန်းက သူမ၏ဆံပင်များကို ပွတ်သပ်ပေးလိုက်ပြီး....

'ဘာမှမဟုတ်ပါဘူးကွယ်၊ ဖုကျန်းကျူးနဲ့ဖေဖေတို့ စွန်းဖူးအကြောင်းနဲ့ပတ်သက်ပြီး အငြင်းအခုန် ဖြစ်သွားတာပါ။ သည့်ပြင်ဘာမှ ထူးထူးခြားခြား မဖြစ်ပါဘူးကွယ်'

တုံ့ရှိးကျူသည် သူမဖခင်၏စကားကို မယုံကြည်ပါ။

'ဖေဖေသမီးကိုညာနေတာပါ၊ ဖုကျန်းကျူးက ဖေဖေ့ကို စွန်းဖူးဘယ်မှာလဲ မေးနေတာကို သမီး ကြားလိုက်ရပါတယ်၊ ဖေဖေ့အနေနဲ့ အဲဒီလူသတ်သမားရှိတဲ့ နေရာကို သိလို့လား....

တုံ့စွန်စန်းက မချိပြုံးပြုံး၍....



'ဖေဖေ တကယ်မသိပါဘူး'

တုံ့ရှိးကျူက သူမ၏ဦးခေါင်းလေးကို ယမ်းခါလိုက်ပြီး....

'ဖေဖေတကယ်သိလို့ရှိယင် ပြောပြလိုက်ဖို့ ကောင်းပါတယ်၊ မသိလို့ရှိယင်လဲ သူ့ကို ပွင့်ပွင့်လင်းလင်း ပြောပြလိုက်ပါလား၊ ဖုကျန်းကျူးရဲ့စိတ်ထဲမှာ နာကျည်းချက်တွေရှိနေတယ်၊ အခု.... သမီးလုပ်လိုက်တာ လွန်သွားသလားမသိဘူး'

တုံ့စွန်စန်းကလည်း စိုးရိမ်စွာဖြင့်....

'ဟုတ်တယ်....သမီးရိုက်လိုက်တော့ ဖေဖေလဲလန့်သွားတယ်၊ ဖုကျန်းကျူးကဒေါသထွက်ပြီး ဘာပြန်လုပ်မလဲလို့ စိုးရိမ်လိုက်ရတာ'

သို့သော် တုံ့ရှိးကျူက ဖခင်ပြောသည့် စကားကို မကြားသည့်အလား ပြန်ပြောလိုက်၏။

'ဖုကျန်းကျူးဟာ တကယ့်ကို ချီးမွမ်းဖို့ ကောင်းတဲ့ လူတယောက်ပဲနော်'

* * *

(၂)

ဖုကျန်းကျူးသည် တည်းခိုခန်းသို့ ပြန်လည်ရောက်ရှိ လာခဲ့ပြီးနောက် ခုတင်ပေါ်၌တက်၍ လှဲနေလိုက်သည်။

သူသည် ညစာပင် မစားရသေးသည်ကို သတိမရပါ။

ရှောင်ကျွတ်ဖေ့ သူ့ထံသို့ နှစ်ခါ သုံးခါမျှလာ၍ကြည့်သည်

ကို သူသိရှိထားသည်။ သို့သော် ဖုကျန်းကျူးက အိပ်ချင်ဟန် ဆောင်နေလိုက်သည်။

နောက်ဆုံး ရှောင်ကျွတ်ဖေ့ စိတ်မရှည်တော့ပဲ သူ့ကိုလှုပ်ခါ၍ နှိုးလိုက်လေသည်။

ဖုကျန်းကျူးက အိပ်ချင်မူးတူး အမူအရာဖြင့်ထ၍....

'ဘာလုပ်မလို့လဲ'

'ရှင်နဲ့ စကားပြောစရာရှိလို့'

'အား....ပြောလေ'

'စွမ်းလုံခိုမြို့ကလူတွေက ရှင့်အပေါ် ဘယ်လို သဘောထားတယ်လို့ ရှင်ထင်သလဲ'

'ကျွန်တော့်ကို အားလုံးက ကူချင်ကြပါတယ်၊ ဒါပေမယ့် ဘယ်သူမှ မကူညီနိုင်ကြဘူးမဟုတ်လား'

ရှောင်ကျွတ်ဖေ့က သူ့ကိုစိုက်ကြည့်လိုက်ပြီး....

'ရှင်ထင်သလို မဟုတ်တော့ဘူးရှင့်၊ အခုတမျိုးအဖုံ ပြောင်းလဲသွားပြန်ပြီ'

ဖုကျန်းကျူးက မသိဟန်ဆောင်၍....

'ဩော်....ဟုတ်လား'

ရှောင်ကျွတ်ဖေ့က သူမ သိခဲ့သမျှကိုပြောပြလိုက်လေသည်။

'စွမ်းလုံခိုမြို့သူ မြို့သားတွေဟာ ရှင့်ကိုကိုယ်ချင်းစာနာကြပါတယ်၊ ရှင်တွေ့ကြုံခဲ့ရတာကို သူတို့ကြုံတွေ့ခံစားရသလို လူသတ်သမားကို မုန်းတီးရွံရှာနေကြတယ်၊ ဒါပေမယ့် သူတို့က ရှင်ရှာနေတဲ့လူသတ်သမားဟာ စွမ်းလုံခိုမြို့ပေါ်မှာ ရှိတယ် ဆိုတာကိုတော့ မယုံကြဘူး'



'အင်း....ဆက်ပြောပါဦး'

'ဝူးရှိန်ကွေးကဒေါသထွက်ပြီးဟဲ့ချိကို တိုက်ခိုက်လာတာဟာ ရှင့်ကြောင့်ဖြစ်ရတာလို့ လူတွေက ပြောကြတယ်။ ရှင်ဟာ တခြားလူတွေကို အန္တရာယ်ပြုမှာ သူတို့က စိုးရိမ်နေကြတယ်'

ဖုကျန်းကျူးသည် မျက်မှောင်ကြုတ်လိုက်ပြီး ချက်ချင်းပင် မေးလိုက်သည်။

'ရှောင်ကျွတ်ဖေ့ ခင်ဗျားပြောတဲ့ သူတို့ဆိုတာ ဘယ်သူတွေလဲ'

ရှောင်ကျွတ်ဖေ့သည် စိတ်ပျက်ဟန်ဖြင့် ခေါင်းကိုကုတ်လိုက်လေသည်။

'သူတို့ဆိုတာ လူတွေအများကြီးပေါ့ရှင့်။ စွမ်းလုံခိုမြို့ပေါ်မှာရှိတဲ့ လူကြီးလူကောင်းတွေပေါ့။ အဲဒီအထဲမှာ စူးဝူးက ခေါင်းဆောင်ပဲ'

ဖုကျန်းကျူးက ဘာမှမဖြစ်သလိုဟန်ဖြင့် အေးစက်စွာရယ်မော၍ ထပ်မံမေးမြန်းလိုက်ပြန်သည်။

'သူတို့က ကျွန်တော့်ကိုဒီမြို့ကနေ နှင်ထုတ်ချင်ကြလို့လား'

ရှောင်ကျွတ်ဖေ့သည် တည်ငြိမ်စွာဖြင့်....

'သူတို့က ရက်အကန့်အသတ် ပေးထားပါတယ်။ နောက်တနေ့ညနေခင်းအထိ ရှင့်ကို လက်ခံမှာမဟုတ်ဘူး။ စားစရာလဲ ဘယ်ဆိုင်ကမှ ရောင်းမှာမဟုတ်တော့ဘူး'

ဖုကျန်းကျူးသည် ထိတ်လန့်သွားပေ၏။ သူ၏ အကြံအစည် အကောင်အထည်မဖော်နိုင်သေးခင် သူ့အနေနှင့် ဤမြို့မှ ထွက်ခွါ၍ မသွားနိုင်ပေ။

ထို့ကြောင့် သူက အဓိပ္ပာယ်ပါပါ ပြုံးလိုက်ယင်း....

'ရှောင်ကျွတ်ဖေ့ ခင်ဗျားကျွန်တော့်ကို ကူညီမယ်မဟုတ်လား'

'ကျွန်မ မဖြေတတ်ဘူး....'

'ဘာဖြစ်လို့လဲ....'

ရှောင်ကျွတ်ဖေ့က ဖုကျန်းကျူးကို စိုက်ကြည့်လိုက်ပြီးမှ ဖြေလိုက် လေသည်။

'သူတို့က ကျွန်မကိုပါ သတိပေးထားတယ်။ အခုအချိန်အထိ ရှင်နဲ့သွားလာလှုပ်ရှားနေလို့ရတယ်။ မနက်ဖြန်လည်း ရသေးတာပဲ။ ဒါပေမယ့် သဘက်ခါဆိုယင်တော့ ရှင်နဲ့သွားလာနေတာကို တွေ့ယင် ကျွန်မကိုပါ ဒီမြို့ကနေ နှင်ထုတ်ကြလိမ့်မယ်'

ရှောင်ကျွတ်ဖေ့သည် သက်ပြင်းတချက်ချလိုက်ပြီး....

'ဖုကျန်းကျူး စွန်းဖူးဒီမြို့မှာ ပုန်းအောင်းနေတယ်ဆိုတာ သေချာရဲ့လား....'

ဖုကျန်းကျူးက ခေါင်းညိတ်၍....

'သေချာပါတယ်....'

'ဒါဖြင့် သတ်မှတ်ထားတဲ့ရက်မတိုင်ခင် သူ့ကို တွေ့အောင် ရှင် ရှာနိုင်ပါ့မလား'

'ဒါတော့ အတိအကျမပြောနိုင်သေးဘူး'

ရှောင်ကျွတ်ဖေ့သည် သူ့ကိုအားမလိုအားမရဟန်ဖြင့်ကြည့်လိုက်ကာ....

'ဒါဆို ရှင်လုပ်စရာရှိတာတွေကို ဘယ်လိုဆက်လုပ်တော့မလဲ'

'ကိစ္စမရှိပါဘူး။ ဒီမြို့မှာမနေရလဲ တောစပ်မှာသွားနေမှာ



ပေါ့။ ကျွန်တော်အငတ်ခံပြီး စွန်ဖူးကို မတွေ့ တွေ့အောင်ရှာမယ်....'

'ဖုကျန်းကျူး ရှင့်အနေနဲ့ (၂) ရက် (၃) ရက်ထက် ပိုပြီး ခံနိုင်ရည်ရှိပါ့မလား....'

ဖုကျန်းကျူးက မဲ့ပြုံးပြုံးလိုက်ပြီး....

'တကယ်လို့များ ကျွန်တော် အငတ်မခံနိုင်ယင် သူတို့ကို တောင်းပန်ရမှာပေါ့။ သူတို့ဟာ လူသားတွေပဲ။ လူစိတ်တော့ ရှိပါလိမ့်မယ်'

'ဖုကျန်းကျူး ရှင်ထင်တာတွေမှားနေပြီ။ ဒီမြို့ပေါ်က လူကြီးလူကောင်းတွေဟာ အတွေ့အကြုံရှိသူတွေဖြစ်တယ်။ ဒါကြောင့် သူတို့ကို ရှင့်အနေနဲ့ တောင်းပန်လို့ရမယ်မထင်ဘူး'

'ရှောင်ကျွတ်ဖေ့ ငင်ဗျားက သိပ် စဉ်းစားနေတာကိုး။ အခြေအနေက ငင်ဗျားပြောသလောက် မဆိုးနိုင်ပါဘူး'

ရှောင်ကျွတ်ဖေ့က ဆတ်ကနဲ သူ့ကိုကြည့်လိုက်ပြီး လေးတွဲ့စွာဖြင့် ပြောလိုက်လေသည်။

'ကျွန်မဟာ ငယ်ငယ်ကတည်းက ဒုက္ခအမျိုးမျိုးခံခဲ့ရသူပါ။ ဒါကြောင့်မို့လို့။ ဘာကိုပဲ စဉ်းစား စဉ်းစား အဆိုးဆုံးကစပြီး စဉ်းစားခဲ့ပါတယ်။ တကယ်လို့များ အဲဒီအချိန်ကို ရောက်ခဲ့လို့ရှိယင် အကြမ်းနည်းနဲ့ ရှင်ရင်ဆိုင်မှ ဖြစ်လိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီလူဟာ ရှင့်အပေါ်မှာ လုံးဝ ကြင်နာမှုရှိမှာမဟုတ်လို့ပဲ။ ပြီးတော့ ရှင့်ရဲ့ လက်တုံ့ပြန်ဖို့ အခွင့်အရေးကိုလည်း သူတို့က မသိကျိုးကျွန်လုပ်မှာ သေချာတယ် သူတို့က လူသတ်

သမားကို အကာအကွယ်ပေးသလို ဖြစ်နေတယ်။ ဒီတော့ ရှင် သည်းခံနိုင်ပါ့မလား'

ဖုကျန်းကျူးသည် သူမကို အံ့သြစွာဖြင့် စိုက်ကြည့်မိ၏။ သူမသည် ဖြစ်လာနိုင်သည့် ကိစ္စများကို ကြိုတင်၍ ပြောဆိုနိုင်သောကြောင့် ဖြစ်လေသည်။

'ဖုကျန်းကျူး ရှင် ဘယ်လိုမှ သည်းခံနိုင်မှာ မဟုတ်ဘူး။ အဲဒီအခါကျယင် ရှင်ဟာ ဒုတိယစွန်းဖူးဖြစ်သွားလိမ့်မယ်။ ဒါ့ထက်ဆိုးတာက ရှင်ဟာ စွန်းဖူးထက်ပိုပြီး လူထုရဲ့မုန်းတီးခြင်းကို ခံရလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ရှင့်ရဲ့ မကောင်းမှုတွေကို သူတို့ကိုယ်တိုင်ကြုံတွေ့လိုက်ကြရလို့ပါပဲ။ ခက်ပါတယ် ဖုကျန်းကျူးရယ်။ ကျွန်မရှင့်အတွက် ဘယ်လိုလုပ်ပေးရမလဲဆိုတာ မသိတော့ပါဘူးရှင်'

ဖုကျန်းကျူးသည် စိတ်လှုပ်ရှားနေသော်လည်း တည်ငြိမ်လွန်းလှပေသည်။

ယခုတလော သူသည် သူ၏ စိတ်ဓာတ်ကိုလေ့ကျင့်ထားပြီး ဖြစ်လေသည်။ သူ၏ ဒေါသမီးတောင်မှာ စွန်းဖူးနှင့် တွေ့မှသာ ပေါက်ကွဲမည်ဖြစ်သည်။

ဖုကျန်းကျူးက....

ရှောင်ကျွတ်ဖေ့ ထပ်မပြောနဲ့တော့....'

ဖုကျန်းကျူးသည် သူ၏ စကားအဆုံး၌ ရှောင်ကျွတ်ဖေ့၏ လက်ကိုဆွဲယူလိုက်သည်။ သူ၏ လက်ချောင်းများသည် တုန်ယင်နေသည်ကို သူမက သတိထားလိုက်မိလေသည်။

ဖုကျန်းကျူးသည် တစုံတခုကို သတိရဟန်ဖြင့် ပြောလိုက်၏။



'ခင်ဗျားပြောသလိုဖြစ်မလာပါစေနဲ့လို့ ဆုတောင်းရမှာပဲ။ ဩော်....ဒါနဲ့ လမ်းမကြီးအရှေ့ဖျားမှာ စင်တခုဆောက်နေတာကို တွေ့ရတယ်။ အဲဒါ ဘာလုပ်ဖို့လဲ ရှောင်ကျွတ်ဖေ့....'

'ဩော်....အဲဒါက ဒီမြို့ရဲ့ထုံးစံတခုပဲ။ နတ်ပူဇော်ပွဲလုပ်ကြမလို့ပေါ့။ အဲဒီမှာ သုံးရက်ဆက်တိုက် ပွဲကလိမ့်မယ်'

'ဟာ....ဒါဆို ဒီသုံးရက်အတွင်းမှာ ကျွန်တော့်ကိစ္စနဲ့ ပတ်သက်ပြီး သတိထားကြမှာ မဟုတ်ဘူး'

ရှောင်ကျွတ်ဖေ့က ခေါင်းကို ယမ်းခါလိုက်ပြီး....

'ရှင်ပြောတာနဲ့ တခြားစီပဲ။ နတ်ပူဇော်ပွဲက ဒီနေ့ညစမှာ မဟုတ်ဖူးရှင့်....။ ဒီမြို့ကလူတွေက အဲဒီပွဲကို ရှင်ဖျက်ဆီးပစ်လိုက်မှာတောင် စိုးရိမ်နေကြတယ်။ ဒါကြောင့် ရှင်ထွက်မသွားခင် ဒီကိစ္စကို ကြိုတင်လုပ်ထားတာဖြစ်တယ်။ ဖုကျန်းကျူး အဲဒီအချိန်ကျယင် ရှင်သည်းခံနိုင်မှာ မဟုတ်ဘူးရှင့်'

ဖုကျန်းကျူး အနေဖြင့် စွမ်းလုံခို မြို့သူမြို့သားများကို အထင်မလွဲချင်ပေ။ လက်တုံ့ပြန်မည့်သူကို စိတ်ဓာတ်ကျအောင် လုပ်လိမ့်မည် မဟုတ်ဟု ယူဆမိသည်။

ရှောင်ကျွတ်ဖေ့ ပြောစကား အားလုံးမှာ အမှန်ချည်းပင် ဖြစ်လေသည်။

ထိုစဉ် အခန်းတံခါးခေါက်သံ ရုတ်တရက် ပေါ်ထွက်လာလေသည်။

'ဒေါက်....ဒေါက်....ဒေါက်....'

'ရှောင်ကျွတ်ဖေ့.... အပြင်ကို ခဏလောက် ထွက်ခဲ့ပါ'

ဆိုင်လုလင်လေး၏ အသံမှန်းသိ၍ ရှောင်ကျွတ်ဖေ့ ခုတင်

ပေါ်မှ ဆင်းလိုက်၏။ သူမသည် အပြင်သို့ ရောက်သည်နှင့် တံခါးကို ပြန်ပိတ်လိုက်သည်။ ဖုကျန်းကျူး မသိစေချင်သော ကိစ္စပင် ဖြစ်ပေလိမ့်မည်။

မကြာခင်မှာပင်....

ရှောင်ကျွတ်ဖေ့ ပြန်လည် ရောက်ရှိလာပြီး ဖုကျန်းကျူးကို လေသံတိုးတိုးဖြင့် ပြောလိုက်၏။

'ဖုကျန်းကျူး.... ဆရာကြီး ကျူးပိုင်လျန်းက ရှင်နဲ့ စကားပြောချင်လို့တဲ့။ သူက စင်းရှန်တန်း ကယ်ဆယ်ရေးအဖွဲ့ အုပ်ချုပ်ရေးမှူးတယောက်လဲ ဖြစ်တယ်။ ဒီမြို့ရဲ့ ဂုဏ်သိက္ခာရှိတဲ့ လူတယောက်ပါပဲ။ ဒီတော့ ရှင့်အနေနဲ့ သူ့ကို ရိုရိုသေသေ ပြောရမယ်'

* * *

(၃)

မကြာမီ ကျူးပိုင်လျန်း ရောက်ရှိလာ၏။

ကျူးပိုင်လျန်းသည် အသက် ၇၀ နီးနီးရှိပြီး ဆံပင်နှင့် မုတ်ဆိတ်မွေးများပင် ဆွတ်ဆွတ်ဖြူ၍ နေပေပြီ။ သူသည် ဥပဓိရုပ် ကောင်းသဖြင့် လွန်စွာ ကြည်ညိုဖွယ် ကောင်းပေသည်။

ကျူးပိုင်လျန်းကို ကြည့်၍ စိတ်သဘောထား မွန်မြတ်ပြီး မတရားမှု ပြုလုပ်မည့်သူ မဟုတ်နိုင်ဟု ဖုကျန်းကျူးက ယူဆလိုက်မိလေသည်။



'ကျုပ်နာမည်က ကျူးပိုင်လျန်းပါ။ စင်းရှန်တန်း ကယ်ဆယ်ရေးအဖွဲ့ရဲ့ အုပ်ချုပ်ရေးမှူး ဖြစ်ပါတယ်'

အခန်းထဲသို့ ရောက်ရှိလာသည်နှင့် အဘိုးအိုက သူ့ကိုယ်သူ စတင်မိတ်ဆက်လိုက်၏။ ဖုကျန်းကျူးက အရိုအသေပေးလိုက်ပြီးနောက် ကျူးပိုင်လျန်းကို လက်ဟန်ပြ၍ ထိုင်ခိုင်းလိုက်၏။

ထို့နောက် သူသည် တံခါးကို ပိတ်လိုက်လေသည်။

ကျူးပိုင်လျန်းက စတင်၍ ပြောသည်။

'လူကလေး....မင်းရဲ့ကိစ္စကို ကျုပ်ကြားပြီးပါပြီ။ အခု ရက်ပိုင်းအတွင်းမှာ ဒီမြို့က လူတွေဟာ စိတ်လှုပ်ရှားနေကြတယ်။ အဲဒီလို စိတ်လှုပ်ရှားနေတဲ့ လူတွေထဲမှာ ကျုပ်က အဆိုးဆုံးပဲ'

ဖုကျန်းကျူးက အေးဆေးစွာဖြင့် ပြန်ပြောလိုက်သည်။

'အဘိုး ကျူးပိုင်လျန်းရဲ့ စကားအစီပွာယ်က ဘယ်လိုများပါလိမ့်'

ကျူးပိုင်လျန်းက နှစ်လိုဖွယ် ပြုံးလိုက်ပြီး....

'ဒီမြို့က လူတွေဟာ လေသံဖမ်းပြီး တရားနာနေကြတာပဲ။ ဒါပေမယ့် ကျုပ်ကတော့ ပွင့်ပွင့်လင်းလင်းပဲ ပြောချင်ပါတယ်။ မင်းလိုက်ရှာနေတဲ့လူဟာ တို့မြို့မှာ အမှန်ပဲ ရှိပါတယ်'

'ဩော်....'

ကျူးပိုင်လျန်းက သူ့ကို အကဲခတ်ဟန်ဖြင့် မျက်တောင်ပင့်၍ ကြည့်လိုက်ယင်း....

'ဟုတ်ပါတယ်၊ အခုအချိန်မှာ သူဟာ လူဆိုးတယောက် မဟုတ်တော့ပါဘူး၊ လူကောင်းတယောက် ဖြစ်နေပါပြီ'

ဖုကျန်းကျူးက ကောက်ခါငင်ကာ မေးလိုက်သည်။

'အဘိုးကျူးပိုင်လျှန်းက အဲဒီလူကို တွေ့ဖူးလို့လား'

'တွေ့တော့ မတွေ့ဖူးပါဘူး။ ဒါပေမယ့် ကျုပ်ဟာ မြတင်းပေါက် တံခါးကနေပြီး တညလုံး သူနဲ့ စကားပြောဖူးပါတယ်'

'ဘယ်တုန်းကများပါလိမ့် အဘိုး'

ကျူးပိုင်လျှန်းက ခဏမျှ စဉ်းစားနေပြီးမှ....

'အင်း....၁၀ နှစ်လောက်တော့ ရှိပါပြီ'

ဖုကျန်းကျူးက ခေါင်းကို ခါယမ်းလိုက်ယင်း....

'အဘိုးကျူးပိုင်လျှန်း စကားပြောဖူးတာ ကြာပြီပဲ။ အဘိုးအနေနဲ့ အဲဒီလူ ဒီမြို့မှာရှိနေတယ်ဆိုတာ တိတိကျကျ ပြောနိုင်ပါသလား ခင်ဗျာ'

ကျူးပိုင်လျှန်း မျက်မှောင်ကြုတ်လျက်....

'လူလေး....ကျုပ်ပြောတာ နားထောင်စမ်းပါဦး၊ ဟောဒီစွမ်းလုံချိုမြို့ဟာ ဟိုတုန်းက အခုလို မစည်ကားသေးပါဘူး။ ရောဂါဖြစ်ယင်တောင် ကုဖို့ ငွေမရှိဘူး။ သေယင်လဲ သင်္ဂြိုဟ်ဖို့ ငွေမရှိဘူး။ လူတွေဟာ တော်တော်လေး ဒုက္ခရောက်နေကြရတယ်။ ဒါနဲ့ ကျုပ်လဲ မကြည့်ရက်တာနဲ့ ကယ်ဆယ်ရေးအဖွဲ့ကို တည်ထောင်ခဲ့တယ်။ ဒါပေမယ့် အလှူငွေက သိပ်နည်းပြီး ထောက်ပံ့ရမယ့်လူကများနေတော့ ကျုပ်လဲ စိတ်ညစ်လာတယ်။ အဲ....တညမှာ မင်းရှာနေတဲ့လူဟာ ကျုပ်ဆီ ရောက်လာတယ်'

ကျူးပိုင်လျှန်းသည် ထိုကိစ္စကို စိတ်ဝင်စားစွာ ပြောဆိုခြင်း ဖြစ်သလို ဖုကျန်းကျူးကလည်း စိတ်ပါဝင်စားစွာ နားထောင်နေပေသည်။



'အဲဒီလူဟာ မြတင်းပေါက် အပြင်ဘက်ကနေပြီး စကားပြောတယ်။ သူဟာ တချိန်က သူလုပ်ကိုင်ခဲ့တဲ့ မကောင်းမှုတွေကို တခုစီ ပြောပြပါတယ်။ သူက ကျုပ်ကို အဖေလို သဘောထားပြီး အားကိုးတကြီး ပြောပြတာပါ။ ပြောစကတော့ အဲဒီလူဟာ တည်တည်ငြိမ်ငြိမ်ပါပဲ။ ဒါပေမယ့် တဖြည်းဖြည်းနဲ့ သူ့ရဲ့အသံဟာ တုန်လာပြီး မျက်ရည်တွေ ကျလာခဲ့တယ်'

ဖုကျန်းကျူးက ကြားဖြတ်၍ မေးလိုက်၏။

'အဘိုးကျူးပိုင်လျှန်း.... အဲဒီလူဟာ ကျွန်တော်ရှာနေတဲ့လူဆိုတာ ဘာကြောင့် ပြောနိုင်ရတာလဲ'

'အင်း....မင်းရှာနေတဲ့လူဟာ အဲဒီလူပဲ ဖြစ်နိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူပြောခဲ့တဲ့ ရက်စက်မှုတခုဟာ မင်းခံစားခဲ့ရတဲ့ အတိုင်း ဖြစ်နေလို့ပါပဲ'

'ဒီတော့ အဲဒီလူဟာ နောင်တရပြီး စိတ်ပြောင်းသွားနိုင်ပါမလား'

ကျူးပိုင်လျှန်းက လက်ကာ၍ ရှင်းပြလိုက်သည်။

'လူကလေး....လောကကြီးမှာ ဘယ်သူမဆိုမွေးလာကတည်းက လူဆိုးတွေ မဟုတ်ပါဘူး။ တချို့က စိတ်ပြောင်းသွားပြီး အမှားကို ကျူးလွန်မိတတ်ကြတယ်။ အဲ....နောက်မှ နောင်တရလာလိမ့်မယ်။ စောစောက ကျုပ်ပြောတဲ့လူဟာ အခုအချိန်မှာ နောင်တ ကောင်းကောင်း ရနေပြီလို့ ကျုပ်အနေနဲ့ တိတိကျကျ ပြောနိုင်ပါတယ်။ သူ့မှာ ငွေတွေ အများကြီးရှိတယ်။ တခြား မြို့ကြီးတွေမှာ အေးအေးဆေးဆေး သွားနေနိုင်ပါ

တယ်။ ဒါပေမယ့် အဲဒီလူဟာ စွမ်းလုံးချိုမြို့မှာပဲ သူ့အားသူ ကိုးပြီး နေထိုင်ခဲ့တယ်'

ဖုကျွန်းကျူးက မယုံကြည်နိုင်စွာ အော်၍ပြောလိုက်၏။

'ကျွန်တော်မယုံဘူး'

ကျူးပိုင်လျန်းက အေးဆေးသောလေသံဖြင့်....

'လူကလေး....မင်းကကျုပ်ရဲ့စကားကို မယုံလို့လား။ ဒါမှမဟုတ် အဲဒီလူနောင်တရသွားပြီဆိုတာကို မယုံတာလား'

ဖုကျွန်းကျူးက ခေါင်းယမ်းပြလိုက်ပြီး....

'သူ့အနေနဲ့ နောင်တရလိမ့်မယ်လို့ ကျွန်တော်မထင်ဘူး....'

ကျူးပိုင်လျန်းက ဖြည်းညင်းစွာ ပြုံးလိုက်လေသည်။

'လူကလေး....တကယ်လို့များ ကျုပ်က အထောက်အထား ပြနိုင်ခဲ့ယင်ကော....'

'အထောက်အထား ဟုတ်လား'

'ဟုတ်ပါတယ်၊ အဲဒီအချိန်တုန်းက ကျုပ်တို့မြို့မှာ ရေဘေးကြောင့် လူတွေဟာ အိုးမဲ့အိမ်မဲ့ ဖြစ်နေကြတယ်၊ ဒါနဲ့ သူက ငွေဒင်္ဂါးနှစ်ထောင်တိတိ ကျုပ်တို့အဖွဲ့ကို အလှူငွေ ထည့်ခဲ့ပါတယ်၊ နောက်ပိုင်း သူဟာ ကျုပ်တို့အဖွဲ့ကို အမြဲတန်း အလှူငွေ ထည့်ဝင်ခဲ့ပါတယ်၊ သူထည့်ဝင်ခဲ့တဲ့အလှူငွေဟာ စုစုပေါင်း ငွေဒင်္ဂါးတသောင်းလောက်ရှိပါပြီ'

ဖုကျွန်းကျူးက မဲ့ပြုံးတချက်ပြုံး၍....

'ဩော်....ဒီလူကငွေနဲ့ပေါက်ပြီး သူ့ရဲ့အပြစ်ကို ဖုံးကွယ်နေတာနဲ့ အတူတူပါပဲ'



'လူကလေး....စိတ်ကိုငြိမ်အောင်ထားပါ၊ အဲဒီလူနဲ့ ပြတင်းပေါက်က စကားပြောတာနှစ်ကြိမ်၊ သုံးကြိမ်လောက် ရှိပါပြီ၊ ကျုပ်ကသူ့ကို မင်းအခုလို ကုသိုလ်ကောင်းမှုတွေ လုပ်တာဟာ မင်းရဲ့အပြစ်တွေကိုပပျောက်အောင်လုပ်နေတာလား လို့ တောင်မေးခဲ့သေးတယ်၊ သူက ကျုပ်မထင်တဲ့အဖြေကို ပေးခဲ့တယ်....'

'ဘယ်လို အဖြေမျိုးလဲ'

ကျူးပိုင်လျန်းက အေးဆေးသိမ်မွေ့စွာပြုံးလျက်....

'သူ့ရဲ့မိုက်ပြစ်တွေ အားလုံးဟာ သူသေ သွားတာတောင် ပပျောက်သွားနိုင်မှာ မဟုတ်ပါဘူးတဲ့၊ ဒီလို လုပ်ရတာကလဲ ဒုက္ခရောက်နေတဲ့သူတွေကို ကယ်ဖို့ပဲ ဖြစ်ပါတယ်လို့ ပြောသွားတယ်၊ ဘယ်သူမဆို လူတဘက်သားအပေါ် စာနာစိတ် ပေါ်ပေါက်ခဲ့လို့ရှိယင် စိတ်ထဲမှာအလိုလို ပျော်ရွှင်နေတယ်၊ ဒီလို လုပ်ရပ်မျိုးဟာ ဖော်ပြလို့မရတဲ့ ခံစားမှုတမျိုးဖြစ်ပါတယ် လူကလေး....'

ကျူးပိုင်လျန်းကိုယ်တိုင်ပင် မျက်ရည်များ ရစ်ဝဲ၍လာပေသည်။

'ဒါနဲ့ ကျုပ်လဲ သူ့စကားကိုကြားတာနဲ့ စိတ်ထဲမှာ ထိခိုက်ကြေကွဲလာတယ်။ သူ့အနေနဲ့ အချိန်နှောင်းသွားပြီဖြစ်ပေမယ့် သေကာနီးအထိ လုံးဝ နောင်တမရတာထက် စာလို့ရှိယင် အများကြီး တော်ပါသေးတယ်'

ဖုကျွန်းကျူးက....

'အဘိုးကျူးပိုင်လျန်းက အဲဒီလူရဲ့ကိုယ်စား တောင်းပန်နေတာလား'

ကျူးပိုင်လျှန်းက ခေါင်းခါယမ်းလိုက်ပြီး....

'ကျုပ်က ဒီအတွက် မင်းဆီကို လာပြောတာ မဟုတ်ပါဘူး။ မင်းက မင်းရဲ့ မိဘတွေအတွက် လက်တုံ့ပြန်ဖို့ ကိစ္စကို ကျုပ်က ဖျက်ပစ်စရာအကြောင်းမရှိပါဘူး'

ဖုကျန်းကျူးသည် စိတ်လှုပ်ရှားနေရာမှ တဖြည်းဖြည်း တည်ငြိမ်၍လာသည်။

'ဒါဆို အဘိုးကျူးပိုင်လျှန်းအနေနဲ့ ဒီကိစ္စနဲ့ ပတ်သက်ပြီး သက်သက်လာပြောတာပဲလား'

ကျူးပိုင်လျှန်းက သိမ်မွေ့စွာပြုံး၍....

'ဒီလိုပါ ဖုကျန်းကျူး၊ ကျုပ်ဒီလိုပြောပြလိုက်လို့ လူကလေးအနေနဲ့ အချက်နှစ်ချက်ကို နားလည်နိုင်မယ်လို့ မျှော်လင့်ပါတယ်။ ပထမအချက်ကတော့ သူဟာ ဝူးရှိန်ကွေးဆီမှာ အတင်းအကျပ် ငွေသွားတောင်းတာ မဟုတ်ပါဘူး။ ဝူးရှိန်ကွေးရဲ့ ခြေတချောင်းကို ဖြတ်တာလဲ သူမဟုတ်ပါဘူး။ ဒုတိယ အချက်ကတော့ သူဟာ တကယ့်ကိုပဲ နောင်တရပြီး ကောင်းကောင်းမွန်မွန် နေထိုင်ပါတယ်။ ဘယ်သူ့ကိုမှလဲ အန္တရာယ် မပြုတော့ပါဘူး'

ဖုကျန်းကျူးသည် အေးစက်စွာပြုံးလိုက်ပြီး....

'အဘိုးကျူးပိုင်လျှန်း၊ ကျေးဇူးပြုပြီး ဆက်မပြောပါနဲ့တော့ ခင်ဗျာ'

ကျူးပိုင်လျှန်းက အေးဆေးစွာဖြင့်ပင် ဆက်၍ ပြောပြလိုက်၏။



'လူကလေး ဖုကျန်းကျူး၊ ရန်ကို ရန်ချင်း မတုံ့နှင်းချင်ပါနဲ့။ လက်တုံ့ပြန်တယ်ဆိုတဲ့ကိစ္စဟာ ပိုပြီးဆိုးပါတယ်။ ဒါပေမယ့် ကျုပ်က မင်းကို လက်တုံ့ပြန်ဖို့ အခွင့်အရေးကို စွန့်လွှတ်လိုက်ပါလို့ ပြောတာ မဟုတ်ဘူးနော်။ အဲဒီလူဟာ လူကောင်းဖြစ်သွားပြီမို့ သူ့ကို လူ့ဘဝမှာ နှစ် အနည်းငယ်လောက် ထပ်ပြီးနေခွင့်ရအောင် ကျုပ် ပြောနေရတာပါ'

ကျူးပိုင်လျှန်းသည် စကားကို မည်သို့ပင် လှည့်ပတ်ပြောဆိုစေကာမူ နောက်ဆုံးတွင် ဤအကြောင်းသို့ ပြန်ရောက်လာလေသည်။

ဖုကျန်းကျူးက ခေါင်းခါယမ်းလိုက်ကာ....

'မဖြစ်နိုင်ဘူး၊ လုံးဝကို မဖြစ်နိုင်ဘူး'

ကျူးပိုင်လျှန်းက သူ့ကိုကြည့်လိုက်ပြီးလျှင်....

'လူကလေး ဖုကျန်းကျူး၊ မင်း ဒီလိုလုပ်တာဟာ သူ့ရဲ့ လုပ်ပုံနဲ့ တူမနေဘူးလား'

ဖုကျန်းကျူးသည် စိတ်ဆိုးသွားလေသည်။ ထို့ကြောင့် လေသံမာမာဖြင့်....

အဘိုး ကျူးပိုင်လျှန်းကို ကျွန်တော် လေးစားပါတယ်။ ဒါပေမယ့် အဘိုးရဲ့သဘောထားဟာ မှုမမှန်ဘူး။ ဘာကြောင့်လဲဆိုတော့ စောစောကလူဟာ ငွေနဲ့ ကုသိုလ်ကောင်းမှုတွေ လုပ်ခဲ့လို့ အဘိုးက အဲဒီလူဘက်ကနေပြီး ကာကွယ်ပေးနေတယ်။ ဒါဟာ ကုသိုလ်ကောင်းမှုလုပ်တာ မဟုတ်ဘူး။ အပြစ်ကိုဖုံးကွယ်နေတာပဲ ဖြစ်တယ်။ ဒါကြောင့် အဘိုးကျူးပိုင်လျှန်းအနေနဲ့ ကျွန်တော့်ကို တားဆီးမနေပါနဲ့တော့။ ကျွန်တော်ကတော့

အဲဒီလူကို လက်တုံ့ပြန်ရမှ ဖြစ်မယ်။ ကျွန်တော့်မှာပြောစရာ စကားကုန်ပြီမို့ အဘိုးအနေနဲ့ ဒီနေရာက ထွက်သွားပါတော့ ခင်ဗျာ'

ကျူးပိုင်လျန်းက ဣန္ဒြေမပျက်ပဲ....

'လူကလေး ဖုကျန်းကျူး၊ အခုအချိန်မှာ မင်းရဲ့စိတ်တွေ သိပ်လှုပ်ရှားနေပုံရတယ်။ မင်းရဲ့စိတ် တည်ငြိမ်သွားတဲ့အခါကျ ယင် အဘိုးပြောခဲ့တာ မှန်မမှန် စဉ်းစားလာမိပါလိမ့်မယ်'

ဖုကျန်းကျူးက အေးစက်စွာပင် ပြောလိုက်သည်။

'အဘိုးကျူးပိုင်လျန်း၊ ကျွန်တော့်မိသားစု ရက်ရက် စက်စက် အသတ်ခံရပြီးကတည်းက ကျွန်တော့်ရဲ့ စိတ်တွေဟာ လှုပ်ရှားနေတယ်။ စွန်းဖူးကို ရှာလို့မတွေ့မချင်း ကျွန်တော့်ရဲ့ စိတ် တည်ငြိမ်မှာ မဟုတ်ဘူး'

ကျူးပိုင်လျန်းက သွေးတိုးစမ်းသောသဘောဖြင့်....

'တကယ်လို့ စွန်းဖူးကို ရှာလို့တွေ့ခဲ့ယင်ကော....'

'ခုတင်ကပဲ ကျွန်တော်ပြောပြီးပါပြီ။ သွေးကြွေးကို သွေးနဲ့ ပြန်ဆပ်ရပါလိမ့်မယ်'

'ဒါဖြင့် မင်းက သူ့ကို သတ်မယ်ပေါ့ဟုတ်လား'

ဖုကျန်းကျူးက အေးစက်စွာပြုံးလိုက်ပြီး....

'သူ့ထက်ပိုပြီးတော့ ရက်စက်နိုင်မှ တန်ကာကျလိမ့်မယ် ထင်တယ်'

ကျူးပိုင်လျန်းက သူ့ကိုကြည့်၍....

'ဒီလိုလုပ်ရမှပဲ မင်းရဲ့စိတ်တွေ တည်ငြိမ်သွားမှာပေါ့ ဟုတ် လား....'



'ဟုတ်ပါတယ်'

'မင်းမှားနေပြီ ဖုကျန်းကျူး၊ မင်းရဲ့စိတ် တည်ငြိမ်သွား မယ် ဆိုတာဟာ ခဏလေးပဲ ဖြစ်မှာပါ။ မကြာခင်မှာပဲ မင်းလဲ နောင်တရလာမှာ သေချာတယ်။ မင်းရဲ့အကြံအစည်ဟာ စွန်းဖူး အယင်က လုပ်ခဲ့တဲ့အတိုင်းပဲ။ ဒါပေမယ့် မတူတာကတော့ မင်းက သူ့ကိုပြန်ပြီး လက်တုံ့ပြန်တာပဲ ကွာတယ်'

'အဘိုး ကျူးပိုင်လျန်းဟာ အသက်ကြီးပါပြီ၊ ဒါကြောင့် အမောခံပြီး ကျွန်တော့်ကို နားဝင်အောင်မကြိုးစားပါနဲ့တော့၊ အဘိုးကို ကျွန်တော် အထူးပဲ ကျေးဇူးတင်ပါတယ်။ အဘိုး ကျူးပိုင်လျန်းကို ကျွန်တော် အိမ်အထိ လိုက်ပို့ပေးပါမယ်'

ကျူးပိုင်လျန်းသည် သူ၏ စကားများ သဲထဲရေသွန်သလို လုံးဝအဖတ်မတင်လိုက်မှန်း သိရှိသွားလေသည်။ ထို့ကြောင့် စိတ်ပျက်စွာဖြင့်....

'အင်း....ဒါဆိုယင် မင်းဟာ အကြင်နာတရား ကင်းမဲ့တဲ့ လူတယောက် ဖြစ်မနေဘူးလား ဖုကျန်းကျူး'

ဖုကျန်းကျူးက မဲ့ပြုံးတချက်ပြုံးလိုက်ယင်း....

'အဘိုးကျူးပိုင်လျန်း၊ ကျွန်တော့်ရဲ့ နှလုံးသားဟာ သွေး သားနဲ့ တည်ဆောက်ထားတာပါ။ ဒါကြောင့်မို့ ဒီလိုပြုမူနေ ရတာပဲ'

ကျူးပိုင်လျန်းသည် သူ၏ ဦးခေါင်းကို ဖြည်းညင်းစွာ ခါ ယမ်းလိုက်ပြီးနောက်....

'ဖုကျန်းကျူး....ကျုပ် အခုပြောနေတာဟာ အဲဒီ စွန်းဖူးကို ကယ်တင်ဖို့ မဟုတ်ဘူး။ မင်းကို ကယ်တင်ချင်လို့ပဲ။ ခုထက်ထိ မင်း နားမလည်သေးဘူးလား'

'နားမလည်သေးပါဘူးလို့ ဆိုချင် ဆိုနိုင်ပါတယ်'

'စွန်းဖူးဟာ တရက်မှ စိတ်ချမ်းသာမှုမရခဲ့ပါဘူး။ တကယ်လို့များ မင်းက သူ့ကို သတ်ပစ်ခဲ့လို့ရှိယင် အေးချမ်းတဲ့နေရာကို ရောက်နိုင်တယ်လို့ပဲ သူ့အနေနဲ့ ထင်မှာပဲ။ ဒါပေမယ့် မင်း သေသွားတဲ့အထိ ဒီကိစ္စကြီးဟာ မင်းရဲ့ နှလုံးသားထဲမှာ စွဲမြဲနေလိမ့်မယ်'

ဖုကျန်းကျူးက လုံးဝ အလျှော့မပေးပဲ....

'ကိစ္စမရှိပါဘူး။ အဲဒီလိုအဖြစ်မျိုးကိုပဲ ခံယူပါ့မယ်'

ကျူးပိုင်လျန်းသည် စိတ်ဓာတ်ကျဆင်းသွားလေသည်။ သူ မည်မျှကြိုးစား၍ပြောဆိုသော်လည်း ဖုကျန်းကျူးက လက်ခံမည် မဟုတ်ကြောင်း နားလည်လိုက်၏။ ဖုကျန်းကျူး၏ မုန်းတီးမှုသည် အထွတ်အထိပ်သို့ရောက်ရှိနေပြီကို သူ သိလိုက်ရသည်။

သူ့အနေဖြင့် ပို၍စိတ်ဆင်းရဲရုံ အာပေါက်ရုံသာ အဖတ်တင်မည်ကို သိလိုက်လေသည်။

ထို့ကြောင့် ကျူးပိုင်လျန်းက ထိုင်ရာမှ ထလိုက်ပြီး....

'လူကလေး ဖုကျန်းကျူး၊ ကျုပ် ပြန်လိုက်ပါဦးမယ်။ ဒါပေမယ့် ညဥ့်နက်တဲ့အထိ နဖူးပေါ် လက်တင်ပြီး သေသေချာချာ ထပ်စဥ်းစားပါဦး'

ဖုကျန်းကျူးက ပြတ်သားတိုတောင်းစွာဖြင့်....

'လုံးဝမဖြစ်နိုင်တော့ပါဘူး'



ကျူးပိုင်လျန်းသည် သက်ပြင်းရှည်ကြီးတချက် ချလိုက်ပြီး အခန်းအပြင်ဘက်ဘို့ ထွက်ခွာသွားလေတော့သည်။

ထိုစဥ်မှာပင် ဖုကျန်းကျူးသည် ကျူးပိုင်လျန်း ရှေ့သို့ ဖြတ်ကနဲ ရောက်ရှိသွားပြီး ပြောလိုက်၏။

'အဘိုး ကျူးပိုင်လျန်း၊ ကျွန်တော် တခုပြောချင်ပါတယ်'

ကျူးပိုင်လျန်းက ခေါင်းတချက်ညိတ်၍....

'ပြောပါ လူကလေး'

ဖုကျန်းကျူးက စိတ်အားထက်သန်စွာဖြင့်....

'အဘိုးကျူးပိုင်လျန်း၊ ကျွန်တော့်ကို စွန်းဖူး ဘယ်နေရာမှာ ပုန်းနေတယ်ဆိုတာကို ပြောပြပါ။ သူ့ရဲ့ပုံပန်းသဏ္ဌာန် ဘယ်လိုရှိတယ်ဆိုတာကိုပါ သိပါရစေ'

ကျူးပိုင်လျန်းက ခေါင်းယမ်းပြလိုက်ပြီး....

'ဒါတော့ ကျုပ်လဲ မသိပါဘူး'

ဖုကျန်းကျူးက စိတ်မလျှော့သေးပဲ....

'တကယ်လို့ ကျွန်တော်နဲ့ စွန်ဖူးရဲ့ ပြဿနာငြိမ်းအေးသွားလို့ရှိယင် စွမ်းလုံခိုမြို့ကလေးဟာ ပြန်ပြီး အေးချမ်းသာယာလာမှာ သေချာပါတယ်။ ဒါကြောင့် အဘိုးကျူးပိုင်လျန်း အနေနဲ့ ဖုံးကွယ်မထားပါနဲ့'

'ကျုပ် တကယ့်ကိုမသိတာပါ။ သိလို့ရှိယင်လဲ မင်းကို ကျုပ် ပြောပြမှာမဟုတ်ဘူး'

ဖုကျန်းကျူးက အံ့အားသင့်စွာဖြင့်....

'ဘာဖြစ်လို့လဲ ခင်ဗျာ'

'မင်းအနေနဲ့ အမှားတခု ကျူးလွန်မိမှာ စိုးရိမ်လို့ပဲ'

ဖုကျန်းကျူးက မဲ့ပြုံး ပြုံးလိုက်ပြီး....

'စွန်းဖူးသာ ဒီစွမ်းလုံခိုမြို့မှာရှိတာ သေချာယင် ကျွန်တော် မတွေ့ တွေ့အောင် ရှာနိုင်မှာပါ'

ကျူးပိုင်လျန်းက စိတ်မချမ်းမြေ့စွာ ပြောလိုက်သည်။

'တကယ်လို့များ မင်းသာ စွန်းဖူးကို တွေ့ခဲ့လို့ရှိယင် မင်း စိတ်မသာဖြစ်မှာ သေချာတယ်'

ဖုကျန်းကျူးသည် ကျူးပိုင်လျန်း၏ ပြောစကားကို လုံးဝ နားမဝင်ပါ။ ထို့ပြင် လုံးဝလည်း စိတ်ဝင်စားခြင်းမရှိ။

ထိုစဉ် အခန်းတံခါးဝ၌ ရှောင်ကျွတ်ဖေ့ ပေါ်လာသည်။ သူမသည် မတုန်မလှုပ်ရပ်နေသော ဖုကျန်းကျူးကို ကြည့်၍ စိတ်ထဲ၌ မဝေခွဲနိုင်အောင်ဖြစ်နေမိလေသည်။

ဖုကျန်းကျူး၏ အကြံအစည်များသည် အမှန်ပင်လုပ်ဆောင်နိုင်ပါမည်လော။ ကျူးပိုင်လျန်း၏ ရှင်းလင်းပြောပြချက်များက အမှန်ပင်ဖြစ်နေပါသလား။

သူမ စဉ်းစားဆုံးဖြတ်၍ မရနိုင်တော့ပေ။

အပိုင်း [ ခြောက် ]